# တိုးထက်

## လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရနယ်

လူဝင်စား၊ ထူးခြားအာရုံ

သေရွာပြန်၊ သေခြင်းတရား၏ လျှို့ဝှက်ချက် နှင့်

ကမ္ဘာတစ်ဝှမ်းမှ ဂမ္ဘီရဖြစ်ရပ်ဆန်းများ

ကိုင်ရို၏ ဘဝတစ်ကွေ့မှတ်တမ်း

လူ့အကျိုးဆောင် အက်ဂါကေးဆီ

ဘဝရှေ့ရေး ကြိုမြင်သူ သမ္မတလင်ကွန်း

နပိုလီယံ၏ ရတနာသိုက်ရှာပုံတော်

အာဂါသာခရစ္စတီး ပျောက်ဆုံးမှု

ဆာအာသာကိုနင်ဒွိုင်းနှင့် နာမ်လောက

ဝိညာဉ်ရုပ်သွင်မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ

တိုးထက် • လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရနယ်

www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

# တိုးထက်

## လျှို့ဝှက်ဆန်းကြယ် ဂမ္ဘီရနယ်

ဒုတိယအကြိမ်

design Antt Bwere (Stars)

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တိုးထက်

# လျှို့ဝှက်ဆန်းကြယ် ဂန္ဓရနယ်

## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်ပုံနှိပ်ခြင်း**
(၂၀၀၂ ခုနှစ်၊ မတ်လ၊ အုပ်ရေ ၁၀၀၀)
ရန်အောင်စာပေ

**ဒုတိယအကြိမ်ပုံနှိပ်ခြင်း**
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀)
ရန်အောင်စာပေ

■

**စာမူခွင့်ပြုချက်အမှတ်**
[၁၀၉၁ / ၂၀၀၄ (၁၁)]
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
(၄၀၀၁၃၅၀၅၀၂)
**မျက်နှာဖုံးဒီဇိုင်း**
အံ့ဘွယ်ဇင်

■

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးတင်မောင်ဝင်း (မြ-၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ၊
၃၄၃ / ၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

■

**စာအုပ်ချုပ်** - ကိုမြင့်

■

**(တန်ဖိုး - ၇၀၀ ကျပ်)**

## မာတိကာ

### လူဝင်စား

၁။ အတိတ်ဘဝကို မှတ်မိသောသူ(သို့မဟုတ်) လူဝင်စား ၈
၂။ ဘဝသစ်ပြောင်းသော်လည်း ဘဝဟောင်းကို မမေ့နိုင်သူ ၁၆
၃။ ဘဝသစ်ပြောင်းသော်လည်း ဘဝဟောင်းက အဖြစ်ကို မမေ့နိုင် ၂၀
၄။ ဘဝစက်ဝန်းချာချာလည် ၂၄

### ထူးခြားအာရုံ

၁။ E.S.P ခေါ် ထူးခြားအာရုံအကြောင်း ၃၁
၂။ ကိုင်ရို၏ဘဝတစ်ကွေ့မှတ်တမ်းများ ၄၉
၃။ လူ့အကျိုးဆောင် အက်ဂါကေဆီ ၅၅
၄။ ထူးထူးခြားခြား အရေပြား၏အမြင်အာရုံ ၆၂
၅။ ဘဝရှေ့ရေးကိုကြိုသိနေခဲ့သူ သမ္မတ အေဘရာဟင်လင်ကွန်း ၇၀

၆။ အံ့မခန်းနိမိတ်ပြအိပ်မက်များ ၇၈
၇။ မနောအာရုံကြောင့် မိခင်အသက်ကိုကယ်နိုင်ခဲ့သူ ၈၂
၈။ အကြားအမြင်အာရုံရှင် ကောလိပ်ကျောင်းသူ ၈၅

## သေရွာပြန်

၁။ သေအံ့မူးမူ့ ဓာပြန်ချိန်၌ကြုံတွေ့ရသော
ကိုယ်တွေ့ဖြစ်ရပ်များ ၉၁
၂။ သေခြင်းတရားနှင့်တမလွန်ဘဝ၏
လျှို့ဝှက်ဆန်းကြယ်မှု ၉၆
၃။ သေခြင်းတရား၏လျှို့ဝှက်ချက်(၁) ၁၀၂
၄။ သေခြင်းတရား၏လျှို့ဝှက်ချက်(၂) ၁၁၅
၅။ သေခြင်းတရား၏လျှို့ဝှက်ချက်(၃) ၁၂၅
၆။ တမလွန်ဘဝမှအပြန်–၁ ၁၃၂
၇။ တမလွန်ဘဝမှအပြန်–၂ ၁၃၇
၈။ အမှတ်ထင်ထင် မင်္ဂလာဆောင် ၁၄၀

## ဖြစ်ရပ်ဆန်းကြယ်

၁။ လွမ်းတေးမဆုံးပြီ ရွှေဒေဝီ ၁၄၄
၂။ နှင်းတောင်တန်းများပေါ်မှ ပဟေဠိဆန်လွန်းသူ ၁၅၅
၃။ ဝိညာဉ်ရုပ်သွင်မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ ၁၆၆
၄။ နပိုလီယံ၏ရတနာသိုက်ရှာပုံတော် ၁၈၀
၅။ အာကါသာခရစ္စတီး ပျောက်ဆုံးမှုကြီး ၁၉၅
၆။ ဆာအာသာကိုနင်ဒွိုင်းနှင့်နာမ်လောက ၂၀၅





...မ်လောကနှင့် မှော်ပညာကို လေ့လာသူ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း

ဆာအာသာကိုနင်ဒွိုင်းနှင့် နာမ်လောကတွင် ဖတ်ပါ။



'Sherlock Holmes'

○ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်း၏ဖန်တီးရှင်

ကမ္ဘာကျော်စုံထောက်ကြီးရှားလော့ဟုမ်း



ဘဝရှေ့ရေးကို ကြိုသိနေခဲ့သူ သမ္မတအေဘရာဟင်လင်ကွန်း



ထူးထူးခြားခြားအရေပြား၏အမြင်အာရုံကိုစမ်းသပ်ခံစဉ်

ဝ ကမ္ဘာကျော် လက္ခဏာဆရာကြီးကိုင်ရို





ကိုင်ရို၏ဇနီး မစ်(စ်)ကာရိုးလွမ်ဘတ်



နာမည်ကျော်ရှေ့နေကြီး
ဆာအက်ဒွတ်မာရှယ်ဟောလ်

ကိုင်ရို၏ ဘဝတစ်ကွေ့မှတ်တမ်းများကိုဖတ်ပါ။



တောထဲသို့ ပြေးဝင်သွားသော 'နှင်းလူ' အား ရုပ်ရှင်ကင်မရာဖြင့် အမိအရရိုက်ကူးထားစဉ်



နှင်းလူခြေရာကြီးများ



၀ သတ္တဗေဒပညာရှင်တစ်ဦးနှင့် နှင်းလူခြေရာရုပ်ကြွင်း



၀ မစ်ဖလောရင့်ကွတ်နှင့် ကက်တိုင်းကင်းတစ္ဆေမ



၀ ဝီလျံခရူးကက်စ်မှ ဝိညာဉ်ကက်တိုင်းကင်းကို ဤသို့ စူးစမ်းလေ့လာခဲ့သည



၀ ဤတိုက်အိမ်ကြီး၌ ၁၈၇၄–ခုနှစ်က မစ်ဖလောရင့်ကွတ်မှ
မစ်ကက်တိုင်းကင်း၏ဝိညာဉ်ကို သိသာထင်ရှားစွာ ခေါ်ယူပြခဲ့သည်။



၀ အီဗားစီ၏ ဝိညာဉ်ခေါ်ဟန်



၀ ရပ်ဓာတ်စီး တန်ခိုးရှင်များတွင် စံချိန်တင်သူ မစ္စတာဒီဒီဟုမ်း



၀ ရေမွန်လောဂျ်၏ မူရင်းပုံ



၀ ရေမွန်လောဂျ်၏ ဝိညာဉ်



၀ ကွတ်၏ကက်တိုင်းကင်း တစ္ဆေဝိညာဉ်ခေါ်ပွဲ ကျင်းပနေပုံ



Private Seance by Miss Florence Cook,
OF LONDON.
Admit Mr. Banks
3 Waverley Rd
Preston
to private Séance on Monday April 17-99
at 7-45 o'clock p.m. prompt,
to be held at Mr. Heale's
43 Cannes St. New Hall Lane*
*Note the No. make No Inquiries
This Ticket not transferable

၀ မစ်ဖလောရင့်ကွတ်၏ ဝိညာဉ်ခေါ်ပွဲသို့ ဖိတ်ကြားစာ



၀ သိပ္ပံပညာရှင် ဝီလျံခရူးကက်စ် ဓူးစမ်းလေ့လာခဲ့သော ကက်တိုင်းကင်း တစ္ဆေမသည် နှစ်ပေါင်း ၁၀၀ ပြည့်သည့် ၁၉၇၄–ခုနှစ်တွင် အီတလီနိုင်ငံ၌ ပြန်လည်ပေါ်ခဲ့သည်ဆို၏။




၀ ဝိညာဉ်ခေါ်ပွဲ ပိုစတာတစ်ခု




၀ ရွှေဒေဝီ နေရာပြမြေပုံ




၀ ရွှေဒေဝီကို သရုပ်ဖော်ထားဟန်

# လူဝင်စား



## အတိတ်ဘဝကို မှတ်မိသောသူ
## (သို့မဟုတ်)
## လူဝင်စား

လူသတ္တဝါသည် အမိဝမ်းတွင်း၌ ပဋိသန္ဓေမတည်မီက အခြားတစ်နေရာရာ၌ အတိတ်ဘဝရှိခဲ့ဖူးသည်ဟူသော အယူမှာ လူအများလက်ခံယုံကြည်သောအယူဖြစ်၏။ ဤအယူမှန်ကြောင်းကို ယခုကာလ သိပ္ပံပညာနည်းဖြင့် ရှင်းလင်းပြတ်သားစွာပြရန် ခဲယဉ်းသော်လည်း ၎င်းကိုထောက်ခံသော ယုတ္တိသာဓကများမှာ မနည်းလှချေ။ ထိုယုတ္တိသာဓကများအနက် လူသိများသောအချက်တစ်ရပ်မှာ မိမိတို့၏ အတိတ်ဘဝကို ပြန်လည်မှတ်မိသောသူ အချို့ရှိသည်ဆိုသည့်အချက်ဖြစ်ပေသည်။

အချို့သောသူတို့သည် တစ်စုံတစ်ခုကို တွေ့မြင်ရသော အခါ သို့မဟုတ် အခြေအနေတစ်ခုခုကိုတွေ့ကြုံရသောအခါ ရှေးအခါက အလားတူအရာမျိုး သို့မဟုတ် အခြေအနေမျိုးကို တွေ့ကြုံခဲ့ဖူးပြီးဖြစ်သလိုလို ထင်မြင်မိကြ၏။ အဘယ်ကြောင့် ထိုသို့ထင်မြင်ကြောင်းကို မိမိတို့ရှင်းမပြနိုင်ကြချေ။ မြန်မာပြည်၌ ထိုသို့စိတ်၌ဖြစ်ပေါ်ခဲ့ဖူးသောသူများ မည်မျှရှိသည်ကို မသိရစေကာမူ အနောက်နိုင်ငံများ၌မူ ထိုကဲ့သို့သောသူများ အတော်များသည်ဟုသိရ၏။ ပြင်သစ်တို့ကမူ ထိုသို့ဖြစ်ပေါ်လာသောစိတ်ကို (Deja vu) ဟုအမည်ပေး၍ ပြင်သစ်အဘိဓမ္မာဆရာကြီး 'ဟင်နရီဗတ်ဂဆင်'သည် သူ၏စိတ်ပညာစာအုပ်၌ ထိုစိတ်အကြောင်းကို အကျယ်ဖော်ပြထားလေသည်။

အတိတ်ဘဝကို ယုံကြည်သောသူတို့အဖို့ အထက်ပါစိတ်မျိုးဖြစ်ပေါ်လာခြင်းသည် ဘာမျှထူးဆန်းမည်မဟုတ်ချေ။ အတိတ်ဘဝကိုပယ်သောသူများအဖို့မူ ထိုအခြင်းအရာသည် အံ့သြစရာဖြစ်၏။ ၎င်းတို့အဖို့ ထိုထက်ပို၍ အံ့သြစရာကောင်းသောအချက်မှာကား အတိတ်ဘဝကို အချို့လူများ ကောင်းစွာပြန်၍မှတ်မိခြင်းပင်ဖြစ်၏။

မြန်မာပြည်၌ အတိတ်ဘဝကိုပြန်လည်၍ မှတ်မိသောသူများအကြောင်းကို ရှေးကမကြာမကြာ ကြားသိရ၏။ သို့ရာတွင် မြန်မာတို့သည် နဂိုက အတိတ်ဘဝကို ယုံကြည်ပြီးဖြစ်သောကြောင့်ပေလားမသိ၊ ထိုထိုသော 'လူဝင်စား'များ၏ အကြောင်းခြင်းရာကို ဂရုတစိုက် သေချာကျနစွာလေ့လာစုံစမ်းခြင်းမပြုခဲ့ကြချေ။ ထိုသို့ဖြစ်၍ မြန်မာ'လူဝင်စား'တစ်ဦး၏ စကားမှာ မည်မျှမှန်ကန်သည်၊ ထိုသို့မှန်ကန်ကြောင်း ခိုင်မာသောယုတ္တိအထောက်အထား မည်မျှရှိသည်ဟုပြောဆိုရန် ခဲယဉ်းလှချေသည်။ အချို့သော အခြားနိုင်ငံများ၌မူ 'လူဝင်စား'များ၏ အကြောင်းခြင်းရာ

ကို အထူးဂရုပြု၍ လေ့လာမှတ်သားထားကြသောကြောင့် အတိတ်ဘဝရှိသည်ဟူသော အယူအတွက် ထိုအကြောင်းခြင်းရာများကို အကိုးအကားပြုနိုင်လေသည်။

အိန္ဒိယပြည်မှ ထင်ရှားသော သာဓကတစ်ခုမှာ အသက် (၁၁)နှစ်အရွယ်ရှိ 'သျှန်တီဒေဝီ'ဆိုသော သူငယ်မအကြောင်း ဖြစ်၏။ သျှန်တီဒေဝီသည် အသက် ၄–နှစ်အရွယ်၌ အတိတ်ဘဝက မဒရပ်မြို့ရှိ နတ်(သ)ချောဗီဆိုသူ၏ ဇနီးဖြစ်ခဲ့ကြောင်း ပြန်လည်မှတ်မိ၏။ အသက် ၁၁–နှစ်၌ သူက မိမိသည် လွန်ခဲ့သော ၁၂–နှစ်လောက် ဒုတိယအကြိမ်ကလေးမွေးပြီး သေဆုံးခဲ့ပါသည်ဟုပြော၏။ စာအုပ်ထုတ်ဝေသူ တစ်ဦး၊ ကျောင်းဆရာတစ်ဦးနှင့် ရှေ့နေတစ်ဦးသည် မဒရပ်မြို့သို့သွား၍ သေချာစွာ စုံစမ်းရာ သျှန်တီဒေဝီ၏ စကားများ မှန်ကန်ကြောင်းတွေ့ရလေ သည်။ သူသည် သူ၏ အတိတ်ဘဝက သူနှင့်ပတ်သက်သော သူများ၏ အမည်နှင့်နေရပ်များကို မှန်ကန်စွာပြောပြနိုင်၏။ ဘဝဟောင်းမှ လင်ယောကျ်ားဖြစ်သည်ဆိုသောသူ၏အိမ်သို့ တစ်ကြိမ်မှ မရောက်ဖူးသော်လည်း အိမ်၏ပုံသဏ္ဍာန်နှင့် အိမ်၏အတွင်း မည်သည့်နေရာ၌ မည်သည့်ပစ္စည်းရှိသည်ကို သေချာစွာပြောပြနိုင်၏။ မဒရပ်မြို့မှ ခင်ပွန်းဟောင်းအား ရှေ့က သူတို့နှစ်ဦး အတူနေထိုင်ခဲ့ရပုံများကို အသေးစိတ်ပြောပြရ သူ၏စကားများမှာ တိကျမှန်ကန်လှသဖြင့် ခင်ပွန်းဟောင်းမှ မျက်ရည်မဆည်နိုင်ဘဲ ကွယ်လွန်သူဇနီးကို သတိရလွမ်းဆွ မိတော့၏။





အိန္ဒိယပြည်၌မွေး၍ သေဆုံးပြီး သျှန်တီဒေဝီကဲ့သို့ အိန္ဒိယပြည်၌ လူပြန်မဖြစ်ဘဲ အခြားနိုင်ငံတစ်ခုသို့ ဘဝကူးပြောင်းသွားသော မိန်းမငယ်တစ်ဦးလည်းရှိ၏။ ထိုမိန်းမငယ်မှာ ဆွစ်ဇာလန်ပြည်မှဖြစ်၏။ ဂျီနီဗာတက္ကသိုလ်မှ စိတ်ပညာ ပါမောက္ခ ဖလော်န္နိုင်းသည် ထိုဆွစ်(စ)သူငယ်မအကြောင်းကို မှတ်တမ်းတင်ထား၏။ ထိုသူငယ်မသည် ၁၅–ရာစုအတွင်းက အိန္ဒိယပြည်ရှိ ကနာရနိုင်ငံ၌ နေထိုင်ခဲ့ဖူးသည်ဆို၏။ သူသည် ဂျီနီဗာမြို့နယ်မှတစ်ပါး အခြားမည်သည့်အရပ်ဒေသသို့မှ မသွားရောက်ဖူးသည့်အပြင် သူ၏ကျောင်းနေပညာမှာ ဘာမှမပြောပလောက်သော်လည်း ဟိန္ဒီစကားကို ရေလည်စွာပြောတတ်၍ ကနာရနိုင်ငံအကြောင်းကို အသေးစိတ်စုံလင်စွာပြောပြနိုင်၏။ အိန္ဒိယပြည်မှ ပညာရှင်တစ်ဦးက သူငယ်မပြောပြသောနိုင်ငံရေးနှင့် သမိုင်းဆိုင်ရာအချက်အလက်များမှာ အားလုံးမှန်ကန်ပါသည်ဟု ထောက်ခံ၏။ ထိုအချက်များမှာ သက္ကတဘာသာဖြင့်ရေးသားထား၍ လူသိနည်းသော အိန္ဒိယသမိုင်းကျမ်းတစ်စောင်၌သာ ပါရှိသော အချက်များဖြစ်ရကား ၎င်းတို့ကို သူငယ်မကလေးက သိရှိခြင်းမှာ များစွာအံ့သြစရာကောင်းပါပေသည်။

ဆွစ်ဇာလန်ကဲ့သို့သော အနောက်နိုင်ငံများမှ 'လူဝင်စား' များ၏ အကြောင်းခြင်းရာများမှာ အိန္ဒိယပြည်, မြန်မာပြည်ကဲ့သို့ သော အာရှတိုင်းပြည်များမှ လူဝင်စား သာဓကများထက် ပိုမို စိတ်ဝင်စားစရာကောင်း၏။ အဘယ့်ကြောင့်ဆိုသော် အနောက် နိုင်ငံသားများမှာ အများအားဖြင့် 'အတိတ်ဘဝကို မယုံကြည်

သောသူများဖြစ်ရကား ယုတ္တိအထောက်အထား မခိုင်မာ, မပြည့်စုံသော ‘လူဝင်စား’အကြောင်းခြင်းရာများကို လုံးဝစဉ်းစားကြမည်မဟုတ်ချေ။ သို့ဖြစ်၍ အတိတ်ဘဝ တကယ် ရှိ,မရှိ သိလိုပါက ဥရောပတိုက်မှ လူဝင်စားများအကြောင်းကို ဂရုတစိုက်လေ့လာဖို့လိုလေသည်။

ဥရောပတိုက်၌ လူသိများသော လူဝင်စားတစ်ဦးမှာ အီတလီပြည်မှ နာမည်ကျော်ပညာရှင်တစ်ဦး၏ သမီးကလေး အလီဇန္ဒရီးနားဆိုသူဖြစ်၏။ အလီဇန္ဒရီးနားသည် ၁၉၁၀–ခုနှစ် မတ်လ ၁၅–ရက်နေ့က အသက် ၅–နှစ်အရွယ်၌ သေဆုံး၏။ မိခင်ဖြစ်သူမှာ တစ်ဦးတည်းသောသမီးကလေးသေဆုံးသဖြင့် များစွာယူကျုံးမရဖြစ်ရရှာလေသည်။ သူသည် နောက်ထပ်သားသမီးရလိမ့်မည်ဟု မမျှော်လင့်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ရှေးအခါက ကိုယ်ဝန်ပျက်ပြီး ခွဲစိတ်ကုသခဲ့ရဖူး၍ ဆရာဝန်များက နောင်ဘယ်အခါမှ ကိုယ်ဝန်မရနိုင်တော့ပြီဟု သူ့အား ပြောထားပြီးဖြစ်လေသည်။

သို့ရာတွင် အလီဇန္ဒရီးနား သေဆုံးပြီးနောက် ၃–ရက်ကြာသောအခါ သူ၏မိခင်သည် အိပ်မက်မြင်မက်၏။ အိပ်မက်ထဲ၌ သူက သူ့အမေအား သူမကြာမီပြန်လာမည်ဟုပြော၏။ သူ့မိခင်သည်ကား ဘဝသံသရာကိုမယုံကြည်သည့်အပြင် ဆရာဝန်များ၏ စကားကြောင့် အိပ်မက်ကို များစွာသံသယဖြစ်မိ၏။ သို့ဖြစ်စေကာမူ အလားတူအိပ်မက်ကိုပင် ထပ်ကာထပ်ကာမြင်မက်၍ ဧပြီလ ၁၀–ရက်နေ့၌ နောက်တစ်ကြိမ်ကိုယ်ဝန်ရှိကြောင်း သိရ





လေသည်။ ထိုနောက်၌မူ ကွယ်လွန်သူသမီးကလေးသည် အိပ်မက်ထဲ၌ သူ့အမေအား ကလေးနှစ်ယောက်ရလိမ့်မည်ဟုပြော၏။ သူပြောသည့်အတိုင်းပင် အချိန်စေ့ရောက်သောအခါ သူ့အမေသည် သမီးကလေး ၂–ယောက် အမြွှာမွေးဖွားတော့၏။

ကလေး ၂–ယောက်အနက် တစ်ယောက်မှာ ကွယ်လွန်သော အလီဇန္ဒရီးနားနှင့် မတူသော်လည်း အခြားတစ်ယောက်မှာ ထိုအလီဇန္ဒရီးနားနှင့်ခွဲ၍မရအောင် ချွတ်စွပ်တူလှ၏။ သို့ဖြစ်၍ သူ့မိဘများက သူ့ကို ဒုတိယအလီဟုခေါ်ကြ၏။ ဒုတိယအလီသည် ပထမအလီကဲ့သို့ပင် ဘယ်သန်သူဖြစ်ပြီး ရုပ်သွင်ပြင် စကားပြောပုံမှစ၍ စိတ်ဓာတ်စရိုက်တူ၏။

သူအသက် ၁၀–နှစ်ရှိသောအခါ တစ်နေ့တွင် သူတို့မိသားစုသည် မွန်ထရေမြို့သို့အလည်အပတ်သွားရန် ပြင်ဆင်ကြစဉ် သူ၏မိခင်က “သမီးတို့တော့ မွန်ထရေမြို့ကို အရင်က တစ်ခါမှမရောက်ဖူးသေးဘူး၊ ဒါကြောင့် ဟိုရောက်ရင် ရှေးက မမြင်ဖူးတာတွေ အများကြီး မြင်ကြရမှာပဲ”ဟုဆို၏။ ထိုအခါ ဒုတိယ အလီက “မေမေကလဲ သမီး မွန်ထရေမြို့ကို ရောက်ဖူးသားပဲ၊ ဟိုမှာ ဘုရားရှိခိုးကျောင်းကြီးတစ်ခုရှိတယ်လေ၊ ဘုရားရှိခိုး ကျောင်းရဲ့ အမိုးပေါ်မှာလဲ လူရုပ်ကြီးတစ်ခုရှိတယ် မဟုတ်လား၊ ပြီးတော့ သမီးတို့သွားတုန်းက မျက်နှာပေါ်မှာ အဖူးအပိန့်တွေ ရှိတဲ့ မိန်းမကြီးတစ်ယောက် ပါတယ်မဟုတ်လား၊ မွန်ထရေမြို့မှာ အကျီနီဝတ်ထားတဲ့ ဘုန်းကြီးအချို့ကို သမီးတို့တွေ့ခဲ့တာ ကိုလဲမေမေမှတ်မိမှာပေါ့”ဟု ပြောလေသည်။

ထိုအခါကျမှ သူ၏မိခင်သည် ပထမသမီးဦးကလေး မသေဆုံးမီ လအနည်းငယ်လောက်က သူတို့မိသားစုသည် မွန်ထရေမြို့သို့ တကယ်ပင်အလည်အပတ်သွားရောက်ခဲ့ကြကြောင်း၊ ထိုအခါက နဖူးတွင် အဖူးအပိန့်များရှိသော မိန်းမတစ်ယောက် သူတို့နှင့်အတူ လိုက်ပါသွားကြောင်း၊ မွန်ထရေမြို့ရှိ ဘုရားရှိခိုးကျောင်းထဲသို့ သူတို့မဝင်မီ အပေါက်ဝတွင် အနီရောင်ကိုယ်ရုံ အင်္ကျီဝတ်ထားသော ဂရိဘုန်းကြီးအချို့ကို တွေ့ကြရကြောင်း၊ ဘုရားရှိခိုးကျောင်းပေါ်၌ ကျောက်ရုပ်ကြီးတစ်ခုရှိကြောင်း၊ ထိုအချက်များသည် ပထမသမီးကလေး၏ စိတ်၌ စွဲကျန်ရစ်ခဲ့ကြောင်းများကို ပြန်လည်သတိရတော့၏။

ထိုအခါက အလီဇန္ဒရီးနား၏ဘဝဖြစ်စဉ်နှင့် ပတ်သက်သော နာမည်ကျော်ပုဂ္ဂိုလ်များနှင့် အရာရှိကြီးများက သူ၏အမေပြောသည့်အတိုင်း မိမိတို့ကြုံတွေ့ခဲ့ရပါသည်။ သူ့အမေပြောသော စကားများ အားလုံးမှန်ကန်ပါသည်ဟု လေးနက်စွာ သက်သေထွက်ဆိုကြလေသည်။

ဤသို့အတိတ်ဘဝကို ပြန်လည်မှတ်မိသောသူတို့မှာ ကမ္ဘာပေါ်၌ ဦးရေမများလှချေ။ သို့ရာတွင် အတိတ်ဘဝကို မမှတ်မိသောကြောင့် အတိတ်ဘဝမရှိ၊ အတိတ်ဘဝကို မယုံကြည်နိုင်ဟုဆိုလျှင် မှားပေလိမ့်မည်။ အတိတ်ဘဝကို လုံးဝမမှတ်မိခြင်းမှာ စင်စစ် ဘာမှအံ့ဩစရာမရှိချေ။ သာမန်လူများအဖို့ မှတ်ဉာဏ်သည် ဦးနှောက်ပေါ်၌တည်၏။ ဘဝဟောင်းမှ ဦးနှောက်နှင့် ရုပ်တရားအားဖြင့် ဘာမှအဆက်အသွယ်မရှိသော ဦးနှောက်သည်





အသို့လျှင် လူတို့အား အတိတ်ဘဝကို ပြန်လည်မှတ်မိအောင် ပြုလုပ်ပေးနိုင်ပါအံ့နည်း။ အမှန်ဆိုသော် ကျွန်ုပ်တို့သည် အတိတ်ဘဝကိုမဆိုထားဘိ၊ ကလေးဘဝကအဖြစ်အပျက် အတွေ့အကြုံများကိုပင် ကောင်းစွာမမှတ်မိကြတော့ချေ။

အတိတ်ဘဝကို လုံးလုံးမေ့နေခြင်းသည် စိတ်ဓာတ်မရင့်ကျက်သေးသော လူသတ္တဝါများအဖို့ တစ်နည်းအားဖြင့် ကောင်းသည်ဟုဆိုရပေမည်။ အကြောင်းကိုဆိုသော် ဤလူ့ဘုံသည် ဒုက္ခဘုံကြီးဖြစ်၏။ သုခထက် ဒုက္ခကိုပို၍ လူများတွေ့ကြုံကြရ၏။ ယခုဘဝ၌ပင် စိတ်မချမ်းသာစရာ အတွေ့အကြုံများကို မေ့ဖျောက်ရန် ကျွန်ုပ်တို့ အတော်ကြိုးစားကြရ၏။ ဘဝသံသရာတစ်လျှောက်လုံး၌ ကြုံတွေ့ခဲ့ရသော စိတ်မချမ်းသာစရာများကို ပြန်လည်သတိရနေကြဦးမည်ဆိုပါက ပုထုဇဉ်သတ္တဝါများမှာ နူရာဝဲစွဲ, သာ၍စိတ်ဆင်းရဲကြရတော့မည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ အတိတ်ဘဝကို ပြန်လည်မှတ်မိသော 'လူဝင်စား'များမှာ လူသေလျှင် ဘဝပြတ်တောက်သည်ဟု အယူရှိသော ရုပ်ဝါဒသမားများအဖို့ အထူးစဉ်းစားစရာများ ဖြစ်ပေသတည်း။

1. Reincarnation by De Witt Miller.
2. The Search for by Bridey Murphy.

❈

# ဘဝသစ်ပြောင်းသော်လည်း ဘဝဟောင်းကို မမေ့နိုင်သူ

ဥရောပနိုင်ငံများအပါအဝင် အနောက်နိုင်ငံများ၌ "လူဝင်စား"နှင့်ပတ်သက်၍ ယုံကြည်မှုနည်းပါးသည်။ သုတေသန ပညာရှင်များကမူ "လူဝင်စား" အကြောင်း စနစ်တကျ လေ့လာ လျက်ရှိကြသည်။

"လူဝင်စား"ဟူသည် ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ နေရာ၊ ဒေသမရွေး အကြောင်းအားလျော်စွာ ရှိနေတတ်စမြဲဖြစ် လေသည်။

ကျူးဘားနိုင်ငံသည် လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ပင်လယ်သမုဒ္ဒရာရေများ ပတ်လည်ဝိုင်းပြီး အခြား နိုင်ငံများနှင့် အလှမ်းကွာလှသည်။ မြို့တော်မှာ ဟားဗားနား ဖြစ်သည်။





ဟာဗားနားမြို့တွင် "အက်ဒွဒ်အက်စပလပ်ဂပ်စ် ကာဘာရီယို" ဆိုသူ လေးနှစ်အရွယ်ကလေးငယ်တစ်ဦးသည် မိဘများနှင့်အတူ နေထိုင်လျက်ရှိသည်။

အက်ဒွဒ် နှစ်နှစ်သားအရွယ်အထိ ထူးခြားမှုမရှိသေး။ စကားတီတီတာတာ ပြောတတ်စဖြစ်၍ မိဘများမှာ ချစ်မဝ၊ ရှုမဆုံးဖြစ်နေကြသည်။

သို့ရာတွင် အက်ဒွဒ် လေးနှစ်သားအရွယ်ရှိလာသည့်အခါ တွင်မူ မိဘများမှာ သူတို့သားအတွက် အတွေးခက်လာကြသည်။ အက်ဒွဒ်က ထူးထူးဆန်းဆန်း အကြောင်းအရာများပြောလာ သည်။ သူပြောပြသည်မှာ စိတ်ကူးယဉ်ပုံပြင်တစ်ပုဒ်ပမာဖြစ်နေ သည်။ မိဘများက စိတ်ကူးယဉ်ပုံပြင်ဇာတ်လမ်းများ အပြော ကောင်းသူအဖြစ် အက်ဒွဒ်ကို ချီးကျူးထောမနာပြုကြသည်။

အက်ဒွဒ်က "မာစီးဒီး"နှင့် "ဂျင်း"ဟုခေါ်သည့် သူ့အစ်ကို နှစ်ယောက်ရှိကြောင်းပြောပြသည်။ သူ့မိခင်မှာ အသားလတ်လတ်၊ ဆံပင်များနက်မှောင်နေပြီး ချောမောလှကြောင်း ပြောပြသည်။

ထိုအချိန်အထိ အက်ဒွဒ်၏ မိဘများက ရယ်စရာအဖြစ် သဘောထားနေကြဆဲဖြစ်သည်။ သို့ရာတွင် မကြာမီမှာပင် အက်ဒွဒ်က သူ့ဘဝဟောင်းက ဇာတ်လမ်းစုံကို ပြောလေတော့ သည်။

ဘဝဟောင်းက သူ့နာမည်မှာ "ပန်ချိုဆီကို"ဖြစ်သည်ဟု ဆိုသည်။ ဟာဗားနားမြို့ ရှူးကမ်ပါနာရီယို ရပ်ကွက်တွင် နေထိုင်ကြသည်။ ဘဝဟောင်းက သူ့မိခင်အမည်မှာ အမ်ပါရို

ဖြစ်ပြီး ဖခင်အမည်မှာ ပီယာရှိဖြစ်သည်ဟု ပြောပြလေသည်။ သူတို့အိမ်အနီးတွင်လည်း ကုန်မျိုးစုံဆိုင်တစ်ဆိုင်ရှိသည်။ ထိုကုန်မျိုးစုံဆိုင်မှာ သူ့အမေကခိုင်းသဖြင့် သူဝယ်နေကျ ဈေးဆိုင်ဖြစ်သည်ဟု ဆိုသည်။

တစ်နေ့တွင် ပန်ချီဆီကို နေထိုင်မကောင်းဖြစ်သည်။ ထိုသို့ နေမကောင်းဖြစ်နေစဉ်မှာပင် ပန်ချီဆီကိုသည် စက်ဘီးကိုစီးပြီး အပြင်ထွက်သွားသည်။ မိခင်ဖြစ်သူက သူ့ကိုဆူပူကြိမ်းမောင်းရင်း ကျန်ရစ်ခဲ့သည်။ ထိုသို့ဖြင့် ပန်ချီဆီကို၏ အဖျားရောဂါမှာ ပိုဆိုးလာပြီး ဆေးရုံတင်လိုက်ရသည်။ သို့ရာတွင် သက်သာလာခြင်းမရှိ။ မကြာမီမှာပင် ပန်ချီဆီကို ကွယ်လွန်သွားခဲ့သည်။

ထိုသို့ အသေးစိတ် သူ့ဘဝဟောင်းက ဇာတ်လမ်းကို ပြန်ပြောပြသည့်အခါတွင် အက်ဒွဒ်၏မိဘများမှာ ပေါ့ပေါ့တန်တန် သဘောမထားနိုင်ကြတော့။

အက်ဒွဒ်ပြောပြသည့်အတိုင်း ဟာဗားနားမြို့တွင် ရှူးကမ်ပါနာရီယိုဟူသောရပ်ကွက် အမှန်တကယ်ရှိနေကြောင်းကိုလည်း သူ့မိဘများက သိထားကြသည်။ အက်ဒွဒ်အဖို့မူ ရိုးရိုးသာမန်အားဖြင့် ယင်းရပ်ကွက်အကြောင်းသိရန် မလွယ်။

သို့ဖြင့် တစ်နေ့တွင် အက်ဒွဒ်၏မိဘများသည် ရှူးကမ်ပါနာရီယိုရပ်ကွက်သို့ သူ့အားခေါ်ဆောင်သွားကြသည်။ ထိုရပ်ကွက်သို့ ရောက်ရှိပြီး လမ်းထောင့်တစ်ခုအနီးတွင် ကုန်စုံဆိုင်တစ်ဆိုင်ကိုတွေ့ရသည်။





"တွေ့ပြီ၊ တွေ့ပြီ၊ အဲဒီကုန်စုံဆိုင်ပေါ့ဗျ၊ ကျွန်တော်ဈေးဝယ်နေကျ ကုန်စုံဆိုင်လေ"ဟု အက်ဒွဒ်က ပြောတော့သည်။ ထိုဆိုင်နှင့်မနီးမဝေးရှိ အိမ်အမှတ် (၉၆)သို့ တည့်တည့်ပြေးသွားသည်။

"ဒီအိမ်လေ၊ ဒီအိမ်၊ ကျွန်တော်တို့အိမ်" ဟု အက်ဒွဒ်က အားရဝမ်းသာပြောနေသည်။

အက်ဒွဒ်၏ဖခင်က အိမ်တံခါးကို ခေါက်လိုက်သည်။ အိမ်ရှင်က တံခါးကိုဖွင့်ပေးလိုက်သည်။ အိမ်ရှင်မှာ ပန်ချီဆီကို၏ ဖခင် ပီယာရှိပင်ဖြစ်လေသည်။ ပီယာရှိ၏ပြောပြချက်အရ သူတို့သား ပန်ချီဆီကိုသည် လွန်ခဲ့သည့် လေးနှစ်ခန့်က ဖျားနာပြီး သေဆုံးခဲ့သည်မှာ အမှန်ပင်ဖြစ်သည်ဟု ဆိုပေသည်။

ဘဝအကြောင်းနှင့် ဘဝအဟောင်းအသစ်တို့ကား ဆုံးစမထင် တဝဲလည်လည်ပင်ဟု ဆိုရပေမည်။

Howard Murphet "Reincarnation"

❋

# ဘဝသစ်ပြောင်းသော်လည်း ဘဝဟောင်းကအဖြစ်ကို မမေ့နိုင်

စစ္စလီကျွန်းတွင် နေထိုင်ကြသည့် မိသားစုတစ်စုတွင် သမီးငယ်တစ်ဦးမှာ နာမကျန်းဖြစ်နေရာသည်။ ဖခင်ဖြစ်သူမှာ ဆရာဝန်တစ်ဦးဖြစ်သည်။ သမီးဖြစ်သူကို ကယ်တင်၍မရနိုင်တော့။ သမီးငယ် သေဆုံးရတော့မည်ကို ဖခင်ဆရာဝန်က သိနေသည်။

သမီးငယ်ကလည်း သူ့ကိုယ်သူ သေရမည်ကို သိနေဟန်တူသည်။

“သမီး မေမေတို့ဆီကို မကြာခင် ပြန်လာခဲ့မယ်နော်” ဟု ပြောလိုက်ရာ မိခင်ဖြစ်သူက သမီးငယ်ကိုဖက်ပြီး ချုံးပွဲချ ငိုလေတော့သည်။

“ဘာတွေပြောနေတာလဲသမီးလေးရယ်၊ သမီးလေး ဘာမှ မဖြစ်ပါဘူး၊ ဒီလိုမပြောရဘူးနော် သမီး” မိခင်ဖြစ်သူက သမီးကို ချော့မော့နေသည်။





မကြာမီမှာပင် သမီးငယ်သေဆုံးသွားခဲ့သည်။ မိခင်ဖြစ်သူမှာ သမီးပြောခဲ့သည့်အတိုင်း ဖြစ်လာလိမ့်နိုးဖြင့် မျှော်ကိုးနေရှာသည်။ ခင်ပွန်းဖြစ်သူမှာ ဆရာဝန်တစ်ဦးဖြစ်သဖြင့် အစွဲအလမ်း၊ အယုံအကြည်မရှိ။ “မဖြစ်နိုင်တာ စဉ်းစားနေသည်”ဆိုကာ ဇနီးဖြစ်သူကို ဆူပူကြိမ်းမောင်းလေသည်။

ထိုသို့ဖြင့် အချိန်ကာလ ရွေ့လျားလာကာ ဆရာဝန်၏ ဇနီးတွင် နောက်ထပ်ကိုယ်ဝန်ရှိလာသည်။

တစ်ညတွင် ဆရာဝန်၏ဇနီးသည် အိပ်မက်ထဲတွင် ကလေးမလေးတစ်ဦးက “မေမေ သမီးပြန်လာပြီ”ဟု ပြောလိုက်သည်။ ယင်းကလေးမလေး၏အသံမှာ ကွယ်လွန်သူ သမီး၏အသံနှင့် ထပ်တူထပ်မျှတူနေလေသည်။

ဇနီးဖြစ်သူက သူ့အိပ်မက်အကြောင်း ခင်ပွန်းဖြစ်သူကို ပြောပြသည်။ ခင်ပွန်းဖြစ်သူဆရာဝန်က “စိတ်စွဲလမ်းလို့ မက်တာပါကွာ”ဟုဆိုကာ လက်မခံ။ မယုံကြည်။

သို့ဖြင့် နေ့စေ့လစေ့သည့်အခါ ဆရာဝန်၏ဇနီးသည် ကလေးမွေးဖွားတော့သည်။ ကလေးမှာ အမြွှာမိန်းကလေးနှစ်ယောက်ဖြစ်သည်။ အမြွှာမိန်းကလေးနှစ်ယောက် လေးနှစ်ခန့်အရွယ်သို့ ရောက်လျှင် စကားကောင်းကောင်းပြောတတ်နေပြီဖြစ်သည်။ အစားလည်း ကြိုက်ရာရွေးစားတတ်နေပြီဖြစ်သည်။

အမြွှာမိန်းကလေးနှစ်ယောက်အနက် တစ်ယောက်မှာ “ဒိန်ခဲ”ကိုမကြိုက်။ လုံးဝမစား။ ဆပ်ပြာခဲတွင် ဒိန်ခဲပေကျံနေလျှင်ပင် ယင်းဆပ်ပြာကို မကိုင်တော့။

ယခင်ကွယ်လွန်သွားသည့် သမီးငယ်သည်လည်း ဒိန်ခဲ
လုံးဝမကြိုက်။ ယင်းသမီးငယ်သည် သူ့လက်များ စင်ကြယ်
သန့်ရှင်းနေမှကြိုက်နှစ်သက်သည်။ ထို့အတူ (အမြွာပူး) မိန်း
ကလေးငယ်မှာလည်း သူ့လက်ကိုမကြာခဏဆေးကြောတတ်
သည်။ သူ့လက်လေးများ သန့်နေလျှင် အလွန်သဘောကျလေ
သည်။

တစ်နေ့တွင် (အမြွာပူး)မိန်းကလေးငယ်သည် သီချင်း
တစ်ပုဒ်ကို ပီပီသသ ကောင်းမွန်စွာသီဆိုနေလေသည်။ ဖခင်
ဆရာဝန်က "ဘာသီချင်းတွေ ဆိုနေတာလဲ" ဟုမေးလိုက်ရာ
"သမီး ပြင်သစ်သီချင်းဆိုနေတာပါ" ဟု ပြန်ပြောလေသည်။

"သမီးကို ဘယ်သူသင်ပေးတာလဲဟင်"

"သမီး ဦးနှောက်ထဲမှာ အလိုလိုသိပြီး သီဆိုတတ်နေ
တာပါ"

အမှန်တွင် ယင်းပြင်သစ်သီချင်းမှာ ကွယ်လွန်သူသမီး
ငယ် အလွန်ကြိုက်နှစ်သက်သည့် ပြင်သစ်သီချင်းတစ်ပုဒ်ဖြစ်သည်
သူ မကွယ်လွန်မီက အမြဲဆိုနေကျသီချင်းဖြစ်လေသည်။

အမြွာသမီးငယ်များ ရှစ်နှစ်အရွယ်တွင် သူတို့မိသားစုသည်
မနီးမဝေးရှိ မြို့ငယ်တစ်မြို့သို့ အပန်းဖြေခရီးထွက်ရန် ပြင်ဆင်
ကြသည်။ ခရီးထွက်ရမည်ဖြစ်၍ အမြွာသမီးငယ်နှစ်ယောက်မှာ
ပျော်ရွှင်နေကြသည်။

အမြွာသမီးငယ်နှစ်ယောက်အနက် တစ်ယောက်က စကာ
အထူးအဆန်းများကိုလည်း ပြောပြသည်။





ထိုသို့ အပန်းဖြေခရီးထွက်ကြမည့်မြို့သို့ သူ ရောက်ဖူးသည်
ဟုဆိုလေသည်။ ထိုသို့ရောက်ဖူးရုံမျှမက ထိုမြို့အနေအထား၊
ထိုမြို့၏ထူးခြားသည့်နေရာဌာနများ၊ ပတ်ဝန်းကျင် အခြေအနေ
တို့ကိုပါ အတိအကျပြောပြနိုင်လေသည်။

အမှန်တွင် ကွယ်လွန်သွားရှာသူ သမီးငယ်ရှစ်နှစ်အရွယ်
ကလည်း သူတို့မိသားစု ထိုမြို့သို့အပန်းဖြေခရီးထွက်ခဲ့ကြဖူး
သည်။ ထို့ကြောင့် ယင်းသမီးငယ်သည် ထိုမြို့သို့ရောက်ဖူးသည်ကို
ဆရာဝန်နှင့်ဇနီးတို့ ပြန်လည်သတိရမိလိုက်ကြလေသည်။

ဘဝအသစ်ပြောင်းသော်လည်း ဘဝဟောင်းကို မမေ့သူ
သမီးငယ်လေး၏ဘဝကား ထူးခြားဆန်းကြယ် ကရုဏာသက်
ဖွယ်ကောင်းလှသည်။

✻

## ဘဝစက်ဝန်း ချာချာလည်

"ချေ့စ်"

ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးဖြစ်သည်။ ကျောင်းနေစအရွယ်ဖြစ်ရာ ကျောင်းတွင် အလွန်ဆော့သူ၊ ကဲသူအဖြစ် နာမည်ရသည်။ သူငယ်ချင်းများထဲတွင် ထူးထူးခြားခြား ဆော့တတ်သူဖြစ်သည်။

သို့ရာတွင် ချေ့စ်သည် ဆူဆူညံညံအသံများကို ကြောက်တတ်သည်။ "ဒုန်း"၊ "ဒိုင်း"အသံများကြားလျှင် နေစရာမရှိအောင်လန့်နေသည်။ သံကုန်ဟစ်အော်ငိုတတ်သည်။ ဟိုပြေး၊ ဒီပြေး ပုန်းစရာမြေမရှိအောင်ဖြစ်နေသည်။

သူတို့မိသားစုသည် အမေရိကန်ပြည်ထောင်စု ဖီလာဒယ်လ်ဖီယာမြို့မှဖြစ်သည်။ မိခင် ကာရိုးဘိုးမင်း၊ ဖခင်စတိဖ်၊ အမေဆာရာတို့နှင့်အတူ ချေ့စ်နေထိုင်သည်။





သာမန်အားဖြင့် သူတို့မိသားစုဘဝမှာ ထူးခြားမှုမရှိဟု ထင်ရသည်။ တစ်နေ့သူတို့မြို့တွင် လွတ်လပ်ရေးပွဲတော်ကြီး ခြိမ့်ခြိမ့်သဲဆင်နွှဲကြသည်။

ချေ့စ်တို့မိသားစုလည်း ပွဲတော်သို့သွားကြသည်။ အစဦးတွင် ချေ့စ်မှာ ပွဲတော်ကျင်းပရာပွဲခင်းထဲတွင် ကလေးသဘာဝ ပျော်ရွှင်မြူးတူးနေသည်။ ညမှောင်ရီပျိုးစအချိန်တွင် မီးရောင်စုံများထွန်းညှိ လိုက်သည်။ ချေ့စ်အဖို့ ပို၍ပျော်စရာဖြစ်လာသည်။

မီးရောင်စုံများထွန်းညှိပြီး မကြာမီမှာပင် မီးရှူး၊ မီးပန်းများ ပစ်လွှတ်တော့သည်။ တီးသံ၊ မှုတ်သံ၊ အော်သံ၊ ဟစ်သံဆူညံနေသည်။ ထိုအချိန်တွင် အပျော်ကြီးပျော်နေခဲ့သူ ချေ့စ်၏ အမူအယာမှာ သိသိသာသာပြောင်းလဲသွားတော့သည်။

မျက်စိမျက်နှာပျက်လျက် ရတ်တရက်အော်ဟစ်ငိုယိုလေတော့သည်။ မိခင်ဖြစ်သူက ချော့သည်။ မရ။ ဖခင်ကချော့သည်။ မရ။ ချော့လေလေ ငိုလေလေ။ ချေ့စ်ကိုကြည့်ရသည်မှာ အလွန်ကြောက်လန့်နေပုံရသည်။ သူ့မိခင်ကို အတင်းအကြပ်ဖက်ထားသည်။

ကြာလျှင် အခြေအနေပိုဆိုးမည်စိုးသဖြင့် သူ့မိခင်က ချေ့စ်ကို အိမ်ပြန်ခေါ်ခဲ့ရသည်။

မိဘများက ချေ့စ်အဖြစ်ကို အံ့သြမဆုံးကြ။ အတွေးရကြပ်သည်။ စဉ်းစားရခက်သည်။ ဘာကြောင့် ဆူဆူညံညံအသံများကို ချေ့စ်ကြောက်ရလေသနည်း။

* * *

"ကဲ–သား၊ မင်းမေမေရဲ့ ရင်ခွင်ထဲမှာထိုင်၊ သားမျက်စိတွေကို မှေးပြီး အသာလေးမှိတ်ထား၊ သားမြင်သမျှ၊ ကြားသမျှ ပြန်ပြောပြနော်"

အိမ်မွေ့ချပညာရှင် နော်မင်အင်းက ချေ့စ်ကို ညင်သာစွာ ပြောကြားနေခြင်းဖြစ်သည်။

ချက်ချင်းပင် ချေ့စ်က သူ့ကိုယ်သူ စစ်သားကြီးတစ်ယောက်ဖြစ်ကြောင်း ပြောပြလေသည်။

"ကျွန်တော်က ကျောက်ဆောင်ကြီး တစ်ခုနောက်မှာ ရပ်နေတယ်၊ သေနတ်အရှည်ကြီးကိုကိုင်ထားတယ်၊ ထိပ်ဖျားမှာ ဓားကြီး တပ်ထားတယ်"

"သားက ဘယ်လိုအဝတ်မျိုး ဝတ်ထားတာလဲ"

"ကျွန်တော့်အဝတ်တွေ ဟောင်းနွမ်းညစ်ပတ်နေတယ်၊ အညိုရောင် ဘွတ်ဖိနပ်ကြီးစီးထားတယ်၊ ခါးပတ်ပတ်ထားတယ်၊ ကျွန်တော်က ဒူးထောက်ပြီး ကျောက်ဆောင်တစ်ခုကို အကာအကွယ်ယူထားတယ်၊ ရန်သူတွေကို ပစ်နေတယ်၊ ကျွန်တော်က တောင်ကြားအစွန်းမှာ၊ ဘေးပတ်ပတ်လည်မှာ တိုက်ပွဲတွေဖြစ်နေတယ်"

"ကျွန်တော်က ကျောက်ဆောင်ကြီးကို ကွယ်ပြီးကြည့်နေတယ်၊ မီးခိုးလုံးတွေထနေတယ်၊ မီးတောက်မီးလျှံတွေတက်လာတယ်၊ အသံတွေကတော့ ဆူညံနေတာပဲ၊ ကျွန်တော် ဘယ်သူတွေကို ပစ်နေရတယ်ဆိုတာတော့ မသိဘူး"

ချေ့စ်ပြောဆိုနေစဉ် သူ့ခန္ဓာကိုယ်မှာလည်း သိမ့်သိမ့်တုန်





နေရှာသည်။ သူ့အမြင်၊ သူ့အပြောနှင့်အညီ သူ့ခန္ဓာမှာ ခံစားမှုတစ်မျိုးက ထင်ဟပ်နေသည်။

"ကျောက်ဆောင်နောက်ကို ကျွန်တော် ဒူးထောက်ထိုင်ချလိုက်တယ်၊ ကျွန်တော့်လက်ကောက်ဝတ်ကို သေနတ်ကျည်ဆန်ထိသွားပြီ၊ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ရင်း သွေးတွေစီးကျနေတာ မြင်ရတယ်"

"ကျွန်တော့်ကို တစ်စုံတစ်ယောက်က ဆွဲခေါ်သွားတယ်၊ မိုးကာတဲတစ်တဲထဲခေါ်သွင်းပြီး အိပ်ရာပေါ်တင်ထားကြတယ်၊ တဲထဲမှာ တခြားဒဏ်ရာရထားသူတွေလဲ ရှိကြတယ်"

"အဲဒီနောက် မကြာပါဘူး၊ ကျွန်တော့်ကိုစစ်မြေပြင် ပြန်ခေါ်သွားကြတယ်၊ ကျွန်တော့်ကို အမြောက်ကြီးတစ်လက်နဲ့ အတူ စစ်မြေပြင်အသွားခိုင်းနေကြတယ်၊ ကျွန်တော် မသွားချင်ဘူး၊ စစ်မြေပြင်မှာ အသံတွေဆူညံနေတယ်၊ ကျွန်တော် အိမ်ပြန်ချင်လှပြီ၊ ကျွန်တော့်မိသားစုကို လွမ်းတယ်၊ သတိရတယ်"

ပြောရင်းဖြင့် ချေ့စ်အသံမှာ တိုးဝင်သွားပြီး ငြိမ်နေသည်။

ထူးထူးဆန်းဆန်းပင် ထိခိုက်ဒဏ်ရာရခဲ့ဖူးသည်ဆိုသည့် ချေ့စ်၏လက်ကောက်ဝတ်တွင် သူငယ်ငယ်က ထိခိုက်မိခဲ့သည့် ဒဏ်ရာအမာရွတ်တစ်ခုရှိနေသည်။

နော်မင်က ချေ့စ်ကို "သူ့မိသားစု"ဆိုသည့်အကြောင်းကို ဆက်မေးနေသည်။

"ကျွန်တော် အိမ်တစ်အိမ်မှာရှိနေတယ်၊ အိမ်ရှေ့မှာ ဝရံတာရှိတယ်၊ မြင်းချည်တဲ့တန်းလဲရှိတယ်၊ ကျွန်တော့်ဇနီး၊ ကျွန်တော့်

ကလေးနှစ်ယောက်နဲ့အတူနေတယ်၊ အိမ်ရှေ့ဝရံတာမှာ လူမည်းတစ်ယောက်က ဆေးတံသောက်နေတယ်၊ အဲဒါ ကျွန်တော်။ အိမ်အနီးအနားမှာ ကြက်တွေအများကြီး၊ တခြားလူမည်းတွေလဲ သွားလာနေကြတယ်၊ ကျွန်တော်နေတဲ့မြို့နာမည်က ကိုလော့ဆိုလို့ထင်တယ်"

"မြို့လယ် လမ်းဆုံတစ်နေရာမှာ လူတွေစုဝေးနေကြတယ်၊ တိုင်တစ်တိုင်မှာ "ကြော်ငြာ"စာကပ်ထားတယ်၊ အားလုံးစစ်မှုထမ်းရမယ်တဲ့။ ကျွန်တော်လဲ ဒီလိုနဲ့ စစ်မှုထမ်းခဲ့ရတာ၊ စစ်မြေပြင်ထွက်လာတော့ ကျွန်တော့်မိသားစု ငိုကျန်ရစ်ခဲ့ကြတယ်"

ချေ့စ်ဘဝဇာတ်ကြောင်းကား ထူးခြားလှသည်။ သေနတ်သံ၊ အမြောက်သံ၊ ဆူဆူညံညံသံမကြားချင်၊ မကြားလို၊ မကြားဝံ့ရှာသည့် ချေ့စ်မှာ အတိတ်ဘဝတစ်ခုမှ ဖြစ်ရပ်တစ်ခု၏ ခြောက်လှန့်ခြင်းကို ယခုမျက်မှောက်ဘဝတွင် ခံနေရရှာသူဖြစ်သည်။

"လူသားတွေအားလုံး ဘဝတစ်ခုစီ သီးခြားစီ အမျိုးမျိုးအဖုံဖုံဖြစ်နေကြရတာပါ။ ဘဝအမျိုးမျိုးမှာ လူတွေပါဝင်လှုပ်ရှားနေကြရတာ။ ဒါကြောင့်လဲ ဘဝအမျိုးမျိုး၊ ဖြစ်ရပ်အဖုံဖုံကြုံကြရတာ"

မစ္စတာ နော်မင်က အေးအေးဆေးဆေး ရှင်းပြနေသည်။

ချေ့စ်၏ဘဝဖြစ်စဉ်၊ သူပြောပြသည့် သရုပ်သဏ္ဌာန်များကို ထောက်ချင့်ပြီး မည်သည့်ခေတ်၊ မည်သည့်ကာလကဖြစ်ပွား





ခဲ့သည့်စစ်ပွဲပေနည်းဟု လေ့လာကြည့်ခဲ့ကြသည်။ ကျွမ်းကျင်သူပညာရှင်များနှင့် ညှိနှိုင်းကြည့်ခဲ့ကြသည်။

အတိတ်ဘဝက ချေ့စ်ပါဝင်ဆင်နွှဲခဲ့ရသည့် စစ်ပွဲသည် ပထမကမ္ဘာစစ်ကြီးလည်း မဖြစ်နိုင်။ ဒုတိယကမ္ဘာစစ်ကြီးလည်း မဖြစ်နိုင်။ အမေရိကန်ပြည်ထောင်စုတွင်ပြစ်ပွားခဲ့သည့် "ပြည်တွင်းစစ်ကြီး"ပင် ဖြစ်သည်ဟု ပညာရှင်များက မှတ်ချက်ချခဲ့ကြသည်။

ပို၍ထူးခြားသည်က ချေ့စ်သာမက သူ့အစ်မ ဆာရာ၊ မိခင် ကာရိုးဘိုးမင်းတို့ကိုယ်တိုင်လည်း "လူဝင်စား"များဖြစ်နေကြသည်။ ဆာရာ၏ အတိတ်ဘဝသည်လည်း ကရုဏာသက်ဖွယ်ပင်ဖြစ်သည်။

ထို့အတူ မိခင် ကာရိုးဘိုးမင်းမှာလည်း အတိတ်ဘဝကို အရိပ်ပမာ ထင်ယောင်၊ မြင်ယောင်နေတတ်သည်။

ဘဝဟောင်းကို ကိုယ်စီတသလျက် ယခုဘဝတွင် သား၊ သမီး၊ အမိအဖြစ် ဘဝသစ်ဖြစ်တည်လာကြရှာခြင်းဖြစ်သည်။

ချေ့စ်၊ ဆာရာ၊ ကာရိုးဘိုးမင်းတို့ခမျာ ချာချာလည်နေသည့်သံသရာဘဝစက်ဝန်းတစ်နေရာတွင် လာ၍ပေါင်းဆုံနေမိရှာကြခြင်းပင်ဖြစ်လေသည်။

Ref: Carol Bowmdn "Children's Past Lives"

❋

# ထူးခြားအာရုံ



## E.S.P ခေါ် ထူးခြားအာရုံအကြောင်း ပြန်လည်သုံးသပ်ချက်များ

၁၈၈၇ ခုနှစ်တွင် ဗြိတိသျှ စိတ်ပိုင်းဆိုင်ရာ (နာမ်) လေ့လာသုတေသနပြုရေးအသင်းကို အင်္ဂလန်နိုင်ငံတွင် စတင်တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ အနောက်နိုင်ငံများတွင် ESP (Extra-Sensory Perception) ထူးခြားသော အာရုံခံစားမှုကို သိပ္ပံနည်းကျ လေ့လာမှုများပြုလုပ်ခဲ့ကြသည်။ ယင်းမှာ စိတ်အာရုံချင်းဆက်သွယ် မှုနှင့် အခြားထူးခြားသော မနောအာရုံ၊ အကြားအမြင် စသည်တို့နှင့် ဆက်နွယ်မှုရှိသည်။ အသင်းကို တည်ထောင်သူများသည် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့၏ အဓိကရည်ရွယ်ချက်မှာ ပုံမှန်အတိုင်း သိရှိမှုနယ်ပယ်ကိုကျော်လွန်ပြီး သိမြင်နေသည့် 'လူတို့၏ မနောအာရုံ'ကို လေ့လာရန် ဖြစ်သည်။ သဘာဝထက်လွန်ကဲသည့် ထူးဆန်းသောဖြစ်ရပ်များကို လေ့လာရန်မဟုတ်။ ယခုအခါ တိကျပြီး ရှေးရိုးဆန်သည့် သိပ္ပံပညာရှင်များက ကန့်ကွက်နေသည့်

ကြားမှ Parapsychology မှာ အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများတွင်များစွာ ပြန့်နှံ့နေပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများတွင် ထိုသို့အထူးအဆန်းဖြစ်ရပ်များကို လေ့လာသည့်အသင်းများ အမြောက်အမြားပေါ်ပေါက်နေပြီဖြစ်သည်။ တက္ကသိုလ် များတွင်လည်း အလားတူလူသား၏ 'စိတ်အာရုံနယ်ပယ်သစ်' ကို လေ့လာမှုများ ပြုလုပ်နေကြပြီဖြစ်သည်။

အခြားသိပ္ပံပညာရပ်များ အဆင့်အတန်းနှင့် နှိုင်းစာလျှင် Parapsychology ၏အခြေအနေမှာ အလွန်နုနယ်လှသေးသည်။ လူအများ၏ယုံကြည်အားပေးမှုလည်း လိုအပ်နေပါသေးသည်။ သိပ္ပံပညာရှင်အများအပြားတို့ကလည်း မလိုလားကြသေးချေ။ အချို့သော စိတ်အာရုံဖြင့်သိမြင်မှု အဖြစ်ဆန်းများသည် လက်တွေ့စမ်းသပ်လေ့လာမှုမဖြစ်နိုင်ကြ။ သို့ရာတွင် ယထာဘူတကျလှသည့် လေ့လာမေးမြန်းသူတို့၏ လေ့လာပုံနည်းစနစ်၊ စုဆောင်းရရှိထားသော အကြောင်းအရာ အချက်အလက်များက လူအများအား နှစ်ခြိုက်စေနိုင်ပေလိမ့်မည်။

အယုံအကြည်ကင်းမဲ့သူများကမူစိတ်ပိုင်းဆိုင်ရာ (နာမ်) လေ့လာသုတေသနပြုမှုကို ပြက်ရယ်ပြုနေကြဦးမည်ဖြစ်သည်။ ယင်းတို့၏သဘောထား ပြောင်းလဲလာရန်မှာလည်း မလွယ်ချေ။ ထိုသို့ဖြစ်ရခြင်းမှာလည်း ထိုသူတို့နှင့် အကျွမ်းဝင်သိရှိပြီး ယုံကြည်ပြီးဖြစ်သည့် အကြောင်းအရာတို့မှအပ အခြားမည်သည့်အထူးအဆန်းအကြောင်းအရာကိုမျှ မယုံကြည်ကြခြင်းကြောင့်ဖြစ်သည်။





ရိုးရိုးသားသား အမှန်တရားကိုသိရှိလိုသူများအတွက်မူ စိတ်ပိုင်းဆိုင်ရာလေ့လာမှု(နာမ်) စာအုပ်စာတမ်း၊ ဂျာနယ် စသည်တို့က များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များအနေဖြင့် ကောင်းစွာသိနားလည်ခြင်းမရှိသည့်တိုင် အမှားအမှန်ကို ဆုံးဖြတ်ကြဦးမည်မဟုတ်။ သို့ရာတွင် စိတ်ပိုင်း(နာမ်)ဆိုင်ရာ လေ့လာမှုဘာသာရပ်အပေါ် စိတ်ဝင်စား လက်ခံနေကြဦးမည်ဖြစ်သည်။ ပညာတတ်ပုဂ္ဂိုလ်များအတွက်မူ Parapsychologist တို့ စုဆောင်းရရှိထားသော အကြောင်းအရာအချက်အလက်များ၊ ဓာတ်ခွဲခန်းအတွင်း လက်တွေ့စမ်းသပ်ချက်များကြောင့် စိတ်အာရုံချင်းဆက်သွယ်မှု၊ ကြိုတင်သိရှိနိုင်စွမ်းရှိမှု၊ ခန္ဓာကိုယ်နာမ်(စိတ်အာရုံ) ခွာထွက်မှု (Out-of-body experience or Astral Projection) နှင့်အခြားစိတ်အာရုံပိုင်းဆိုင်ရာထူးဆန်းမှုများအပေါ် သံသယရှိကြတော့မည်မဟုတ်ပေ။

ထိုသို့ဖြင့် စိတ်အာရုံချင်း ဆက်သွယ်မှုနှင့်ပတ်သက်၍ နာမည်ကျော် ဗြိတိသျှစိတ်ပညာရှင်ကြီးတစ်ဦးက အောက်ပါအတိုင်းပြောကြားခဲ့သည်။

"တက္ကသိုလ်များမှ ဌာနပေါင်းသုံးဆယ်ခန့်နှင့် သိပ္ပံပညာရှင်အမြောက်အမြားတို့သည် ကြီးမားလှသည့် အင်အားစုကြီးတစ်ရပ်ဖြစ်သည်။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာ သုတေသနပညာရှင်များ၏ ဖော်ထုတ်တွေ့ရှိချက်များကို ဆန့်ကျင်ခဲ့ကြသော ထိုအင်အားစုကြီးမှ အချို့သောပုဂ္ဂိုလ်များသည် တရားမျှတသော အဆုံးအဖြတ်ပေးပြီး ကောက်ချက်တစ်ရပ်ကိုသာ ချမှတ်ကြရတော့မည်

ဖြစ်သည်။ ယင်းကား "အခြားသူများ၏ စိတ်သဘောထား ကို သိနိုင်သည့် စိတ်အာရုံမျိုးရှိသူ၊ ပြင်ပ ပရလောကအကြောင်း သိရှိ နေသူ လူအနည်းငယ်ရှိသည်" ဟူသော ကောက်ချက်ပင် ဖြစ်သည်။ ယခုအခါ Parapsychology သည် ကြံဆတွေးယူထားသည့် (အနုမာန) အယူအဆကို အခြေခံထားခြင်းမဟုတ်တော့။ အကြောင်းအချက် ဖြစ်ရပ်၊ ဖြစ်စဉ်များကို အခြေခံထားလျက် ရှိသည်။ သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများတွင် ယင်းသို့ ကြံဆမှုနှင့် သီဝရီ (Theory) များမှာ မရှိမဖြစ်လိုအပ်ပေသည်။

သို့ရာတွင် မည်သို့သောအသုံးဝင်သည့်ကိစ္စရပ်မျိုးတွင် မဆို သိရှိထားရန်အတွက် အကြောင်းအချက်မြောက်မြားစွာ လိုအပ်သည်။ ESP နှင့်ပတ်သက်၍ အနည်းငယ်မျှသာသိရသေးသည်။ သို့ရာတွင် မိမိတို့၏ သမားရိုးကျ အယူအဆများ သီဝရီများအရ ရှင်းလင်းဖော်ပြခြင်းမပြုနိုင်သေးသော စိတ်အာရုံ ပိုင်းဆိုင်ရာ အထူးအဆန်းများ ရှိနိုင်ပေသေးသည်။ Parapsychologist များသည် အချက်အလက် အကြောင်းအရာ အမြောက်အမြားကို စုဆောင်းထားရှိကြပြီးဖြစ်သည်။ သို့ရာတွင် ယင်း အကြောင်းအချက်များကို စုစုစည်းစည်း ဖြင့် တညီတညွတ်တည်း ဖြစ်ရန်လိုအပ်နေသေးသည်။ အထီးကျန် ဖြစ်နေသည့် အချက်အလက်များသည် သိပ္ပံပညာ၏ အဝန်းအဝိုင်းအတွင်း ပါဝင်နိုင်ခြင်းမရှိသေး။ ထို့ကြောင့် Parapsychology သည် ခိုင်မာသည့် အကြောင်းအချက်များကို ဆက်လက်စုဆောင်းရဦးမည်ဖြစ်သည်။ သို့မှသာ "Hypotheses" တစ်ခုအဖြစ် ပြုစုနိုင်မည်ဖြစ်သည်





Parapsychologist စိတ်နယ်လွန်ပညာရှင်များသည် တစ်စုံတစ်ရာသော အထူးအဆန်းစိတ်(မနော)အာရုံနှင့် ပတ်သက်၍ သံသယမရှိကြတော့ချေ။ သို့ရာတွင် ယခုအချိန်မျိုး၌ ယင်းတို့၏ သဘောထားအယူအဆနှင့် ပတ်သက်၍ သဘောတူညီမှု၊ လက်ခံ သဘောပေါက်မှုရရန် မမျှော်လင့်နိုင်ကြသေးချေ။ Parapsychologist အချင်းချင်းတို့ပင်လျှင် ယင်းသို့တင်ပြထားသော "ဝိညာဉ်ပူးလျက် ဟောပြောသူ"၏ အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ သဘောချင်းတိုက်ဆိုင်မှုမရှိကြသေး။ ယင်းမှာ တမလွန်ဘဝနှင့်ပတ်သက်၍ နှစ်ကာလပေါင်းများစွာကပင် ယုံကြည်သက်ဝင်လာခဲ့သည့် အကြောင်းအရာဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သူအချို့၏အဆိုအရ ဝိညာဉ်ပူးလျက်ဟောပြောသူ သို့မဟုတ် အကြားအမြင်နှင့် မနောအာရုံရသူတစ်ဦးသည် သေဆုံးပြီးသူတစ်ဦးအကြောင်း အံ့သြလောက်အောင် ပြောပြနိုင်သည်။ အသက်ရှင်ကျန်ရစ်သူတို့အတွက်လည်း အသုံးဝင်သည့်အကြောင်းများပါရှိသည်။ ထို့ကြောင့် ထိုသူများသည် သေဆုံးသူများနှင့် ဆက်သွယ်နိုင်သည်ဆိုခြင်းမှာ ထင်ရှားသည်ဟု မှတ်ချက်ချကြသည်။ သို့ရာတွင် အခြားပုဂ္ဂိုလ်များ၏ "သေဆုံးပြီးသူ၏ ကိုယ်စားလှယ်"ဟူသော သီဝရီအယူအဆကို လက်မခံကြ။ ဝိညာဉ်ပူးပြီးဟောသူ၊ အကြားအမြင်ရသူ၊ သို့မဟုတ် "နတ်ဝင်သည်"သည် စိတ်အာရုံထူးဆန်းမှု၊ ထူးခြားမှုရှိသူတစ်ဦးသာဖြစ်သည်ဟု ဆိုကြသည်။

Parapsychologist ပရစိတ်ပညာရှင် အချင်းချင်း

သဘောကွဲလွဲကြလျှင် ယင်းသဘောကွဲလွဲသည့်ပုဂ္ဂိုလ်များကြော
လူအများက ပရလောက၊ ဂမ္ဘီရလောကနှင့်ပတ်သက်၍
ယုံကြည်ထားသည်များကိုလည်း ယုံကြည်ကြတော့မည်မဟုတ်ချေ။
သာမန်လူများ၏အမြင်တွင် တစ္ဆေများသည် သေဆုံးသူများ၏
ဝိညာဉ်အစစ်အမှန်ပင်ဖြစ်သည်။ Parapsychologis
တို့အမြင်တွင် စိတ်အာရုံတွင် ထင်ယောင် ထင်မှားဖြစ်ရာမှ
ပေါ်ထွက်လာသည့်အကြောင်းအရာများပင်ဖြစ်သည်။ အိမ်ခေါင်မိုး
ပေါ်သို့ ကျောက်ခဲများ အလိုအလျောက် ကျလာခြင်း၊ အဝတ်
အထည်များ အလိုအလျောက်မီးစွဲလောင်ခြင်းတို့မှာ သာမန်
အားဖြင့် သိနားလည်ရန်ခက်ခဲသော ဖြစ်ရပ်များပင်ဖြစ်သည်
ဗမာ(မြန်မာ)လူမျိုးများကမူ ယင်းကို "ပုဏ္ဏက တိုက်သည်"ဟု
ဆိုကြမည်ဖြစ်သည်။ ယင်းကို Parapsychologist များက
အသံပြု၍တစ္ဆေခြောက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ESP ၏ သဘောသဘာဝနှင့်ပတ်သက်၍ လူအများ
ယုံကြည်လက်ခံထားသည်များမှာ စိတ်ပိုင်း(နာမ်)ဆိုင်ရာ လေ့လာ
တွေ့ရှိချက်များနှင့် ကိုက်ညီခြင်းမရှိ။ ရှေးယခင်အခါကပင်
ESP သည် လူသားတို့၏ ဘာသာရေးဆိုင်ရာ၊ သိနားလည်မှု
ဆိုင်ရာ အယူအဆ၊ သဘောထားအမြင်ပင်ဖြစ်သည်။ ယခုအခါ
စိတ်ပိုင်း(နာမ်)ဆိုင်ရာ လေ့လာမှုက ယင်းအပေါ်တွင် သိပ္ပံပညာ
ဖြင့် ဖိအားပေးထားသည်။ သို့ရာတွင် ESP ယုံကြည်သူများ
အဖို့ ယင်းမှာ ပြန်လည်စဉ်းစားသုံးသပ်ရမည့်အချက် (Secon
Thoughts) ပင်ဖြစ်ပေလိမ့်မည်။ ထိုသို့ဖြစ်လာရန်အတွက်





ယင်းတို့သည် Parapsychology နှင့်ပတ်သက်သည့် ဂျာနယ်
မဂ္ဂဇင်းများကို အသေအချာဖတ်ရှုရန်လိုအပ်ပေသည်။

အစတွင် ESP ကို ကောင်းစွာမသိကြ။ စိတ်၏ အဓိက
ကျမှုကို အထောက်အထားမပြနိုင်ကြ။ ယင်း၏အမှန်တရားကို
အထောက်အထားပြရန်အတွက် စိတ်၏အဓိကကျမှုနှင့် စိတ်ကူး
ယဉ်ဆန်လှသော ဘဝအမြင်ကို လက်ခံရန်အတွက် အခြေခံများ
မရှိ။ ၁၉ ရာစုနှစ်ကို လွှမ်းမိုးထားသည့် စက်ယန္တရားဆန်လှ
သည့် ရုပ်ဝါဒ (Mechanistie Materialism) အဖို့ ESP ၏
အစစ်အမှန်အဖြစ်မှန်များမှာ လိမ်ညာမှုများသာဖြစ်ခဲ့သည်။
စိတ်နှင့်ရုပ် မည်သည်ကပို၍ အရေးပါမှုအပေါ် အငြင်းပွားမှုကို
လည်း ဖြေရှင်းခြင်းမပြုနိုင်ခဲ့ကြ။ အမှန်တွင် နှစ်ကာလကြာမြင့်
ဖြစ်သည့် ESP ပြဿနာမှာ ဒဿနိကဗေဒပညာရပ်နှင့်သာ
သက်ဆိုင်သည်။ သိပ္ပံနည်းကျလေ့လာစမ်းသပ်မှုကို ခွင့်မပေး
ခဲ့ချေ။

နောက်တစ်ချက် စဉ်းစားရန်မှာ လူပေါင်းမည်မျှ ESP
စွမ်းရှိကြသနည်းဟူသော အချက်ပင်ဖြစ်သည်။ ယခုအခါ
ထိုပုဂ္ဂိုလ်မျိုးမှာ အလွန်ရှားပါးလှသေးသည်။ ကမ္ဘာ့လူဦးရေနှင့်
နှိုင်းစာလျှင် မပြောပလောက်အောင်ပင် နည်းပါးလှသော ESP
စွမ်းရည်ရှိသူ ဦးရေ၏ အခြေအနေကြောင့် အနာဂတ်လူသား
များအဖို့ မျှော်လင့်ချက်ကင်းစရာမလို။ အချို့ကလည်း လူအများ
အပြားတို့က ESP စွမ်းရည်ရှိနေသည်ဟုဆိုကြပေလိမ့်မည်။
အမှန်တွင် ESP စွမ်းရည်သည် ပါရမီရှင်များသာ ဖြစ်နိုင်သည်။

လေ့ကျင့်မှု၊ အပြင်းအထန်ကြိုးစားလုပ်ဆောင်ရုံမျှဖြင့် ဖြစ်နိုင်၊ ရရှိနိုင်သော စွမ်းပကားမျိုးမဟုတ်ချေ။

သို့ရာတွင် လူအများအပြားတို့က စိတ်တန်ခိုးကို လေ့ကျင့်ပြီး ရရှိနိုင်သည်ဟု ယုံကြည်ထားကြသည်။ ယင်းမှာ အခြေအမြစ်မရှိ။ ဥပမာ နာမည်ကျော် အကြားအမြင်ရသူပုဂ္ဂိုလ်ကြီးများဖြစ်ကြသည့် မစ္စက် ပိုက်ပါ၊ အက်ဂါကေးစီတို့သည် ထူးခြားလှသည့် အကြားအမြင်ကို အလိုအလျောက်ရရှိလာကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အံ့သြဖွယ်ကောင်းသည့် ယောဂီကြီးများ၊ ဆွာမိနှင့် ဆာဒူးကြီးများ စသည်တို့ကိုတွေ့ရှိနိုင်ရာဒေသဖြစ်သည်။ အိန္ဒိယသူတော်စင်များသည် အလေးအနက်လေ့ကျင့်မှုကြောင့် ထူးဆန်းလှသည့် တန်ခိုးဣဒ္ဓိများရရှိကြသည်ဟု ယုံကြည်ထားကြသည်။ ရှေးဟောင်း ယောဂကျမ်းစာအုပ်များတွင် တန်ခိုးဣဒ္ဓိများရရှိရန် အသေးစိတ်ညွှန်ကြားချက်များ ဖော်ပြထားသည်။ ယခုအခါ ယောဂအကျင့်သုတေသနဌာနများပင် ဖွင့်လှစ်ထားပြီး အိန္ဒိယအစိုးရက ငွေကြေးထောက်ပံ့မှုများ ပေးထားသည်။ ယောဂအကျင့်နှင့်ပတ်သက်၍ ကျွမ်းကျင်သူများက ဦးဆောင်ဦးရွက်ပြုကြသည်။

ဗြိတိသျှစာရေးဆရာကြီး အာသာကိုအက်စတလာသည် ၁၉၅၈ ခုနှစ်တွင် အိန္ဒိယသို့ရောက်ခဲ့သည်။ သူသည် ဂမ္ဘီရပညာနှင့်ပတ်သက်၍ မမှန်ကန်သည့်အကြောင်း အထောက်အထားတစ်ခုမျှ ယောဂအကျင့်ကျင့်သူများထံမှမရရှိခဲ့။ ကိုအက်စတလာ





သည် ယောဂအကျင့်ကျင့်သူ လေးဆယ်ခန့်တို့ကို တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုသူများမှာ ယောဂအကျင့်ကျင့်သည့် သက်တမ်းကာလ ရက်သတ္တပတ်သုံးပတ်မှ ၁၂ နှစ်ခန့်အထိရှိသူများဖြစ်ကြသည်။ ထိုယောဂအကျင့်ကျင့်သူများက မိမိတို့တွင် ‘ဂမ္ဘီရ’ တန်ခိုးများမရှိကြောင်း ဝန်ခံကြသည်။ သို့ရာတွင် ‘စိတ်စွမ်းအင်’ များ ကောင်းစွာရရှိကြသည်။ ခွဲကောင်းကောင်းဖြင့် ခံနိုင်ရည်ရှိလာကြသည်ဟုဆိုကြသည်။

အရှေ့နိုင်ငံများတွင် သဘာဝထက်လွန်ကဲသော စွမ်းအင်များ (တန်ခိုး)ရရှိရန်အတွက် စိတ်၏စင်ကြယ်မှု မရှိမဖြစ်လိုအပ်ကြောင်း ယုံကြည်ထားကြသည်။ သို့ရာတွင် အနောက်နိုင်ငံများမှ စိတ်ပညာရှင်၊ ဝိညာဉ်ပူးသူ၊ ဓာတ်စီးသူများ၏ဘဝကို လေ့လာကြည့်ရာ စိတ်ဓာတ်စင်ကြယ်မှု(ကိုယ်ကျင့်တရား ကောင်းမွန်မှု)နှင့် ဂမ္ဘီရပညာတို့ အပြန်အလှန် မလွဲဧကန်ဆက်နွယ်မှုမရှိကြောင်း တွေ့ရသည်။ အချို့သောနာမည်ကျော် အကြားအမြင်ရသူများဖြစ်ကြသည့် အက်ဂါကေးစီနှင့် ဂျင်းဒစ်ဆင်တို့၏ ကိုယ်ကျင့်တရားမှာ အလွန် ကောင်းမွန်ကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များမှာ ခြွင်းချက်အဖြစ် ထားရမည့်သူများဖြစ်သည်။ သို့ရာတွင် ဝိညာဉ်လောကနှင့် ဆက်သွယ်နိုင်ပြီး ဟောပြောနိုင်သူ (Psychie) အများစုမှာ ကိုယ်ကျင့်တရားအရ သာမန်လူများထက် သာလွန်ခြင်းမရှိကြချေ။ ထိုမျှသာမက အချို့သော နာမည်ကျော် mediumsy များ၊ ဥပမာ အီတလီလူမျိုး နာမည်ကျော် medium တစ်ဦးဖြစ်သူ ယူဆာပီယာပေါ်လာဒီနို ကဲ့သို့သော ပုဂ္ဂိုလ်များသည်

မိမိတို့ထံလာရောက်မေးမြန်းသူများ၏ အလိုဆန္ဒနှင့်အညီဖြစ်စေရန်အတွက် မိမိတို့၏ ဂမ္ဘီရပညာကို အားကိုးအားထားမပြုနိုင်တော့သည့်အခါတွင် လိမ်လည်လှည့်ဖျားလိုက်ရသည်။ ထိုသို့လိမ်လည်လှည့်ဖျားလိုက်ရသည်ကိုလည်း စိတ်အနောက်အယှက်မဖြစ်ကြချေ။ မြန်မာဗုဒ္ဓဘာသာတို့၏အမြင်တွင် မကောင်းသောဒုစရိုက်ဆိုးများကင်းစင်ပြီးဖြစ်သည့် အရိယာသူတော်စင်များ၏ အမှတ်လက္ခဏာမှာ အံ့ဖွယ်တန်ခိုးဣဒ္ဓိများပြနိုင်ခြင်းပင်ဖြစ်သည်။

ESP နှင့်ပတ်သက်၍ အခြားရေပန်းစားသည့် ဆိုရိုးစကားတစ်ခုမှာ ယင်း၏အစွမ်းဖြင့် စကြဝဠာ၏လျှို့ဝှက်ချက်များကိုဖော်ထုတ်နိုင်မည်ဟူ၍ဖြစ်၏။ ပါရမီရှင်ပုဂ္ဂိုလ်ထူးများကို ကြည်ညိုလေးစားကြခြင်းမှာ ထိုပုဂ္ဂိုလ်များ၏ မြင့်မားမြင့်မြတ်လှသောအစွမ်းတို့ကြောင့်ဖြစ်သည်။

သို့ရာတွင် ယင်းသို့သောအခြေခံမှာ စွမ်းရည်တန်ခိုးထူးများရှိသည်ဟုဆိုကာ လေးစားခြင်းခံရသော Mediumတစ်ဦးအတွက် အလှမ်းကွာဝေးလှသည်။ Medium တစ်ဦး သို့မဟုတ် အခြား Psychic (နတ်ဝင်သည်) (ဝါ) (စိတ်စွမ်းအင်ပညာရှင်) တစ်ဦးသည် မိမိ၏အကြားအမြင်အပေါ်မှီခိုအားထားလျက် လူ့ဘဝ၏ဗဟုသုတအသိပညာနှင့် စကြဝဠာကြီးအကြောင်း သိနားလည်နိုင်မည်မဟုတ်ချေ။ သတိလစ်နေချိန်တွင် အမှန်တကယ်ပါရမီထူးသူ Medium တစ်ဦးသည် သေဆုံးပြီးသူတစ်ဦး၏လျှို့ဝှက်ချက်များကို ပြောပြနိုင်ပေလိမ့်မည်။ ယင်းလျှို့ဝှက်ချက်များမှာ အသက်ရှင်ကျန်ရစ်သူများ မည်သည့်နည်းနှင့်မျှ မသိ





နိုင်သောအကြောင်းများဖြစ်သည်။ သို့ရာတွင် အခြားအကြောင်းအရာများနှင့်ပတ်သက်၍ ပြောကြားချက်များကား အသေးအဖွဲများသာဖြစ်သည်။ သာမန်အကြောင်းအရာများသာဖြစ်သည်။

အင်္ဂလိပ်သိပ္ပံပညာရှင်ကြီး သောမတ် အိတ်ချ်ဟပ်က်လေကအောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ဖူးသည်။

"ဝိညာဉ်ပူးလျက်ဟောပြောခြင်း၊ အကြားအမြင်ရခြင်းတို့သည် ပါရမီထူးခြားချက်တစ်ရပ်ဖြစ်သည်ဟုဆိုလျှင် ကျွန်ုပ်ကိုစိတ်ဝင်စားကြမည်မဟုတ်။ ထို့အတူ အကယ်၍ တစ်စုံတစ်ယောက်က အဘွားအိုတစ်ဦးနှင့် အနီးအနားဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးတို့ စကားပြောဆိုနေကြသည်ကို နားထောင်ရန် ကျွန်ုပ်အားပြောကြားခဲ့လျှင်လည်း ယင်းအခွင့်အရေးကို ကျွန်ုပ်လက်မခံ။ ထိုသို့ နားထောင်နေခြင်းထက် စိတ်ဝိညာဉ်ဝါဒ (Spiritualism) ဟူသည် မိမိကိုယ်မိမိသေကြောင်းကြံစည်မှုမပြုအပ်ကြောင်းထပ်လောင်းဆွေးနွေးမှုဖြစ်သည်ဟူ သော ရှင်းလင်းတင်ပြချက်ကို လေ့လာရသည်က ပိုကောင်းပေလိမ့်မည်။ နတ်ပွဲ(ဝိညာဉ်ပူးဟောပြောပွဲ)အတွက် ငှါးရမ်းထားသော နတ်ဝင်သည် (Medium)တစ်ဦးနှင့် ရောက်တတ်ရာရာပြောနေရသည်က ပိုကောင်းသည်"

ဝိညာဉ်ပိုင်းဆိုင်ရာ လေ့လာမှုအရ စုဆောင်းထားရှိသည့်တမလွန်ဘဝနှင့်ပတ်သက်သော အထောက်အထားများသည်ယုံကြည်လောက်သည်ဟုဆိုနိုင်သည်။ သို့ရာတွင် လူတစ်ယောက်သည် သေပြီးသည့်နောက်တွင် (ဝိညာဉ်)ကျန်ရှိနေသေးသည်ဟု

ဆိုလျှင် ထိုသူ၏ အသိဉာဏ်ပိုရှိလာမည်ဟုမဆိုနိုင်။ ပိုမိုအဆင့်မြင့်မားစွာဖြင့် အကြားအမြင် ရမည်ဟုမဆိုနိုင်။

စိတ်ဝိညာဉ်သုတေသနလုပ်ငန်းကို ရှေးဦးစွာ ပြုလုပ်ခဲ့သူတစ်ဦးဖြစ်သည့် ပညာရှင်ကြီး မစ္စတာ "F.W.H မိုင်းယားစ်" ကွယ်လွန်ပြီးသည့်နောက် Medium မှတစ်ဆင့် သူ့အကြောင်း သူ့သူငယ်ချင်းများအား ပြောပြခဲ့ဖူးသည်။ မစ္စတာမိုင်းယားစ်၏ အဆိုအရ တမလွန်လောက၏ အကြောင်းများစွာကို သူမသိနိုင်။ ကမ္ဘာလောကအတွင်းက အရှုပ်အထွေးများနှင့်ပတ်သက်၍ အခက်အခဲများစွာ၊ ပြဿနာများစွာ ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ဆိုလေသည်။

အခြားသုတေသနပညာရှင်တစ်ဦးဖြစ်သူ အက်ဒမန်းဂါးနေး၏ ဝိညာဉ်ကလည်း သူ့စိတ်၊ သူ့အတွေးများနှင့် မိတ်ဆွေဟောင်းများ၏စိတ်၊ အတွေးများကို ဆက်သွယ်မှုမပြုနိုင်ကြောင်း ဝန်ခံခဲ့သည်။ သူ၏မသိနားမလည်မှုအတိုင်းအတာနှင့်ယှဉ်လိုက်လျှင် သူသိနားလည်ထားသည်မှာ နည်းပါးလှသေးသည်ဟု ဆိုလေသည်။

သေပြီးသူ၏ ဝိညာဉ်သည် တမလွန်လောကအကြောင်း အနည်းငယ်သာပြောပြနိုင်သည်။ ကျွန်ုပ်တို့အတွက် အထူးအဆန်းဖြစ်နေသည့် အကြောင်းအရာများနှင့် ပတ်သက်၍ သူတို့အချင်းချင်းလည်း သဘောတူညီမှုမရှိ။ ဥပမာအားဖြင့် 'လူဝင်စား' နှင့်ပတ်သက်၍ သူတို့အချင်းချင်း သဘောကွဲလွဲမှုရှိနေကြသည်။

နာမည်ကျော်သိပ္ပံပညာရှင်ကြီး တစ်ဦးလည်းဖြစ်ပြီး စိတ်၊





ဝိညာဉ်အကြောင်း ရှေးဦးစွာ သုတေသနပြုခဲ့သူနာမည်ကျော် ရူပဗေဒပညာရှင်ကြီး ဆာအော်လီဗာလော့ချ်သည် ကွယ်လွန်ပြီးသည့်နောက် လေးနှစ်အကြာတွင် Medium မှတစ်ဆင့် အောက်ပါအတိုင်းပြောကြားခဲ့သည်။

"ကျွန်ုပ်တင်ပြလိုသည့် အကြောင်းအချက်များ၊ ကောက်ချက်ချမှတ်ချက်များပြောပြရန် အချိန်အတော်ကြာမှ ဆိုင်းငံ့ထားရဦးမည်။ ဝိညာဉ် (Body) သည် အခြားလောကဘဝနှင့် လိုက်လျောညီထွေမဖြစ်နိုင်သေး။ Personality တွင် အတွေ့အကြုံအမျိုးမျိုးရှိရန်လိုအပ်သည်။ ယင်းတို့၏အကျိုးကျေးဇူး ခံစားရပြီးမှသာ ဝိညာဉ် (Body) သည် အခြားလောကဘဝနှင့် အံဝင်ခွင်ကျခြင်းရှိမည်။ သာမန်လူတစ်ယောက်သည် ဝိညာဉ်လောကတွင်ရှိသည့် သူ့အခွင့်အရေးများ၏ ဆယ်ရာခိုင်နှုန်းခန့်သာ ခံစားနိုင်သည်။ သူ့အဖို့ လူဝင်စားပြန်ဖြစ်ဖို့လမ်းသာရှိတော့သည်။ ရှေ့ဆက်ပြီး သူမသွားနိုင်။ ဒီမှာလည်း သူ့ကိုနေခွင့်မပြု။ ခိုအောင်းခွင့်မပြု။ သို့ဖြင့် သူ့အဖို့ ကမ္ဘာလောက (လူ့ဘဝ) သို့ ပြန်ရန်သာရှိတော့သည်"

အခြားဝိညာဉ်တစ်ခုကမူ Medium မှတစ်ဆင့်ပြောရာတွင် "လူဝင်စားရှိသည်ဟု ယုံကြည်ခြင်း" ကို လက်မခံ။ ယင်းမှာ စိတ်ပိုင်းဆိုင်ရာအရ ကြောက်ရွံ့ဖွယ်ဖြစ်သည်။ ဒဿနိကဗေဒအရ ရယ်စရာကောင်းသည်။ ထို့ပြင်ဝိညာဉ်သဘော မမှန်ကန်။ လူဝင်စားဖြစ်ရန်မလိုအပ်။ အကြောင်းမှာ တမလွန်လောကတွင် လိုအပ်သမျှကိုဖြည့်ဆည်းပေးထားခြင်းကြောင့်ဖြစ်သည်။ လူသား

တိုင်းလူ့ဘဝတွင် တွေ့ကြုံရမည့် ဝမ်းနည်းကြေကွဲမှုများ၊ အမှားများကိုလည်း နည်းပါးအောင်ဖန်တီးထားသည်”ဟု ဆိုလေသည်။ Theosephical Society ကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သူ အိပ်ချ်၊ ပီ၊ ဘလာဗက်စကီး၏ ဝိညာဉ်ကလည်း “လူဝင်စား”ကို လက်မခံဟုဆိုလေသည်။

ထိုသို့ တမလွန်လောကမှ ဝိညာဉ်များ၏ သဘောထားကွဲလွဲမှုများက ဝိညာဉ်များသည် ESP မရှိကြောင်း၊ မရကြောင်း ထင်ရှားစေသည်။

အမှန်တွင် ESP သည် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝကို အထောက်အကူမပြုလှချေ။ ရာဇဝတ်မှုနှိမ်နင်းရာတွင် အကြားအမြင်ရသူများက ရဲတပ်အဖွဲ့အား အကူအညီပေးနိုင်သည်ဟု ဆိုကြသည်။ သို့ရာတွင် ရာဇဝတ်မှု၊ လူသတ်မှုတိုင်းကို ESP က ဖြေရှင်းဖော်ထုတ်မပေးနိုင်။ နာမည်ကျော်အကြားအမြင်ရ ပုဂ္ဂိုလ်များကိုယ်တိုင် ဘာမျှမတတ်နိုင်သော ရာဇဝတ်မှု ရာပေါင်းများစွာရှိနေသည်။ အကြားအမြင်ရသူ မည်သူမဆို သူ့စိတ်တိုင်းကျ အကြားအမြင်ကို အသုံးမပြုနိုင်။ ဂျူက်တက္ကသိုလ် လက်တွေ့စမ်းသပ်ခန်းအတွင်း လေ့လာစမ်းသပ်မှုများအရ ESP ဖြစ်ပေါ်ရန်အတွက် အကြားအမြင်အာရုံရရှိလက်ခံမည့်သူနှင့် တမလွန်မှ ပြောကြားပြသပေးမည့်ပုဂ္ဂိုလ်တို့ (Agent) ၏ သဘောထားပေါ်တွင် မူတည်လေသည်။ သူတို့၏စိတ်ပိုင်းဆိုင်ရာ လိုလားမှုလည်း ရှိရန်လိုအပ်သည်။ ထို့ကြောင့်ပင် အကြားအမြင်ရသူမြောက်မြားစွာတို့၏ သတင်းထူးများ သတင်းစာများတွင် ဖော်ပြပါရှိပြီး





နောက်ပိုင်းတွင် အကြားအမြင်မှာ မှေးပျောက်၊ ကွယ်ပျောက်သွားကြခြင်းဖြစ်ဟန်တူသည်။

ဝိညာဉ်အကြောင်း လေ့လာကြသူ စိတ်ပညာရှင်များသည် လူသားတို့၏ သမိုင်းအစဦးတွင် ESP သည် ပိုမိုရေပန်းစားသည်ဟု ယုံကြည်ထားကြသည်။ ယဉ်ကျေးပြီး လူသားတို့ ခေတ်ကာလထက် ရှေးခေတ်လူသားများ၏ ခေတ်ကာလတွင် သဘာဝထက်လွန်ကဲထူးဆန်းသောအဖြစ်အပျက်ကို ပိုမိုဖြစ်ပွားသည်ဟု ဆိုကြသည်။

သာသနာပြုအဖွဲ့များ၊ ခရီးလှည့်လည်သွားလာသူများက တောင်ပင်လယ်ရှိ ကျွန်းသားများသည် မီးခဲရဲရဲပေါ်တွင် ဖိနပ်မပါ လမ်းလျှောက်ကြကြောင်း ပြောပြဖူးကြသည်။ အလားတူပင် အာဖရိကတိုက်သားများသည် အဝေးရပ်ရွာများသို့ ဗုံများတီးလျက် မနောအာရုံဖြင့် သတင်းများပို့ကြသည်။ လူမျိုးတစ်မျိုးမှာ နုနယ်နေချိန်၊ သူတို့ဘဝတွင် အခက်အခဲများပြားနေချိန်၊ ဆက်သွယ်ရေး ခက်ခဲနေချိန်တို့တွင် ESP က လိုအပ်ချက်များကို အမှန်ပင်ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သူတို့ဘဝအသက်ရှင်နေနိုင်ရန်အတွက် ESP မှာ မရှိမဖြစ် လိုအပ်နေသည်။

မျက်မှောက်ကာလတွင်မူ ESP သည် တဖြည်းဖြည်းပြောင်းလဲဖြစ်ပေါ်တိုးတက်မှု (Evolution) ဖြစ်စဉ်တွင် တိမ်မြုပ်သွားဟန်ဖြစ်သည်။ ယခုအခါတွင် အကြားအမြင်ရသူအနည်းငယ်ရှိနေခြင်းကို လက်ခံသင့်မခံသင့်စဉ်းစားသင့်ပေပြီ။ လူအများစုက

အကြားအမြင် ရနေပါက လူသားတို့ဘဝအပေါ် ထိခိုက်နစ်နာမှု ရှိနိုင်လိမ့်မည်။ လူတစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးကိုလည်း ထိခိုက်နိုင်သည်။ စိတ်အာရုံချင်းဆက်သွယ်မှုသည် (မနောအာရုံ) လူတစ်ယောက်၏ လျှို့ဝှက်ချက်တို့ကို ဖော်ပြလှစ်ဟနိုင်မည်။ ကြိုတင်သိနေမှုကြောင့် စိတ်မချမ်းသာဖြစ်ရနိုင်သည်။ လူသားသည် အဘက်ဘက်မှ ပြည့်စုံခြင်း၊ ရင့်ကျက်ခြင်းမရှိသေး။ အခြားသူများ၏ စိတ်သဘောအကြောင်းနှင့် မိမိ၏ အနာဂါတ်ကို လျစ်လျူပြုထားခြင်းဖြင့် ဘဝကို ပိုမိုခံနိုင်ရည်ရှိစေနိုင်သည်။ မရေရာမှုကို မစူးစိုက်မိရန် ESP က အထောက်အကူပြုနိုင်သည်။ မျှော်လင့်ချက်နှင့် ရန်းကန်လှုပ်ရှားရမှုတို့ကို ထောက်ကူနိုင်မည်။ ယင်းတို့မှာ ဘဝကိုအကောင်းဆုံးဖြစ်စေပြီး တန်ဖိုးရှိရှိနေထိုင်နိုင်စေသည့် အစိတ်အပိုင်းများပင်ဖြစ်သည်။

ထိုသို့ဖြင့် ထပ်ဆင့်မေးမြန်းဖွယ်ရာ အကြောင်းတစ်ရပ် ပေါ်လာသည်။

ယင်းမှာ အကြားအမြင်ရသူများကိုယ်တိုင် သူတို့ဘဝတွင် ပုံမှန်ဘဝဖြင့် ပျော်ရွှင်စွာနေနိုင်ခြင်း ရှိ၊ မရှိဟူသော မေးခွန်းပင်ဖြစ်သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ရှင်းပြရန်အတွက် အကြောင်းအချက် ပြည့်စုံစွာမရှိသေး။ လူဝင်စားမြောက်မြားစွာတို့ကို လေ့လာခဲ့သူ ဒေါက်တာ အီယန်စတီဗင်ဆင်၏ အဆိုအရ မိမိယခင်ဘဝဟောင်းကို ပြန်သိ၊ ပြန်ပြောနိုင်သူအမျိုးသား၊





အမျိုးသမီးအများအပြားတို့အဖို့ ယင်းသို့ပြောပြရသည်မှာ စိတ်မကောင်းစရာ ဖြစ်နေတတ်သည်။

"ဘဝဟောင်းကို သိသူများသည် ထိုသို့သိရသည့်အတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ လူအများကမူ ထိုသူများ အခြားသူများလောက် မပျော်ရွှင်နိုင်ဟုထင်ကြသည်။ ထိုသူများကို ချို့ယွင်းချက်ရှိသူဟု သဘောမထားဘဲ အထူးလက်ဆောင်မွန်ရသူများဟု သဘောထားလျှင် ပိုကောင်းပေမည်"ဟု ဒေါက်တာစတီဗင်ဆင်က ဆိုလေသည်။

အတိတ်ဘဝအကြောင်း သတိရမှတ်မိနေခြင်းကြောင့် မျက်မှောက်ဘဝရေးရာများကို ထိပါးနိုင်သည်။ မျက်မှောက်ဘဝနှင့် လိုက်လျောညီစွာဖြစ်မှုကိုလည်း အနှောက်အယှက်ဖြစ်စေနိုင်သည်။

ESP သည် ကိုယ်ကျင့်တရား၊ အသိဉာဏ်ပညာတို့နှင့် ပတ်သက်၍ ဘာမျှမပတ်သက်၍ ကမ္ဘာ့ဘာသာတရားကြီးများက စိတ်ဝင်စားမှု အနည်းငယ်သာရှိခြင်းမှာ အံ့သြဖွယ်မဟုတ်ချေ။

ဝိညာဉ်များကိုလေ့လာသည့် စိတ်ပညာ (Parapsychology) မှာ နုနယ်လှသေးသည်။ ESP စွမ်းအင်ရှိသူတို့၏ ဘဝအကြောင်းကိုလည်း ဝိညာဉ်များကို လေ့လာသူစိတ်ပညာရှင်များက အသေအချာ ပြည့်ပြည့်စုံစုံလေ့လာခြင်း မပြုနိုင်ကြသေးပေ။

ESP ၏ သဘောသဘာဝနှင့်ပတ်သက်၍ ထပ်မံသုတေသနပြုလုပ်ကြရန် လိုအပ်နေသေးသည်။ အကြားအမြင်

ရသူသည် သူတော်စင်ဖြစ်၍မဟုတ်၊ အသိဉာဏ်ပညာကြောင့် မဟုတ်၊ ဉာဏ်ရည်ကောင်းလွန်း၍မဟုတ်ဟု သဘောထားနိုင်လျှင် အကောင်းဆုံးဖြစ်ပေသည်။ ထို့ပြင် ESP ကို ရှာကြံရယူခြင်း လည်း မပြုအပ်။ အကြောင်းမှာ ESP သည် အလွန် တွေ့ရှိ ရရှိရန်ခက်ခဲသည်။ ထိန်းသိမ်းကွပ်ကဲမှုပြုရန်လည်း မလွယ်။ အလွန်လည်း ရှားပါးခြင်းကြောင့်ဖြစ်သည်။

သို့ရာတွင် စိတ်ဝင်စားမှုမရှိသော သိပ္ပံပညာရှင်များကြောင့် အထူးအဆန်းဖြစ်စဉ်များ လေ့လာမှုကိုလျော့ပါး၊ နည်းပါးမသွား စေချင်ပါ။

စကြဝဠာကြီးအကြောင်း ရုပ်ပိုင်းကျကျအမြင်ဖြင့် စိတ်ကူး ဖြင့်ကြံနေကြသကဲ့သို့ ကောင်းကင်ဘုံနှင့် ကမ္ဘာမြေပေါ်တွင် စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ လေ့လာဖွယ်အကြောင်းအရာ များစွာရှိ နေသည်မှာ သံသယရှိစရာမလိုချေ။

စိတ်ဝိညာဉ်ဆိုင်ရာသုတေသနပြုချက်များက စိတ်အာရုံ ဆိုင်ရာ အဖြစ်အပျက်အဆန်းများ၏ အထောက်အထားများကို စုဆောင်းရရှိထားပြီးဖြစ်သည်။ ယင်းသို့သုတေသနပြုလုပ်မှုက ထူးဆန်းအံ့ဩဖွယ်ကောင်းပြီး လူကြိုက်များ၊ လူသိများ သည့် ပုံပြင်များကို ဖော်ထုတ်နိုင်ခဲ့သည်။ သိနားလည်မှုဖြင့် အယူသည်း၊ အစွဲအလမ်းကြီးမှုကို အစားထိုးနိုင်ခဲ့လေသည်။

(U Aye Maung, "Second Thoughts About ESP", The Guardian, July, 1976)

❋



## ကိုင်ရို၏ ဘဝတစ်ကွေ့မှတ်တမ်းများ

မစ္စက် ဟယ်လင်နာဘလာဗက်စကီးက သူ့ကို 'လောကီ ပညာရပ်'များကြောင့် နာမည်ကျော်ကြားခဲ့သည့် အီတလီနိုင်ငံ မှ မြို့စားကြီး ကာဂလီယိုစထရို ဝင်စားသူဟု ဆိုသည်။

"Anthroposophicel" အသင်းကို စတင်တည်ထောင် ခဲ့သူ ဒေါက်တာ ရူးဒေါ့စတိန်နာကမူ သူ့ကို နောက်ထပ် ပေါ်ပေါက်လာသည့် 'နော်စထရာဒူးမတ်စ်' (Nostradamus) တစ်ဦးဖြစ်သည်ဟုဆိုသည်။

အော်စကာဝိုင်း၏အဆိုအရမူ သူသည် လူသားတို့ အကြောင်းပြောကြားရာတွင် အမှား၊ အမှန်များကို ဟောသူ မဟုတ်။ လူသားတို့အတွက် အနာဂတ်လျှို့ဝှက်ချက်ကို ဖော် ထုတ်သူဖြစ်သည်ဟုဆိုလေသည်။

'သူ'ဟူသည်ကား နာမည်ကျော် လက္ခဏာဆရာကြီး ကိုင်ရို (Cheiro)ပင်ဖြစ်သည်။ "Cheiro"ဟူသည် ဂရိဘာသာ စကားဖြစ်ပြီး 'လက်ဖဝါး' (Palm)ဟု အဓိပ္ပာယ်ရလေသည်။

လက္ခဏာပညာရပ်ကို အံ့သြလောက်အောင် တတ်ကျွမ်းနားလည်သူဟုဆိုရလောက်သဖြင့် သူ့အမည်မှာ 'လက်ဖဝါး' "Cheiro" ဟု ကျော်ကြားခဲ့ခြင်း ဖြစ်နိုင်လေသည်။

ကိုင်ရိုသည် ၁၈၆၂ ခုနှစ်တွင် အိုင်ယာလန်နိုင်ငံ 'မိသ်ကောင်တီ'တွင် မွေးဖွားခဲ့သည်။ သူ စာဖတ်တတ်၊ ရေးတတ်သည့်အရွယ်မှစ၍ 'လက္ခဏာ'ပညာရပ်ကို စတင်လေ့လာခဲ့သည်။ ထိုအချိန်ကပင် ကျောင်းအားလပ်ရက်များ၌ အနီးအနားရှိ လူများကို လက္ခဏာကြည့် ဟောပြောပေးခဲ့သည်။ ထို့နောက် လန်ဒန်မြို့တွင် အနုပညာရပ်များလေ့လာပြီး ဇာတ်ခုံပေါ်တွင် တက်ရောက်သရုပ်ဆောင်ခဲ့သည်။ ငယ်စဉ်က ရုပ်ရည်ချောမောလှပသူတစ်ဦးလည်းဖြစ်သည်။

ထိုစဉ်မှာပင် ကိုင်ရိုက သူမကြာမီ အင်္ဂလန်မှထွက်ခွာသွားတော့မည်။ အိန္ဒိယနှင့် အီဂျစ်နိုင်ငံတို့သို့ ကာလကြာမြင့်စွာသွားရောက်ပြီး "Black Arts" ဟုခေါ်သည့် နက်နဲဆန်းကြယ်လှသော 'ဂမ္ဘီရ'လောကီပညာရပ်များကို လေ့လာမည်ဟု သူနှင့်ဇာတ်ကဖက် အမျိုးသမီးတစ်ဦးကိုပြောသွားခဲ့ဖူးသည်။

ထိုအချိန်က သူ့အမည်မှာ 'ကိုင်ရို'ဟု မခေါ်ကြသေး။ 'လူးဝစ် ဝါးနား'ဖြစ်သည်။ လူးဝစ်ဝါးနားဘဝမှ ကိုင်ရိုဘဝရောက်လာသည့်အခါ လက္ခဏာအရဖြင့်သာမဟုတ်။ 'အကြားအမြင်'ဖြင့်လည်း ဟောပြောသူဖြစ်သည်ဟု နာမည်ကျော်ကြားလာသည်။

ကိုင်ရိုသည် အီဂျစ်၊ အိန္ဒိယနှင့် တိဘက်တို့တွင် ပညာရပ်အမျိုးမျိုးတို့ကို လေ့လာဆည်းပူးခဲ့သူဖြစ်သည်။ အင်္ဂလန်သို့





ပြန်ရောက်သည့်အခါ အကျဉ်းကျနေသူ၊ ဆေးရုံတက်နေရသူ၊ အခြားလူအများတို့ကို စာရင်းဇယားပြုစုပြီး လက္ခဏာနှင့်ပတ်သက်၍ လေ့လာသည်။ ဟောပြောသည်။

ထိုစဉ်က ကိုင်ရိုသည် ကမ္ဘာပေါ်တွင် 'လက္ခဏာ' ပညာ၌ ပြိုင်ဘက်ကင်းသူဖြစ်လေသည်။

"ကိုင်ရိုသည် ၁၉၁၄ ခုနှစ်တွင် ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီး လေးနှစ်အကြာတွင် ကမ္ဘာစစ်ကြီးပြီးမည်"ဟု ကြိုတင်ဟောပြောခဲ့သည်။ ဗဟိုအင်အားကြီးနိုင်ငံများနှင့် ရုရှားနိုင်ငံပြိုကွဲမည်ဟုလည်း ဆိုခဲ့သည်။

ကိုင်ရိုပြုစုသည့် "Fate In The Making" (1927) စာအုပ်တွင် "ဝေလမင်းသားသည် အချစ်ရေးအရှုပ်အထွေးကြောင့် ထီးနန်းစွန့်ရမည်"ဟု အတိအကျရေးသားဟောပြောထားခဲ့သည်။

ထို့နောက် ကိုင်ရိုသည် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားမည်ကိုလည်း ကြိုတင်ဟောပြောခဲ့သည်။ အလားတူပင် လူအများသည် မွန်းကြပ်နေသောမြို့ကြီးများ၏ ပတ်ဝန်းကျင်အခြေအနေကြောင့် ကျန်းမာရေးထိခိုက်ကြမည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ မော်တော်ကားများလည်း ပိုမိုများပြားလာမည်။ မော်တော်ကားများသည် တစ်စက္ကန့်အတွင်းမှာပင် ညစ်ညမ်းစေသည့်သေးငယ်လှသောအရာပေါင်း ၅၀၀၀ ကျော် ထုတ်လွှတ်နိုင်မည်ဟု ကိုင်ရိုက ကြိုတင်ဟောပြောခဲ့သည်။

ကိုင်ရို၏အဆိုအရ သူဟောပြောသည့်အခါတွင် သူ့စိတ်ကို ဖုံးလွှမ်းထားသည့် 'ကော့စမစ်'လှိုင်းများကို တိုးမြှင့်လိုက်

သည်။ ထိုအခါ သူ့စိတ်ကို အခြားမည်သည့်အရာကမှ မဟန့်တားနိုင်တော့။ ယင်းကော့စမစ်လှိုင်းများမှတစ်ဆင့် စိတ်တန်ခိုး၊ စိတ်စွမ်းအင်တို့ကို ထုတ်ယူသည်။ ယင်းကော့စမစ်လှိုင်းများသည် လူတိုင်းကိုဝန်းရံလျက်ရှိသည်။ ယင်းလျှပ်စစ်လှိုင်းများက သူ့ 'အသိ'ဉာဏ်ကိုပိုမိုစွမ်းအားကောင်းစေသည်ဟု ဆိုလေသည်။

အင်္ဂလန်နိုင်ငံမှ နာမည်ကျော်ရှေ့နေကြီး 'ဆာ အက်ဒွတ်မာရှယ်ဟောလ်'သည် လူငယ်ဘဝက ကိုင်ရိုနှင့်တွေ့ခဲ့ဖူးသည်။ ထိုစဉ် ကိုင်ရိုက "ခင်ဗျားကို ရှေးဟောင်းအိမ်ကြီးတစ်အိမ်မှာတွေ့မြင်နေရတယ်။ အိမ်ကြီးက ကြီးမားလှတဲ့ဥယျာဉ်ကြီးထဲမှာရှိတယ်။ အချိန်ကညပိုင်းဖြစ်တယ်။ လူအများအပြားက ခင်ဗျားကိုဝန်းဝန်းချီးကျူးနေကြတယ်။ ပန်းပွင့်တွေကြဲဖြန့်နေကြတယ်။ ခင်ဗျားအနီးမှာ ခင်ဗျားလောက် အရပ်မရှည်တဲ့ အမျိုးသမီးတစ်ယောက်ကိုတွေ့ရတယ်။ သူက လက်ကိုင်ပုဝါအနီကို ဖွေ့ရမ်းနေတယ်"ဟု ပြောခဲ့ဖူးသည်။

ထို့နောက် ၂၅ နှစ်အကြာတွင် ဆာအက်ဒွတ်သည် ပါလီမန်အမတ်အဖြစ် အရွေးခံရသည်။ ထိုသို့အရွေးခံရသည့် ညတွင် ရှေးဟောင်းအင်္ဂလိပ်စံအိမ်ကြီးတစ်အိမ်၌ သူ့ကို ဂုဏ်ပြုသောအားဖြင့် ညစာစားပွဲကြီးကျင်းပခဲ့သည်။ ဂုဏ်သရေရှိ လူကြီးများ တက်ရောက်ပြီး သူ့ကိုဂုဏ်ပြုကြသည်။ အချို့က ကခုန်ရင်း ပန်းများကိုကြဲကြသည်။ ထိုစဉ် ကိုင်ရို၏ဟောပြောချက်ကို သတိရပြီး ဆာအက်ဒွတ်သည် သူ့ဇနီးကို လှမ်းကြည့်လိုက်သည်။ သူ့ဇနီးက 'အဖြူရောင်' လက်ကိုင်ပုဝါကိုဖွေ့ရမ်းနေသည်။





ထိုအခါထုံးတမ်းစဉ်လာအရ 'အမတ်'၏ဇနီးသည် လက်ကိုင်ပုဝါ 'အနီ'ရောင်ကို ဖွေ့ရမ်းရသည်ဟု ဝိုင်းပြောကြသည်။ ထို့ကြောင့် ဆာအက်ဒွတ်၏ဇနီးသည် 'အနီရောင်'လက်ကိုင်ပဝါကိုဖွေ့ယမ်းရလေတော့သည်။

မြို့စားကြီးဟာမွန်သည် ကိုင်ရိုနှင့်သာမက ကိုင်ရို၏ဇနီး 'မစ်(စ်)ကာရီးလွမ်ဘတ်'နှင့်လည်း ရင်းနှီးသူဖြစ်သည်။ မစ္စတာဟာမွန်၏ ပြောပြချက်အရ မစ်(စ်)လွမ်ဘတ်နှင့် ကိုင်ရိုတို့၏ မေတ္တာဇာတ်လမ်းမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

၁၉၁၁ ခုနှစ်တွင် လန်ဒန်မြို့ရှိ ကိုင်ရို၏ရုံးခန်း၌ မစ်(စ်)လွမ်ဘတ်သည် ကိုင်ရိုနှင့်တွေ့ခဲ့သည်။ ကိုင်ရိုထံ 'လက္ခဏာ' လာကြည့်ခြင်းဖြစ်သည်။ ကိုင်ရိုက လက္ခဏာကြည့်ရန် သူ့လက်ကိုဆွဲယူ လိုက်စဉ်မှာပင် မစ်(စ်)လွမ်ဘတ်သည် ကိုင်ရိုကိုချစ်လိုက်မိသည်ဟုဆိုလေသည်။

"ခင်ဗျားဟာ ကြီးမားခက်ခဲတဲ့လုပ်ငန်းကြီးတွေ လုပ်ရမယ်။ စိတ်မချမ်းမြေ့စရာတွေလဲကြုံရတတ်တယ်။ နောက်ဆုံးတော့ ပျော်ပျော်ရွှင်ရွှင်နေသွားရမှာပါ။ အိမ်ထောင်ပြုပြီးလို့ သားလေးမွေးတဲ့အခါ 'စိတ်ရောဂါ'ရှိသူ ဖြစ်နိုင်တယ်။ ခင်ဗျားရဲ့ ခင်ပွန်းဟာလည်း နှစ်ပေါင်းများစွာ အိမ်ကပျောက်သွားမယ်။ သူပြန်လာချိန်ကို အကြာကြီးစောင့်ရမယ်" စသည်ဖြင့် ဟောလိုက်သည်။

ထိုအခါ မစ်(စ်)လွမ်ဘတ်က ပြန်ပြောလိုက်သော စကားမှာ "ပွင်လင်း"လှသည်။

"ရှင်ဟာ ကျွန်မလက်ထပ်လိုတဲ့သူဖြစ်တယ်" ဟူ၏။

ထို့နောက် ၁၉၂၁ ခုနှစ်တွင် ကိုင်ရိုသည် မစ်(စ်)လွှမ်းဘတ်နှင့် လက်ထပ်ခဲ့လေသည်။

မှတ်သားလောက်သည်မှာ ကိုင်ရိုသည် သူသေမည်ကို အတိအကျပြောနိုင်ခဲ့သည်။ သူသည် ဟောလိဝုဒ်ရှိ အိမ်ခန်းထဲ၌ မေ့မြောနေသည်။ ထိုစဉ် ရုတ်တရက်ပြန်သတိရလာသည်။ သူကောင်းကောင်းသတိရလာပြီဟု သမားတော်ကြီးများက ပြောကြသည်။

ထိုစဉ် "ကျွန်တော် သိပ်ပျော်တာပဲဗျာ၊ ကျွန်တော့်ဆရာနဲ့ တွေ့တယ်ဗျ၊ ကျွန်တော် ကြာသပတေးနေ့ နံနက် ၃ နာရီ ၄၅ မိနစ်မှာ ကျွန်တော် သေမယ်လို့ ဆရာကပြောတယ်" ဟု ကိုင်ရိုက မြည်တမ်းပြောပြလေသည်။

အမှန်ပင် ၁၉၃၄ ခုနှစ် အောက်တိုဘာလ ၂၂ ရက် ကြာသပတေးနေ့ နံနက် ၃ နာရီ ၄၅ မိနစ်အချိန်တွင် ကိုင်ရို ကွယ်လွန်ခဲ့လေသည်။

ကိုင်ရို၏ဇနီး မစ်(စ်)လွှမ်ဘတ်မှာမူ ၁၉၄၂ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့ရှာသည်။

⁎



၂၀ ရာစု အကြားအမြင်ပညာရှင်ကြီး

# လူ့အာကျိုးဆောင် အက်ဂါကေဆီး

"အားလုံး ဘာပြောလိုကြပါသလဲ၊ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးမယ်"၊ "သူတစ်ပါးကို အကူအညီပေးမယ်၊ အထူးသဖြင့် နာမကျန်းဖြစ်နေတဲ့ ကလေးငယ်တွေကို ကုသပေးမယ်"

နာမည်ကျော် အကြားအမြင်ရသည့် ပုဂ္ဂိုလ်ဖြစ်သူ အက်ဂါကေဆီး၏ ဂါရဝစကားများပင်ဖြစ်သည်။ သူ အကြားအမြင်ရစက ပြောလေ့ပြောထရှိသည်များဖြစ်သည်။

အက်ဂါကေဆီးသည် အသက်အရွယ် တဖြည်းဖြည်းကြီးရင့်လာသည်နှင့်အမျှ သူ့ကို လူအများက ယုံကြည်လာကြသည်။ လေးစားလာကြသည်။

အက်ဂါကေဆီး ငယ်စဉ်က သတိမေ့မြောသွားခဲ့ဖူးသည်။ သတိပြန်ရလာသော်လည်း စကားမပြောနိုင်။ အသံလည်းမထွက်

တော့။ ထို့ကြောင့် သူ့မိဘများက သမားတော်ကြီးများနှင့် ကုသရန်ကြိုးစားခဲ့သည်။

နောက်ဆုံးတွင်မူ အက်ဂါကေဆီး၏ဝေဒနာကို 'အိပ်မွေ့ချနည်း'ဖြင့်ကုသရန် စီစဉ်ခဲ့ကြသည်။ အက်ဂါကေဆီးအား အိပ်မွေ့ချကုသခဲ့ပြီးနောက်ပိုင်းတွင် အက်ဂါကေဆီးသည် စိတ်စွမ်းအင်များ ထူးခြားလာပြီး ကြိုတင်ဟောကိန်းများကို ဟောပြောလာနိုင်ခဲ့သည်။ အခြားနာမကျန်းသူများကိုလည်း ဆေးဝါးကုသပေးနိုင်ခဲ့သည်။

အက်ဂါကေဆီးသည် ၁၈၇၇ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ၁၉၂၃ ခုနှစ်အထိ အက်ဂါကေဆီးသည် ကျန်းမာရေးနှင့်ပတ်သက်၍သာ ဟောပြောကုသမှုများကို ပြုလုပ်နေခဲ့သည်။ ထိုနှစ်တွင် အက်ဂါကေဆီးသည် အိုဟိုင်းအိုးပြည်နယ်မှ ပုံနှိပ်လုပ်ငန်းရှင် အာသာလင်းမားဆိုသူနှင့်တွေ့ခဲ့သည်။ ထိုသူ၏အတိတ်ဘဝကို အက်ဂါကေဆီး၏ စိတ်စွမ်းအင်ဖြင့် ဆန်းစစ်ကြည့်ခဲ့နိုင်သည်။ ထိုမှစ၍ အက်ဂါကေဆီး၏ ဟောပြောချက်များမှာ 'လူဝင်စား'နှင့်ပတ်သက်၍ လေ့လာသူများ၊ အသင်းအဖွဲ့များအတွက် အဓိက အခြေပြုရာဖြစ်လာသည်။

အက်ဂါကေဆီးသည် ဟောပြောမှုကို နေ့စဉ် ခုနစ်ကြိမ်၊ ရှစ်ကြိမ်ခန့်ပြုလုပ်လေ့ရှိသည်။ အက်ဂါကေဆီး၏ ဟောပြောချက်ပေါင်း ၃၀,၀၀၀ ခန့်ရှိခဲ့သည်။

သူ့အသက် ၆၇ နှစ်အရွယ်တွင် လူ့အကျိုးပြုလုပ်ငန်း





များကို လုပ်ဆောင်ရလွန်းသဖြင့် သူ့အဖို့အလွန်ပင်ပန်း နွမ်းနယ်နေပြီဖြစ်သည်။

**အက်ဂါကေဆီး၏ ဟောပြောချက်အချို့**

အက်ဂါကေဆီးသည် လူ့ခန္ဓာကိုယ် ကျန်းမာရေး၊ အိပ်မက်တို့နှင့်ပတ်သက်၍ ဟောပြောချက်များ မြောက်မြားစွာ ဟောပြောခဲ့သည်။ ဆေးဝါးနှင့်ပတ်သက်၍ ယုန်သွေးကို ကင်ဆာရောဂါကုသသည့်ဆေးအဖြစ် ဖော်စပ်ခဲ့သည်။ ကင်ဆာရောဂါဝေဒနာရှင်အချို့ကို ကုသပေးခဲ့သည်။

၁၉၂၉ ခုနှစ်တွင် အက်ဂါကေဆီးက "စတော့ဈေးကွက်ပျက်တော့မည်"ဟု ကြိုတင်ဟောနိုင်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီး ဆိုက်မည်ကိုလည်း ကြိုတင်ဟောပြောခဲ့သည်။

ထို့အတူ ၁၉၅၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း ကမ္ဘာတစ်ဝန်း၌ မြေငလျင်များလှုပ်လိမ့်မည်ဟုလည်း ဟောခဲ့သည်။

အက်ဂါကေဆီး၏ ဟောပြောချက်များအနက် ထူးခြားချက်တစ်ချက်မှာ ကမ္ဘာမြေနှင့်ပတ်သက်သည့် ဟောပြောချက်တစ်ချက်ပင်ဖြစ်သည်။ ယင်းမှာ ကမ္ဘာမြေပေါ်မှ ထူးဆန်းစွာ ပျောက်ကွယ်သွားသည့်'အတ်တလန်တစ်' (Atlantis)အကြောင်းပင်ဖြစ်သည်။

**ထူးဆန်းစွာပျောက်ဆုံးသွားသော အတ်တလန်တစ်**

အတ်တလန်တစ်ဟုခေါ်သည့် ရှေးဟောင်းမြို့ပြနိုင်ငံကြီး

တစ်နိုင်ငံသည် ယခုခေတ် ဘဟားမားနိုင်ငံဝန်းကျင်တွင် တည်ရှိခဲ့သည်ဟု ယူဆထားကြသည်။

ယင်း အတ်တလန်တစ်နိုင်ငံတော်နှင့် ပတ်သက်၍ ဂရိပညာရှင်ကြီး ပလေတိုကရေးသားဖော်ပြခဲ့ဖူးသည်။ ထိုအချိန်မှစ၍ လူအများတို့ အတ်တလန်တစ်အကြောင်း စိတ်ဝင်စားလာကြသည်။

အတ်တလန်တစ်မြို့ကြီး ကွယ်ပျောက်သွားရခြင်းမှာ တစ်နေ့လုံး,တစ်ညလုံးမိုးသည်းထန်စွာရွာပြီးနောက်ရေအောက် နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်ဟု ပလေတိုကဆိုသည်။

အက်ဂါကေဆီးကမူ မီးတောင်များပေါက်ကွဲမှု၊ မြေပြိုမှုများကြောင့် အတ်တလန်တစ်မြို့ကြီး ကွယ်ပျောက်ရခြင်းဖြစ်သည်။ လစဉ်လတိုင်း ငလျင်လှုပ်၊ မြေပြို၊ နှစ်စဉ်နှစ်တိုင်း ငလျင်လှုပ်၊ မြေပြို၊ ထိုသို့ဖြင့်ကြာသော် အတ်တလန်တစ်မြို့ကြီး ပျောက်ကွယ်ခဲ့ရသည်။ တစ်နေ့လုံးတစ်ညလုံး မိုးသည်းထန်စွာ ရွာ၍မဟုတ်ဟု အက်ဂါကေဆီးက ဆိုလေသည်။

ပထမဦးပိုင်း မီးတောင်ပေါက်ကွဲမှု၊ မြေပြိုမှုများမှာ ခရစ်တော်မပေါ်မီ ဘီစီ ၅၀၇၀၀ ခန့်ဖြစ်သည်။ ဒုတိယအကြိမ် မီးတောင်ပေါက်ကွဲမှု၊ မြေများအက်ကွဲပြိုကျမှုမှာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၂၈၀၀၀ ခန့်က ဖြစ်သည်။ နောက်ဆုံးအကြိမ်မှာ ဘီစီ ၁၀၀၀၀ ခန့်ကဖြစ်သည်ဟု ဆိုလေသည်။

အတ်တလန်တစ်မြို့တော်ကြီး ပြိုကွဲပျက်စီးတော့မည်ဟူသော ကြိုတင်သတိပေးမှုများကြောင့် လူအမြောက်အမြား





တို့သည် ဥရောပ၊ အာဖရိက၊ တောင်အမေရိက၊ မြောက်အမေရိကဒေသများသို့ ထွက်ပြေးသွားကြသည်ဟု ဆိုသည်။

အတ်တလန်တစ်မြို့တော်ကြီးသည် နှစ်ပေါင်းများစွာကြာမြင့်အောင် တည်တံ့ခဲ့သည်။

ထိုခေတ်ထိုအခါက မီးပုံးပျံကဲ့သို့သော လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။ ရေငုပ်သင်္ဘောများရှိသည်။ စက်လှေကားများလည်းရှိသည်။ 'သေမင်းရောင်ခြည်'ခေါ် အလွန်စူးရှတောက်ပသည့် ရောင်ခြည်မျိုးကိုလည်း အသုံးပြုတတ်ကြသည်။ အဏုမြူစွမ်းအင်ကိုပင် အသုံးပြုနိုင်ကြသည်ဟုဆိုသည်။ ထို့အတူ နေရောင်ခြည်စွမ်းအင်ကိုလည်း လူ့အကျိုးပြုလုပ်ငန်း၊ အဖျက်လုပ်ငန်းများတွင် အသုံးပြုခဲ့ကြသည်။

ထိုခေတ်ထိုကာလက ရေဒီယို၊ ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို ပြုလုပ်နိုင်စွမ်းခဲ့သည်။ အခြားဒေသ၊ အခြားနိုင်ငံများနှင့် အလွန်ခေတ်မီသော ဆက်သွယ်ရေးစနစ်များဖြင့် ဆက်သွယ်နိုင်စွမ်းခဲ့သည်။ အချို့ခေတ်မီနည်းပညာများမှာ မျက်မှောက်ခေတ်ကာလ သိပ္ပံပညာရှင်ပင်ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခြင်းမရှိသေးဟုဆိုလေသည်။ စက်ယန္တရား၊ လေဆာရောင်ခြည်များဖြင့် လူ့အကျိုးကို သယ်ပိုးနိုင်ခဲ့ကြသည်။

အတ်တလန်တစ်မြို့၏ပုံစံမှာ ဘုရင်စနစ်မျိုးဖြစ်သည်။

ယခုခေတ်အခေါ် အိန္ဒိယ၊ တရုတ်၊ အရှေ့တောင်အာရှဒေသများနှင့် လေကြောင်း၊ ရေကြောင်း၊ ကြည်းကြောင်း ဆက်

သွယ်မှုများရှိခဲ့သည်။ ခေတ်မီဆေးဝါးများဖော်စပ်နိုင်ပြီး ခေတ်မီဆေးရုံကြီးလည်း ရှိသည်။

အတ်တလန်တစ်မြို့တော်သူ မြို့တော်သားများမှာလည်း ခေတ်အလိုက် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ကြသည်။ သို့ဖြင့် မိမိတို့ပညာအခန်းကဏ္ဍအလိုက် တာဝန်ထမ်းဆောင်ကြရသည်။

ထို့ပြင် အက်ဂါကေဆီး၏ ဟောပြောချက်များတွင် အတ်တလန်တစ်နှင့် အီဂျစ်ယဉ်ကျေးမှုဆက်နွယ်မှု၊ မာယာယဉ်ကျေးမှု၊ အင်ကာယဉ်ကျေးမှုပေါ်ပေါက်လာပုံတို့ကိုလည်း အသေးစိတ် ဟောပြောထားသည်။

အီဂျစ်နိုင်ငံတွင် ပိရမစ်ကြီးများ တည်ဆောက်ခဲ့သည့်နည်းတူ ခရစ်တော်မပေါ်မီ ဘီစီ ၁၀၄၉၀ မှ ဘီစီ ၁၀၃၉၀ ကာလအတွင်းတွင် အတ်တလန်တစ်မြို့တော်ကြီး၌ 'မဟာပိရမစ်ကြီး'ကို တည်ထောင်ခဲ့ဖူးသည်ဟု အက်ဂါကေဆီးက ဆိုလေသည်။

## လူဝင်စား

အက်ဂါကေဆီးသည် 'လူဝင်စား'ကို လုံးဝလက်ခံ ယုံကြည်သူဖြစ်သည်။ လူဝင်စားရှိသည်ကိုလည်း လက်ခံသည်။ လူတစ်ယောက် သေဆုံးပြီးပါက လူအဖြစ်ပြန်လည် ဝင်စားနိုင်သည်ကို ကောင်းစွာ သဘောပေါက်သည်။

အက်ဂါကေဆီးသည် လူဝင်စားနှင့် ဘာသာရေးကို နှိုင်းယှဉ်လျက် ဟောပြောခဲ့သည်။





သူ၏ဟောပြောချက်များမှာ လူသားများအား အကျိုးပြုရန်ဖြစ်သည်။ လူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုရန်ဖြစ်သည်ဟု အက်ဂါကေဆီးက ဆိုသည်။

ဟောပြောချက်များကို ဘာသာရပ်အလိုက် ဟောပြောသည်။ ဟောပြောနေရင်းဖြင့် မေးခွန်းများမေးရန် အချိန်ပေးသည်။ ထို့နောက် ပြန်လည်ဖြေကြားသည်။

၁၉၄၄ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အက်ဂါကေဆီးသည် သူ၏နောက်ဆုံး ဟောပြောချက်ကို ဟောပြောခဲ့သည်။

ယခုအခါ အက်ဂါကေဆီး ကွယ်လွန်ခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီးဖြစ်သည်။ လူသာသေသော်လည်း သူ့ဟောပြောချက်များမှာ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ မျက်မှောက်ကာလ လူအမြောက်အမြားတို့ စိတ်ဝင်စားဆဲ၊ လေ့လာဆဲဖြစ်သည်။

သူ့ကိုယုံကြည်သူ၊ လေးစားသူ၊ ကြည်ညိုသူအများအပြားရှိနေဆဲဖြစ်ပြီး သူ့ဟောပြောချက်များကို ယနေ့တိုင် ဆက်လက်လက်ဆင့်ကမ်းနေကြဆဲဖြစ်သည်။

**James Bjornstad, "Jeane Dixon, Edgar Cayce Twentieth Century Prophcey".**

❋

# ထူးထူးခြားခြား
# အရေပြား၏ အမြင်အာရုံ

လူ့လက်သည် 'မြင်နိုင်စွမ်းရှိသည်'ဟုဆိုက ယုံနိုင်ဖွယ်ရာ၊ လက်ခံနိုင်ဖွယ်ရာရှိလိမ့်မည်မထင်။ ရယ်စရာဟုပင် သဘောထားကြပေလိမ့်မည်။

သို့ရာတွင် လူ့လက်ချောင်းများမှ ထူးခြားသည့် 'အရေပြား၏ အမြင်အာရုံ'ကို သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားလျက်ရှိကြသည်။ အသေအချာလည်း လေ့လာစူးစမ်းနေကြသည်။

ရုရှားမှ အသက် ၁၀ နှစ်အရွယ် မိန်းကလေးငယ် ရိုဆာကူလီရှိဗာသည် 'အရေပြား၏ အမြင်အာရုံ'ရှိသူဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ရိုဆာကူလီရှိဗာသာမက အခြားသူများတွင်လည်း 'အရေပြား၏ အမြင်အာရုံ'ရှိနေကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

ရိုဆာကူလီရှိဗာနှင့် အခြား 'အရေပြား၏ အမြင်အာရုံ'





ရှိသူများကို လက်တွေ့လေ့လာစမ်းသပ်စစ်ဆေးမှုများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

## ရိုဆာကူလီရှိဗာ

သိပ္ပံပညာရှင်များ၏ လက်တွေ့စမ်းသပ်ချက်အရ ရိုဆာကူလီရှိဗာသည် မီးခံသေတ္တာထဲတွင် အလုံပိတ်ထည့်ထားသည့် အရာများကိုလည်း မြင်၊ သိနိုင်ကြောင်း လက်တွေ့ပြနိုင်ခဲ့သည်။ မိမိအိပ်ခန်းတွင်းမှပင် အခြားအိမ်နီးချင်းတစ်ဖက်ခန်းတွင် ဘာလုပ်နေကြသည်ကို အတိအကျပြောပြနိုင်သည်။ ကော်ဇောအောက်တွင် ဖုံးဝှက်ထားသော ရုပ်ပုံများကိုလည်း မည်သို့သော ပုံများဖြစ်ကြောင်း ဖော်ပြနိုင်သည်။

သိပ္ပံပညာရှင်များအဖို့ ရိုဆာကူလီရှိဗာ၏အစွမ်းကို 'လက်မြှောက်'ရတော့မည့်ကိန်းမျိုး ဆိုက်ခဲ့ကြရသည်။

သတင်းစာဆရာတစ်ဦးဖြစ်သူ ဂါလီနာဘက်ရှ်ကီရိုဗာသည် ရိုဆာကူလီရှိဗာ၏ သတင်းကို ကြားလျှင်ကြားချင်း သူ့ထံ အရောက်သွားခဲ့သည်။

ရိုဆာကူလီရှိဗာ၏ မျက်နှာကို အဝတ်ဖြင့်စည်းပြီး မျက်စိများကို မမြင်နိုင်အောင် အလုံပိတ်ထားလိုက်သည်။

သူ့ရှေ့စားပွဲပေါ်တွင် ရောင်စုံခဲတံ ၄၈ ချောင်းကို စီတင်ထားသည်။ ဓာတ်ပုံတစ်ပုံ၊ ပို့စကတ်တစ်ခု၊ ဖွင့်ချထားပေးသည့် စာအုပ်တို့ကိုလည်း စားပွဲပေါ်မှာပင် ချပေးထားသည်။

ချက်ချင်းပင် ရိုဆာကူလီရှိဗာသည် သူ့လက်ချောင်းလေး

များဖြင့် ခဲတံများ၊ ဓာတ်ပုံ၊ ပို့စကတ်တို့ကို အပေါ်ယံမှ ရှပ်လျက်သပ်ပြီး ရွှေ့လျားလိုက်သည်။

ခဲတံ ၄၈ ချောင်း၏အရောင်များကို အမှန်အကန်အတိုင်း ပြောပြသည်။ ဓာတ်ပုံနှင့် ပို့စကတ်တို့အကြောင်းရှင်းပြသည်။ ဖွင့်ချပေးထားသော စာအုပ်ထဲမှာ ကဗျာဆရာ ချူကော့ဗ်စကီး၏ ကဗျာတစ်ပုဒ်ကို ဖတ်ရွတ်ပြသည်။

မျက်စိကိုအလုံပိတ်စည်းထားသည့် ရိဆာအား သူ့လက်ချောင်းပေါ်တွင် ကျလာသောအလင်းတန်းများ၏ အရောင်ကို ခွဲခြားပြသစေရာ အမှန်အတိုင်း ခွဲခြားပြနိုင်သည်။

အလင်းရောင်အမျိုးမျိုး လင်းပြပေးနိုင်သည့် မီးပုံးသဏ္ဍာန် ဘောလုံးတစ်လုံးထဲသို့ရိဆာ၏ ညာဘက်လက်မှ လက်ချောင်း တစ်ချောင်းကို ထည့်ခိုင်းထားလိုက်သည်။ ထို့နောက် အသံ မကြားရအောင် မီးခလုတ်ကို အသာအယာဖွင့်လိုက်သည်။ လင်းလာသည့် အလင်းရောင်ကို ခွဲခြားခိုင်းရာ အမှန်အတိုင်း ပြောပြနိုင်သည်။

မီးခလုတ်ကိုပြန်ပိတ်လိုက်ပြီး ခဏအကြာ မီးခလုတ်ကို ပြန်ဖွင့်လိုက်သည်။ အရောင်တစ်မျိုးပြောင်းသွားသည်။ ထိုအရောင် ကို မည်သည့်အရောင်ဖြစ်ကြောင်း မေးမြန်းကြည့်ရာ ရိဆာက အမှန်အတိုင်း ပြောပြနိုင်ခဲ့သည်။

ထိုသို့အကြိမ်ပေါင်းများစွာ မီးခလုတ်ကို ဖွင့်လိုက်ပိတ် လိုက် မေးမြန်းလိုက်လုပ်ပြီး စမ်းသပ်ကြည့်ရာ တစ်ကြိမ်သာ





လျှင် မှားယွင်းခဲ့သည်။ အနီရောင်ကို အစိမ်းရောင်ဟု မှားယွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ ရုက်ဖါက ရိဆာကို စာအုပ်ဖွင့်ပြီး လက်ချောင်း များဖြင့်စမ်းသပ်ဖတ်ရှုခိုင်းသည်။ အစတွင် ရိဆာဖတ်မရခဲ့ချေ။ ထို့နောက် စာကြောင်း၊ စာလုံးများ၏အောက်တွင် အရောင်ဖျော့ ဖျော့ ချယ်ပေးလိုက်ရာ ရိဆာသည် စာအုပ်ကိုအလွယ်တကူ ဖတ်ပြနိုင်ခဲ့သည်။

အခန်းတစ်ခန်းထဲတွင် အနီရောင် မီးလုံးတစ်လုံးကို ထွန်း ထားသည်။ ထိုအကြောင်းကို ရိဆာမသိ။ ထိုအခြေအနေမျိုးတွင် သာမန်လူများပင် အရောင်များကိုခွဲခြားရန် ခက်ခဲသည်။ ထို အခြေအနေတွင် ရိဆာကိုယ်တိုင်လည်း မရှင်းမလင်းဖြစ်နေ သည်။ သူ့ဘာမှ နားမလည်တော့ဟု ရိဆာက ဆိုလေသည်။

လုံးဝမှောင်မည်းနေသည့် အမှောင်ထဲတွင် ရိဆာကို စာအုပ်တစ်အုပ် ဖတ်ပြစေသည်။ အလင်းရောင်ရှိစဉ်က ထို စာအုပ်ကို ရိဆာဖတ်ပြနိုင်ခဲ့သည်။ ယခု မှောင်မည်းနေချိန်တွင် မူ ရိဆာက စာအုပ်ကိုဖတ်ပြရန် ငြင်းဆန်လေသည်။

စာရွက်အဖြူတစ်ရွက်ပေါ်တွင် တြိဂံပုံ၊ စက်ဝိုင်းပုံ၊ စတုဂံပုံ၊ စတုရန်းပုံ၊ ဗဟုဂံပုံ စသည်တို့ကို အမျိုးမျိုးရေးဆွဲထားသည်။ ယင်းစာရွက်ပေါ်တွင် စာရွက်ပါးပါးလွှာလွှာ တစ်ရွက်ကို အုပ်ထားသည်။ ရိဆာကိုစမ်းသပ်ကြည့်ရာ ရိဆာသည် သူ့ လက်ချောင်းများဖြင့် စာရွက်ပေါ်သပ်ကြည့်ပြီး ရေးဆွဲထားသည့် ပုံသဏ္ဍာန်များကို အမှန်အတိုင်း ပြောပြနိုင်သည်။ ထိုစာရွက်

ပေါ်သို့ နောက်ထပ်စာရွက်တစ်ရွက် ထပ်အုပ်ထားလိုက်သည့် အခါတွင်မူ စာရွက်ပေါ်ရေးဆွဲထားသော ပုံသဏ္ဍာန်များကို ရိုဆာ ပြောမပြနိုင်တော့ချေ။

**အလင်းရောင်ရှိမှ မြင်နိုင်**

စမ်းသပ်ချက်များအရ ရိုဆာသည် အရာဝတ္ထုများ၏ မျက်နှာပြင်များနှင့် သူ့လက်ချောင်းများပေါ်တွင် 'အလင်းရောင်' ရှိမှသာ 'မြင်နိုင်'ကြောင်းတွေ့ရှိခဲ့ရသည်။ ဆေးရောင်စုံခြယ်ထား သော အရာဝတ္ထုများကို အရောင်တစ်ခုချင်းခွဲခြားပြရာတွင် ထို အရာဝတ္ထုအပေါ်ကျရောက်သည့် အလင်း၏ 'အရောင်' ပေါ်တွင် မူတည်နေသည်။

ပို၍ထူးခြားသည်မှာ ရိုဆာ၏လက်ချောင်းများသည် ပုံမှန် လူသားတစ်ဦး မြင်နိုင်သည့် အကန့်အသတ်ထက် ကျော်လွန် 'မြင်နိုင်စွမ်း'မရှိခြင်းပင်ဖြစ်သည်။

အရောင်များ ခွဲခြားပြနိုင်ရန်အတွက် ရိုဆာ၏ ညာဘက် လက်ခလယ်နှင့် လက်သူကြွယ်တို့ကို လေ့ကျင့်ထားသည်။ ထို့နောက် ရိုဆာအား သူ့ဘယ်ဘက်လက်မှ လက်ချောင်းများ နှာခေါင်း၊ လျှာဖျားတို့ဖြင့် အလင်းရောင်ကိုခွဲခြားနိုင်ရန် လေ့ကျင့် ပေးသည်။ ရက်သတ္တပတ် နှစ်ပတ်ခန့် အပြင်းအထန် လေ့ကျင့် အပြီးတွင်မူ အရောင်နှစ်မျိုး ခွဲခြားပြနိုင်ခဲ့သည်။

ရိုဆာအပြင် အခြားသူများကိုလည်း 'အရေပြား၏ အမြင် အာရုံ'နှင့်ပတ်သက်၍ လေ့လာစမ်းသပ်ကြည့်ခဲ့ကြသည်။





**လာရစ်ဆာ**

အသက် ၁၁ နှစ်အရွယ် မိန်းကလေးငယ် လာရစ်ဆာ ယယ်ရီဘေးနော့ဆိုသူအား အမှောင်ခန်းထဲတွင်ထားပြီး သူ့မျက်ခွံ များပေါ်တွင် ဖလင်ပြားများအုပ်ထားသည်။ ထို့နောက် သူ့ မျက်စိများကို အဝတ်နက်ထူထူဖြင့် စည်းနှောင်ဖုံးထားလိုက်သည်။

လာရစ်ဆာအား အလင်းရောင်ရှိရာ အခန်းထဲသို့ ခေါ်လာ သည်။ စားပွဲခုံတစ်ခုံအနီးရှိ ထိုင်ခုံတွင်ထိုင်စေသည်။ သူ့ရှေ့ စားပွဲခုံပေါ်တွင် သစ်သားသေတ္တာငယ်တစ်လုံးကို အဖုံးပိတ်လျက် ချထားသည်။ သေတ္တာထဲတွင် ရောင်စုံလေးထောင့်ပုံ စက္ကူစလေး အမြောက်အမြားရှိသည်။ လေးထောင့်ပုံစက္ကူရောင်စုံများကို ရောနှောထားသည်။

လာရစ်ဆာအား သေတ္တာကိုအဖွင့်ခိုင်းပြီး အတွင်းမှ လေးထောင့်ပုံစက္ကူများကို ထုတ်ယူခိုင်းသည်။ လာရစ်ဆာသည် စက္ကူတစ်ရွက်ချင်းကိုထုတ်ယူပြီး ယင်း၏အရောင်ကို ပြောပြ သည်။ ပြီးလျှင်စက္ကူတစ်ရွက်ချင်းကို စူးချွန်တစ်ချောင်းတွင်စီပြီး ထိုးထားလိုက်သည်။ သူပြောသမျှကိုလည်း ရေးမှတ်ထားသည်။

ထို့နောက်လာရစ်ဆာပြောပြသည့် စက္ကူအရောင်နှင့် မှတ် သားထားသည့် အရောင်တို့ကို တိုက်ကြည့်သည်။ အားလုံးမှန် နေသည်ကို တွေ့ရသည်။

ထိုသို့စမ်းသပ်နေချိန်တွင် လာရစ်ဆာအနီးတွင် မည်သူ မျှမရှိ။ အခန်းတွင်းတွင်လည်း မည်သူ့ကိုမျှ နေခွင့်မပေး။ အခြားအခန်းမှသာ ကြည့်ခွင့်ရသည်။

## နာတာရှာ

နောက်ထပ်စမ်းသပ်ကြည့်သည့် မိန်းကလေးငယ်တစ်ဦ မှာ အသက် ၁၁ နှစ်အရွယ် နာတာရှာဘာရှက်စကာယာ ဆို ဖြစ်သည်။ နာတာရှာကိုလည်း အလားတူပင် လေးထောင့် စက္ကူရောင်စုံများအသုံးပြုလျက် အရောင်ခွဲခြားပြစေခဲ့ရာ အရော အမှန်အတိုင်း ခွဲခြားပြနိုင်ခဲ့သည်။

## ပြန်လှန်လေ့လာကြည့်လျှင်

ယခုကဲ့သို့သော 'အရေပြား၏ အမြင်အာရုံ'မှာ ချက်ချ မိုးပေါ်ကကျလာခြင်းမျိုး မဟုတ်တန်ရာဟု ပညာရှင်များ ယူဆကြသည်။ ထို့ကြောင့် လက်လှမ်းမီသမျှ ပြန်လှန်လေ့လ စူးစမ်းမှုများပြုလုပ်ခဲ့ကြသည်။

၁၉၀၄ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "Niva" မဂ္ဂဇင်းတွ 'အရောင်များ ခွဲခြားပြနိုင်သည့် ထူးဆန်းသောစွမ်းရည်' ဟူသေ ဆောင်းပါးတစ်ပုဒ်ကို တွေ့ခဲ့ရသည်။ ယင်းဆောင်းပါးတွ ပါရီမြို့ ဇီဝဗေဒအသင်းမှ ဒေါက်တာ အဲလ်ဖရက်ဒူးဂျက်စ်သ အသက် ၂၂ နှစ်အရွယ် မိန်းကလေးငယ်ကို လေ့ကျင့်ပေးထား မျက်စိများကိုပိတ်ထားလျက် အရောင်များခွဲခြားပြနိုင်ကြော ရေးသားဖော်ပြထားသည်။ ရိုဆာ၏စွမ်းရည်နှင့် ထပ်တူထပ် ပင်ဖြစ်သည်။

အလားတူပင် ၁၉၃၀ ပြည့်လွန်နှစ်များနှင့် ၁၉၄၈ ခုန ဝန်းကျင်ခန့်ကလည်း ရုရှားသိပ္ပံပညာရှင်နှင့် စိတ်ပညာရှင်မျ





ည် လက်ချောင်း၊ လက်ဝါးတို့၏ 'အမြင်အာရုံ'နှင့် ပတ်သက် လေ့လာစမ်းသပ်ခဲ့ဖူးကြသည်။

## မျက်မမြင်များအတွက် ပြတင်းပေါက်

'အရေပြား၏ အမြင်အာရုံ'နှင့်ပတ်သက်၍ ယင်း၏ ဘောသဘာဝကို သိပ္ပံပညာရှင်များ လေ့လာစူးစမ်း နေကြဆဲ ဖြစ်သည်။ 'အရေပြား၏အမြင်အာရုံ'ကို မျက်မမြင်သန်းပေါင်း များစွာတို့အတွက် မြင်နိုင်ရာပြတင်းပေါက်အဖြစ် အသုံးပြုနိုင်ရန် လည်း ကြံဆနေကြသည်။ မျက်မမြင်ကလေးငယ်များကိုလည်း လေ့ကျင့်စမ်းသပ်မှုများ လုပ်ဆောင်နေကြသည်။

အကယ်၍ အောင်မြင်ပါက မျက်မမြင်တို့အတွက် များစွာ အထောက်အကူပြုနိုင်မည် ဖြစ်လေသည်။

(Galina Bashkirova "Skin Vision")

❉



## ဘဝရှေ့ရေးကို ကြိုသိနေခဲ့သူ သမ္မတ အေဘရာဟင်လင်ကွန်း

အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်းသည် မိမိ အသတ်ခံရမည်ကို ကြိုတင်အိပ်မက်မက်ခဲ့သည်။ အိမ်ဖြူတော် အရှေ့ဘက်ခန်းတွင် သူ့အလောင်းပြင်ထားသည်ကို အိပ်မက်ထဲ တွင် တွေ့မြင်ခဲ့သည်။

သမ္မတလင်ကွန်း၏ ကိုယ်တွေ့ဇာတ်လမ်းဖြစ်ရပ်ကို သူနှင့် ရင်းနှီးလှသည့် "ပရင်ဂဲလ် ဖစ်ဇ်ဟာပ်"ဆိုသူက ပြန်လည်ရေ သားတင်ပြထားသည်။

၁၈၆၀–ပြည့်နှစ်။

အမေရိကန်သမ္မရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်ညတွင် ဖြစ်သည်။ အေဘရာဟင်လင်ကွန်း သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံခဲ့ရသည်။

လင်ကွန်းသည် မောပန်းနွမ်းလျစွာဖြင့် သူ့အခန်းတွင်း





ထိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေလိုက်သည်။ ထိုစဉ်မှာပင် သူထိုင်နေသည့်နေရာနှင့် မျက်နှာချင်းဆိုင် နံရံပေါ်တွင်ချိတ်ထား သည့် "မှန်"ထဲ၌ သူ့ရုပ်ပုံနှစ်ပုံကို လင်ကွန်းသည် ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်။

မှန်ထဲရှိ လင်ကွန်း၏ရုပ်ပုံတစ်ပုံမှာ ကြည်လင်ရွှင်ပျနေ သည်။ ကျန်တစ်ပုံမှာ ညှိုးရော်နေပြီး သေသူတစ်ဦး၏ မျက်နှာပမာဖြစ်နေသည်။

သမ္မတလင်ကွန်းသည် ထိုင်နေရာမှာ ရုတ်တရက် မတ်တတ် ရပ်လိုက်သည်။ မှန်ကိုလှမ်းကြည့်လိုက်ရာ မှန်ထဲမှ ရုပ်ပုံများမရှိကြတော့။ ပျောက်ကွယ်သွားကြလေပြီ။

လင်ကွန်းသည် စိတ်တုန်လှုပ်ချောက်ချားစွာဖြင့် အခန်း တွင်းမှ ထွက်သွားသည်။ သူတွေ့မြင်လိုက်ရသည့်မြင်ကွင်းကို မေ့ပျောက်မရ။ အခုချက်ချင်းပင် ထိုအဖြစ်မျိုးနှင့် ကြုံရတော့ မည့်အလား ထင်မှတ်နေသည်။

သူ့စိတ်တွင် မေ့ပျောက်မရနိုင်သဖြင့် ရက်အတန်ကြာတွင် လင်ကွန်းသည် နံရံပေါ်မှ မှန်ကိုပြန်ကြည့်လိုက်မိသည်။ ယခု တစ်ကြိမ်တွင်လည်း ပထမအကြိမ်ကမြင်ကွင်းမျိုးကို ထပ်မံ တွေ့လိုက်ရပြန်သည်။

"သူ့ဘဝမှာ ပထမပိုင်းအောင်မြင်မှုရပြီး ဒုတိယပိုင်း ကာလမှာ ဘေးအန္တရာယ်ကြုံရလိမ့်မယ်"ဟု လင်ကွန်း တွေးဆ နားလည်ခဲ့မိသည်။

သမ္မတရွေးကောက်ပွဲမတိုင်မီကလည်း အီလီနွိုက်စ် ပြည်

နယ်ရုံးခန်းအတွင်း၌ လင်ကွန်းသည် သူ၏ဥပဒေအကြံပေး အရာရှိ ဝီလျံဟာန်ဒွန်းနှင့်အတူရှိနေစဉ် သူ့ဘဝရှေ့ရေးကို ကြိုတင်ပြောပြခဲ့ဖူးသည်။ သူ့ဘဝတွင် ကြီးမားလှသည့်လုပ်ငန်းကြီးများကို လုပ်ဆောင်ရမည်။ အမြင့်ဆုံးနေရာမှ အောက်သို့ကျရလိမ့်မည်ဖြစ်ကြောင်း လင်ကွန်းက ပြောခဲ့ဖူးသည်။

သမ္မတလင်ကွန်းသည် ဗေဒင်၊ နက္ခတ်ကိန်းခန်းများကို ယုံကြည်သူဖြစ်သည်။ ထို့ပြင် လင်ကွန်းသည် လေ့ကားအောက်မှ ဖြတ်လျှောက်သွားလေ့မရှိ။ ခွေးဟောင်သံကြားလျှင် မိမိသေရမည့်အချိန် နီးကပ်လာပြီဟုလည်း ထင်တတ်သည်။

သူ့အိပ်မက်၊ သူမြင်တွေ့ခဲ့ရသည်များသည် အစွဲအလန်းကြီးခြင်းမဟုတ်။ သဘာဝနိယာမတရားနှင့်အညီ ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု လင်ကွန်းကယူဆသည်။

အိပ်မက်ဟူသည် အတိတ်နိမိတ်ပြခြင်းဖြစ်သည်။ အိပ်မက်၏ အတိတ်ကိုကောက်ပြီး အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်။ လင်ကွန်းသည် အများနည်းတူပင် သူ့အိပ်မက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

မှန်ထဲတွင် ရုပ်ပုံနှစ်ပုံမြင်တွေ့ရခြင်း၏ အနက်အဓိပ္ပာယ် မှန်ကန်ကြောင်း ဒုတိယအကြိမ် သမ္မတအဖြစ် ပြန်လည်လျှာထားခံရသည့်အခါတွင် လင်ကွန်းသည် ကောင်းစွာသဘောပေါက်ခဲ့သည်။

လင်ကွန်းသည် စစ်ရုံးတွင် ရုံးထိုင်ရင်း ဗိုလ်ချုပ်ကြီးဂရန့်နှင့် အမြဲအဆက်အသွယ်ရယူနေခဲ့သည်။ နေ့လည်ပိုင်းတွင်





သူသည် နေ့လည်စာစားရန် အိမ်ဖြူတော်သို့ပြန်လာခဲ့သည်။ နေ့လည်စာစားအပြီးတွင် သူ့အား သမ္မတအဖြစ် ပြန်လည်လျှာထားကြောင်း သတင်းရောက်ရှိနေသည့် သူ့ရုံးခန်းကိုပင် မဝင်ခဲ့။ စစ်ရုံးသို့ အမြန်ပြန်လာခဲ့သည်။ စစ်ရုံးသို့ပြန်ရောက်လျှင် အင်ဒရူးဂျွန်ဆင်အား ဒုတိယသမ္မတအဖြစ်လျှာထားသည့် သတင်းကို လင်ကွန်းကြားသိလိုက်ရသည်။

"တော်တော် ထူးဆန်းတာပဲ"

လင်ကွန်းသည် တစ်ယောက်တည်း တွေးနေမိသည်။

"သမ္မတမခန့်မီ ဒုတိယသမ္မတလျှာထားတယ်ဆိုတာ သဘာဝမကျဘူး"

"မဟုတ်ပါဘူး သမ္မတကြီး"

အနီးတွင်ရှိနေသည့် သူ့လက်ထောက်အရာရှိက ပြောပြသည်။

"လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ သမ္မတကြီးကို သမ္မတအဖြစ် ပြန်လည်လျှာထားတဲ့သတင်း အိမ်ဖြူတော် ရောက်နေပါပြီ၊ သမ္မတကြီး မတွေ့ခဲ့လို့ဖြစ်မှာပါ"

မှန်ထဲတွင် တွေ့မြင်ခဲ့ရသည့် ပုံရိပ်အတိုင်း မှန်နေလေပြီဟု လင်ကွန်းထင်လိုက်မိသည်။ ဒုတိယအကြိမ် သမ္မတအဖြစ် အရွေးခံရမည်။ သို့ရာတွင် ဒုတိယအကြိမ်သမ္မတသက်တမ်း မကုန်မီ၊ မစေ့မီမှာပင် သူသေရလိမ့်မည်ဟု လင်ကွန်းက ယုံကြည်ထားလေသည်။

ဒုတိယအကြိမ် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခြင်း

ခံရပြီးသည့်အခါ လင်ကွန်းသည် သူ့ကံကြမ္မာ အထွတ်အထိပ်သို့ ရောက်နေပြီဟု နားလည်လိုက်သည်။

လင်ကွန်းသည် သူ့အိပ်မက်နှင့်ပတ်သက်၍လည်း အတိအကျ ကိုယ်တိုင်စာဖြင့် ရေးမှတ်ထားခဲ့သည်။ လင်ကွန်း၏ အိပ်မက် မှတ်တမ်းမှာ အောက်ပါအတိုင်းဖြစ်လေသည်။

"လွန်ခဲ့သည့် ၁၀ ရက်ခန့်က ကျွန်ုပ်သည် အလွန်ပင်ပန်းနွမ်းနယ်နေပြီး အိပ်ရာဝင်နောက်ကျခဲ့သည်။ အိပ်ပျော်သွားပြီး မကြာမီ အိပ်မက်မက်တော့သည်။

ကျွန်ုပ်၏ခန္ဓာကိုယ်သည် သေသူတစ်ဦးပမာ မလှုပ်မယှက်ငြိမ်သက်နေသည်။ တိတ်ဆိတ်မှုကို ငိုရှိုက်သံများက ဖြိုခွင်းလိုက်သည်။ ကျွန်ုပ် အိပ်ရာမှထပြီး အောက်ထပ်သို့ဆင်းလာခဲ့စဉ်မှာပင် ငိုသံများကိုကြားနေရသည်။ အောက်ထပ်တွင်လည်း တိတ်ဆိတ်မှုကို ငိုရှိုက်သံများက လွှမ်းနေသည်။ သို့ရာတွင် ငိုနေကြသူများကို မမြင်မတွေ့ရ။

ကျွန်ုပ်သည် အခန်းတစ်ခန်းပြီးတစ်ခန်း လှည့်လည်ကြည့်ရှုနေသည်။ ငိုရှိုက်သံများကို အခန်းတိုင်းတွင် ကြားနေရသည်။ ငိုနေသူများကိုကား တစ်ယောက်မျှ မတွေ့ရ။

အခန်းအားလုံးအလင်းရောင်များဖြင့် လင်းထိန်နေသည်။ အခန်းအားလုံးမှာ ကျွန်ုပ်တွေ့မြင်နေကျ အခန်းများပင်ဖြစ်သည်။ သို့ရာတွင် သဲလှိုက်၊ အူလှိုက်ငိုကြွေးနေကြသူများကိုမူ မတွေ့ရ။

ကျွန်ုပ်သည် အလွန်ထူးဆန်းလှပြီး ထိတ်လန့်ဖွယ်ကောင်းလှသည့် ဖြစ်ရပ်၏အကြောင်းရင်းကို သိအောင်ကြိုးစားရန်





ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အိမ်ဖြူတော် အရှေ့ဘက်ခန်းသို့ အရောက်လှမ်းခဲ့သည်။

အခန်းထဲတွင် အလောင်းစင်တစ်ခုပြင်ထားပြီး စင်ပေါ်တွင် လူသေအလောင်းတစ်လောင်းကိုတွေ့လိုက်ရသည်။ ဘေးပတ်ဝန်းကျင်တွင် စစ်သားများကို အစောင့်ချထားသည်။ အနီးတွင် လူအများဝိုင်းအုံနေကြသည်။ သေသူ၏မျက်နှာကို အဝတ်ဖြင့်ဖုံးအုပ်ထားသည်။ အနီးရှိလူအချို့က သေသူကိုကြည့်နေကြပြီး အချို့က ငိုနေကြသည်။

"အိမ်ဖြူတော်မှာ ဘယ်သူသေလို့လဲ"

ဟု ကျွန်ုပ်က အနီးရှိစစ်သားတစ်ဦးကို မေးလိုက်သည်။

"သမ္မတကြီးပါ"

စစ်သားက ပြန်ဖြေလိုက်သည်။

"သမ္မတကြီးကို လူသတ်သမားတစ်ယောက်က သေနတ်နဲ့ ပစ်သတ်သွားပါတယ်"

ထိုစဉ် ပရိသတ်များက အော်ဟစ်ငိုလိုက်ကြသည်။ သူတို့အော်သံကြောင့် ကျွန်ုပ်အိပ်ရာမှလန့်နိုးခဲ့သည်။ ပြန်အိပ်၍မရတော့။ အိပ်မက်မျှသာဖြစ်သော်လည်း ထိုသို့အိပ်မက်မက်ပြီးချိန်မှစ၍ ကျွန်ုပ်အဖို့ အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။

နောက်ပိုင်းတွင်လည်း လင်ကွန်းသည် သူ့မိတ်ဆွေလာမွန်ဆိုသူကို သူ့အိမ်မက်အကြောင်းပြောပြခဲ့သည်။

"သူတစ်ပါးလက်ချက်ဖြင့် သူ့အသက်သေရမည်"ဟု လင်ကွန်းကယုံကြည်ထားကြောင်း လာမွန်က ပြန်ပြောပြခဲ့သည်။

လင်ကွန်းသည် သူ သေရတော့မည်ကို ကြိုသိဟန်ရှိသည်။ ထို့ကြောင့် တစ်နေ့တွင် အစိုးရအဖွဲ့အစည်းအဝေးကို ကျင်းပပြီး တောင်ပိုင်းဒေသအခြေအနေကို မေးမြန်းခဲ့သည်။ မည်သည့် သတင်းမျှ မရကြောင်း သိခဲ့ရသည်။

အစည်းအဝေးတွင် ယမန်နေ့ညက သူအိပ်မက် မက်ခဲ့ကြောင်း လင်ကွန်းကပြောပြသည်။ အိပ်မက်ထဲတွင် သင်္ဘောတစ်စင်းဖြင့် တောင်ပိုင်းဒေသအနှံ့သွားခဲ့ရကြောင်း လင်ကွန်းက ပြောပြခဲ့သည်။

ထိုသို့သင်္ဘောဖြင့် ရေလမ်းခရီးသွားရသည်ဟု မကြာခဏ အိပ်မက်မက်လေ့ရှိသည်။

လင်ကွန်း၏ ဆဋ္ဌမအာရုံအမြင်က သူ့အဖို့ အန္တရာယ် ကျရောက်ရန်နီးကပ်လာပြီဖြစ်ကြောင်း သိစေခဲ့ဟန်ရှိသည်။ အစိုးရအဖွဲ့အစည်းအဝေးအပြီးတွင် လင်ကွန်းသည် ဒုတိယ သမ္မတ အင်ဒရူးဂျွန်ဆင်ကို တွေ့လိုက်ရသည်။ ယင်းမှာ ကျမ်းသစ္စာကျိန်ဆိုပွဲအပြီးနောက်ပိုင်းတွင် ပထမဆုံး အင်ဒရူးဂျွန်ဆင်ကို တွေ့မြင်ရခြင်းဖြစ်သည်။

လင်ကွန်းသည် ဒုတိယသမ္မ အင်ဒရူးဂျွန်ဆင်ကို မတွေ့ဘဲ တမင်ရှောင်နေခဲ့ခြင်းဖြစ်သည်။ ဂျွန်ဆင်က လင်ကွန်းနှင့် တွေ့ရန် စောင့်နေခဲ့သည်။ သို့ရာတွင် လင်ကွန်းက ဆင်ဒရူးဂျွန်ဆင်ကို ခေါ်မတွေ့ခဲ့။





၁၈၆၅–ခုနှစ် ဧပြီလ ၁၄ ရက်နေ့ ညပိုင်းအချိန်တွင် ဖို့ဒ်ဇာတ်ရုံ၌ လင်ကွန်းသည် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

ထိုနေ့ မွန်းလွဲပိုင်း ဇာတ်ရုံသို့ မသွားမီမှာပင်လင်ကွန်းက သူ့သက်တော်စောင့်စစ်သားတစ်ဦးနှင့်စကားစမြည်ပြောခဲ့သေးသည်။ စစ်သား၏အမည်မှာ ခရွတ်ဖြစ်သည်။

"ငါ့အသက်ကို ရန်ရှာလိုတဲ့သူတွေရှိနေတယ်ကွ၊ ကေန်မုချ သူတို့ ငါ့အသက်ကို ရန်ရှာကြလိမ့်မယ်လို့ ငါယုံကြည်ထားတယ်"

"သမ္မတကြီးရဲ့ အထင်အမြင် မှားနေပါတယ်၊ မဖြစ်နိုင်ပါဘူး" ဟု ခရွတ်က ပြန်ပြောလိုက်သည်။

ည ခုနစ်နာရီအချိန်တွင် ခရွတ်သည် တာဝန်ချိန်ပြီးဆုံးသဖြင့် သမ္မတကြီးကို နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့သည်။

နောက်သုံးနာရီခန့်အကြာ ည ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် သမ္မတ အေဘရာဟင်လင်ကွန်းသည် မသမာသူတစ်ဦး၏ သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရလေသည်။

Ref: Pringle Fitghugh, "Lincolm's Double Vision," **True Experiences in Prophecy.**

❋

# အံ့မခန်း နိမိတ်ပြ အိပ်မက်များ

၁၈၄၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ အသစ်ဆုံး၊ အလှဆုံးသင်္ဘောကြီး 'ပရင့်စ်တန်' ပေါ်တွင် ညှော်ခံပွဲကြီးတစ်ပွဲကျင်းပရန် ပြင်ဆင်ထားသည်။ ညှော်ခံပွဲကို ကျင်းပပေးသူမှာ ပရင့်စ်တန်သင်္ဘောမှ ရေတပ်အရာရှိကြီး ဗိုလ်မှူးကြီး ရောဘတ်ဖီးလ်စတော့တန်ဖြစ်သည်။

ထိုညှော်ခံပွဲတွင် သင်္ဘောပေါ်၌တပ်ဆင်ထားသည့် အမြောက်ကြီးနှစ်လက်ကို ပစ်ခတ်ပြရန်လည်း စီစဉ်ထားသည်။ အမြောက်ကြီးများအနက် တစ်လက်မှာ 'ငြိမ်းချမ်းရေး' ဟုအမည်ပေးထားပြီး ကျန်အမြောက်တစ်လက်ကို 'အိုရီဂွန်' ဟု နာမည်ပေးထားသည်။

ညှော်ခံပွဲသို့ အမေရိကန်သမ္မတ တိုင်လာအပါအဝင် ဂုဏ်သရေရှိလူကြီးလူကောင်း အမြောက်အမြားကို ဖိတ်ကြားထားသည်။ ညှော်သည်တော်များအနက် နယူးယောက်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဗိုလ်မှူးကြီး ဒေးဗစ်ဂ့ါဒင်း





နားနှင့် သမီးငယ် ဂျူလီယာဂ့ါဒင်းနားတို့လည်း ပါဝင်သည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးဖြစ်သူ သောမတ်ဂီလ်မားနှင့် ဇနီးမောင်နှံတို့ကိုလည်း ဖိတ်ကြားထားသည်။ ထူးဆန်းလှသည်မှာ ယင်းအမျိုးသမီးနှစ်ဦးတို့သည် မကြာမီ ရောက်လာမည့် ဘေးအန္တရာယ်ကို ကြိုတင်သိရှိနေကြခြင်းပင် ဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက်ညတွင် ဂျူလီယာ အိပ်ပျော်နေစဉ် အိပ်မက်တစ်ခုမြင်မက်လေသည်။ အိပ်မက်ထဲတွင် ဂျူလီယာသည် သင်္ဘောကြီးတစ်စင်းပေါ်သို့ ရောက်ရှိသွားသည်။ ယင်းသင်္ဘောကြီးမှာ ပရင့်စ်တန်ဖြစ်သည်ဟု ဂျူလီယာက အတိအကျပြောပြသည်။ ဂျူလီယာသည် ပရင့်စ်တန်သင်္ဘောကြီးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးချေ။

သင်္ဘောကုန်းပတ်ပေါ်တွင် ဂျူလီယာမတ်တတ်ရပ်နေစဉ် မြင်းဖြူနှစ်ကောင် သူ့ထံ ကဆုန်ပေါက်ပြေးလာသည်။ မြင်းစီးလာသူများမှာ အရိုးစုများဖြစ်သည်။ ဂျူလီယာက ထိုသူနှစ်ဦးကို ကြည့်နေစဉ် မြင်းစီးလာသူ အရိုးစုတစ်စုက သူ့ကို လှည့်ကြည့်လိုက်သည်။ ထိုအရိုးစု၏မျက်နှာမှာ ဂျူလီယာ၏ ဖခင် ဗိုလ်မှူးကြီး ဂါဒင်းနား၏ မျက်နှာဖြစ်နေသည်။ ဂျူလီယာသည် လန့်ပြီးအိပ်ရာမှ နိုးလာခဲ့သည်။

ထိုသို့ဖြင့် ဂျူလီယာက သူ့အိပ်မက်အကြောင်း ဖခင်အားပြောပြပြီး ညှော်ခံပွဲသို့ မသွားရန်တားမြစ်ခဲ့သည်။ ဗိုလ်မှူးကြီးဂါဒင်းနားက စိတ်ရှုပ်ထွေးဖွယ်ရာ မရှိဘဲ ပြောပြီး ဂျူလီယာ၏ဟန့်တားချက်ကို ငြင်းပယ်ခဲ့သည်။

အလားတူပင် သောမတ်ဂီးလ်မား၏ ဇနီးအင်နာကလည်း အိပ်မက်ဆိုးတစ်ခုမြင်မက်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူကို ဧည့်ခံပွဲသို့ မတက်ရောက်ရန် တားမြစ်ခဲ့သည်။ ခင်ပွန်းဖြစ်သူက လက် မခံခဲ့ချေ။ ထိုသို့ဖြင့် 'ပရင့်စ်တန်'သင်္ဘောကြီးပေါ်တွင် ဧည့်ခံပွဲကျင်းပ သည့်ရက်သို့ ရောက်ရှိလာသည်။

ဧည့်ခံပွဲကျင်းပသည့်ညတွင် သင်္ဘောပေါ်တွင် တပ်ဆင် ထားသည့် 'ငြိမ်းချမ်းရေး' အမြောက်ကြီးကို ပစ်ပြခဲ့သည်။ ထိုသို့ပစ်ပြစဉ် အမြောက်ကြီးမှာ သင်္ဘောပေါ်မှာပင် အမြောက် ကျည်ဆန်ပေါက်ကွဲပြီး အနီးရှိ ဗိုလ်မှူးကြီး ဂါဒင်းနားနှင့် သောမတ်ဂီလ်မားတို့နှစ်ဦး ထိမှန်သေဆုံးသွားခဲ့လေသည်။

ဗိုလ်မှူးကြီး ဂါဒင်းနားကွယ်လွန်ပြီးနောက် သမ္မတ တိုင်လာ သည် ဂျူလီယာနှင့်လက်ထပ်လိုက်သည်။ သမ္မတတိုင်လာ ခရီး ထွက်သည့်အခါ ဂျူလီယာသည် ခင်ပွန်းဖြစ်သူနှင့် စာရေး ဆက်သွယ်ခြင်းမပြု။ အချင်းချင်းစိတ်အာရုံဖြင့် ဆက်သွယ်ကြ သည်ဟု ဆိုသည်။

၁၈၆၂ ခုနှစ် ဇန်နဝါရီလအတွင်းတွင် သမ္မတတိုင်လာ သည် 'ရစ်ချ်မွန်'သို့ ခရီးထွက်နေသည်။ ထိုစဉ် အိမ်တွင်ကျန်ရစ် ခဲ့သည့် ဇနီးဂျူလီယာသည် အိပ်မက်တစ်ခုကို မြင်မက်ပြန်လေ သည်။ အိပ်မက်ထဲတွင် သမ္မတတိုင်လာသည် ဂျူလီယာ၏ အိပ်ခန်းထဲသို့ဝင်လာသည်။ သူ့လက်ထဲတွင် လည်စီးပဝါကို ဆုပ်ကိုင်ထားသည်။ သူ့မျက်နှာမှာ လူသေတစ်ဦး၏ မျက်နှာကဲ့သို့ ညှိုးချုံးနေသည်။





ဂျူလီယာသည် အိပ်ရာမှနိုးသည့်အခါ ခင်ပွန်းဖြစ်သူ နောက်သို့ လိုက်ရန်ဆုံးဖြတ်လိုက်သည်။ ထိုစဉ်က အကြောင်း ကြားရန် ကြေးနန်းစာလည်း မပေါ်သေး။ မီးရထားလည်း မရှိသေး။ ထို့ကြောင့် ရေလမ်းခရီးမှ သင်္ဘောဖြင့်သွားရသည်။ ဂျူလီယာသည် သမီးငယ်နှင့် ကလေးထိန်းမိန်းကလေးကို ခေါ်လျက် သင်္ဘောဖြင့် ရစ်ချ်မွန်သို့ လိုက်လာခဲ့သည်။

ခင်ပွန်းထံရောက်လျှင် သမ္မတတိုင်လာမှာ ဘာမှမဖြစ်၊ ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ဖြင့်တွေ့ရသည်။ ဂျူလီယာ သည် ရစ်ချ်မွန်မြို့မှာပင် ဆက်လက်တည်းခိုနေသည်။

တစ်နေ့နံနက်စောစောတွင် သမ္မတတိုင်လာသည် နံနက်စာ စားရန် အောက်ထပ်သို့ဆင်းသွားသည်။ မကြာမီမှာပင် ဂျူလီယာ သည် ကုလားထိုင်များကို တိုက်မိသည့်အသံ၊ လဲကျသံများကို ကြားလိုက်ရသည်။

ခနအကြာတွင် ဂျူလီယာ၏အခန်းတံခါးပွင့်သွားသည်။ တံခါးဝတွင် သမ္မတတိုင်လာသည် ငြိမ်သက်စွာဖြင့်မတ်တတ် ရပ်နေသည်။ သူ့မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ သူ့ လက်ထဲတွင် လည်စီးပဝါကိုဆုပ်ကိုင်ထားသည်။ သမ္မတတိုင်လာ သည် တစ်စုံတစ်ရာ ညည်းတွားပြောဆိုလိုက်ပြီး ကြမ်းပြင်ပေါ် လဲကျသွားသည်။ သမ္မတိုင်လာသည် တစ်နေ့လုံး သတိမေ့မြော နေပြီး ညသန်းခေါင်ယံအချိန်တွင် ကွယ်လွန်သွားခဲ့လေသည်။

**Ref: Joan Wallace, "The First Lady's Prophetie Dream", True Experiences in Prophecy.**

# မနောအာရုံကြောင့် မိခင်အသက်ကို ကယ်နိုင်ခဲ့သူ

အမေရိကန်ပြည်ထောင်စုမှ အိုနာလေစီဟန်းတား ဆိုသူ၏ ဖြစ်ရပ်ကား ဆန်းကြယ်လှသည်။ သူ့အဖြစ်ကို 'စိတ်ပိုင်းဆိုင်ရာ သိပ္ပံပညာ' မဂ္ဂဇင်း "Daily Meditation" စာစောင်များတွင် ဖော်ပြခဲ့ဖူးသည်။

အိုဟနာလေစီဟန်းတားသည် ကျောင်းဆရာမတစ်ဦး ဖြစ်သည်။ တစ်နေ့တွင် ကျောင်းခန်းအတွင်း၌ ကလေးငယ်များ စာသင်နေစဉ် သူ့စိတ်အာရုံတွင် အိပ်ရာထဲလဲလျက် အပြင်း အထန်ဖြစ်နေသူ မိခင်ကြီးကိုတွေ့လိုက်ရသည်။

ရုတ်တရက်မြင်တွေ့လိုက်ရသည့်မြင်ကွင်းကို လေစီဟန်း တား မေ့ပျောက်မပစ်နိုင်ပါ။ စာဆက်သင်ရမည်ကိုလည်း စိတ် မပါတော့။ ထို့ကြောင့် 'ခေါင်းကိုက်'သည်ဟု အကြောင်းပြကာ ကလေးများကို အိမ်ပြန်လွှတ်လိုက်သည်။





အမှန်တကယ်တွင်လည်း လေစီဟန်းတားအဖို့ အကြီး အကျယ်ခေါင်းကိုက်စရာဖြစ်နေသည်။ မိခင်အိမ်သို့အမြန်သွား ရန် ကိုယ်ပိုင်ကားမရှိ။ ခရီးမှာလည်း အတော်ကွာလှမ်းသည်။ တက်စကားစီးသွားရန်လည်းမလွယ်။ ထို့ကြောင့် သူ့သားမက် ဘော့ဘ်ထံ အမြန်ဖုန်းဆက်ရတော့သည်။

သူ့မိခင်ထံ ဘော့ဘ်အား ကားဖြင့်လိုက်ပို့စေခိုင်းခြင်းဖြစ် သည်။ ဘော့ဘ်က ချက်ချင်းလက်မခံ။ ငြင်းဆန်နေသည်။ အကြောင်းမှာ မကြာမီအတွင်း မုန်တိုင်းကျတော့မည်။ မိုးသား များ မည်းနက်စွာဖြင့် တလိပ်လိပ်တက်လာနေကြသည်။ မိုးခြိမ်း သံတွေလည်း ကြားနေရသည်။

လေစီဟန်းတားက အကျိုးအကြောင်းပြောပြပြီး အတင်း အကျပ်နားပူသဖြင့် နောက်ဆုံးတွင် ဘော့ဘ်က မော်တော်ကား မောင်းပြီးလိုက်ပို့သည်။ သူတို့ထွက်လာပြီး မကြာမီမှာပင် လေ ပြင်းအထန်တိုက်တော့သည်။ မိုးကလည်း သည်းသည်းမဲမဲ ရွာသည်။

မိုးကြိုးများ အဆက်မပြတ်ပစ်ကာ မော်တော်ကားလမ်းပေါ် မိုးရေများလျှံပြီးစီးနေသည်။ မည်သို့ပင်ဖြစ်စေ ဘော့ဘ်သည် မော်တော်ကားကို သတိဖြင့်ထိန်းရင်း ကြိုးစားမောင်းနှင်နေသည်။

မိုးထဲ လေထဲ ရေထဲ ဖြတ်မောင်းရင်းဖြင့် နောက်ဆုံးတွင် လေစီဟန်းတား၏မိခင်အိမ်သို့ ရောက်ရှိသွားသည်။ လေစီဟန်း တားသည် အိမ်ထဲသို့ပြေးဝင်သွားပြီး မိခင်ဖြစ်သူကို အလော တကြီး ရှာကြည့်လိုက်သည်။

အမှန်တကယ်ပင် မိခင်ကြီးမှာ အိပ်ရာပေါ်တွင်လဲလျက် အပြင်းအထန် မမာမကျန်းဖြစ်နေရှာသည်။ ကူညီစောင့်ရှောက်မည့်သူလည်း တစ်ယောက်မျှမရှိ။ လေစီဟန်းတားသည် မိမိအဖြစ်ကို မိမိမယုံနိုင်လောက်အောင်ဖြစ်ရသည်။ တစ်သက်တာတွင် မကြုံဖူးသည့်အဖြစ်မျိုးဖြင့် ကြုံလိုက်ရခြင်းဖြစ်သည်။

မိုးစဲ၊ လေငြိမ်သွားသည့်အခါ ဘော့ဘ်ကို အမြန်ဆရာဝန်ပင့်ခေါ်ခိုင်းလိုက်ရသည်။ မကြာမီမှာပင် ဘော့ဘ်သည် ဆရာဝန်နှင့်အတူရောက်လာသည်။ ဆရာဝန်က လေစီဟန်းတား၏မိခင်ကြီးကိုစမ်းသပ် ဆေးဝါးကုသပေးသည်။

မိခင်ကြီးမှာ နှလုံးရောဂါဝေဒနာကိုခံစားနေရခြင်းဖြစ်သည်။ အချိန်မီ ဆေးဝါးကုသခြင်းမရှိခဲ့ပါက နောက်တစ်နေ့နံနက်မတိုင်မီမှာပင် သေဆုံးသွားနိုင်သည်ဟု ဆရာဝန်က ပြောပြသည်။

လေစီဟန်းတားအဖို့ မိမိ၏ထူးဆန်းလှသော စိတ်အာရုံအမြင်ဖြင့် မိခင်ကြီး၏အသက်ကို ကယ်လိုက်နိုင်သဖြင့်လည်း ဝမ်းသာမဆုံးဖြစ်ရလေသည်။

Ona Lacy Hunter, "Did My Hunch Save Her Life," True Experiences In Prophecy.

❋



# အကြားအမြင်အာရုံရှင် ကောလိပ်ကျောင်းသူ

အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီးမှ ကာရင်းခရီးလီဆိုသူ ကောလိပ်ကျောင်းသူတစ်ဦး၏ ဖြစ်ရပ်ကား အံ့ဖွယ်ကောင်းလှသည်။ ပါရမီထူးသူ လေးတစ်ဦးလည်းဖြစ်သည်။ သူ့မိခင်က လက်ဖက်ရွက်များကိုကြည့်ပြီး အပျော်သဘော အတိတ်နိမိတ်ဖတ်ဟောပြောခြင်းကို ဝါသနာပါသူဖြစ်သည်။ သူတို့အသိုက်အဝန်းအတွင်းတွင် ယင်းမှာ စိတ်ဝင်စားဖွယ်ဓလေ့တစ်ခုဖြစ်သည်။ ယင်းဓလေ့ကို ကာရင်းခရီးလီက စိတ်မဝင်စား။ မယုံကြည်။

သို့ရာတွင် ကာရင်းခရီးလီသည် သူ့ ဘဝပါရမီကြောင့် ထူးဆန်းသည့် စိတ်ပိုင်းဆိုင်ရာ တန်ခိုးကိုရရှိထားသည်။ ထို့ကြောင့် သူမယုံကြည်၊ စိတ်မဝင်စားဟုဆိုသည့် လက်ဖက်ရွက်များကို ကြည့်ပြီး အတိတ်နိမိတ် ဟောပြောခြင်းကို သူ့မိတ်ဆွေများ စိတ်ကျေနပ်စေရန် လုပ်ဆောင်နေရသည်။

ကာရင်းခရိုးလီး၏ ထူးဆန်းလှသော ဖြစ်ရပ်မှာ သူ့အသက် ငယ်စဉ်အရွယ်ကပင် စတင်ခဲ့သည်။ ထိုစဉ်က သူ့အစ်မဖြစ်သူ သည် လူငယ်တစ်ယောက်နှင့်လက်ထပ်ခဲ့သည်။ ၁၉၅၄ ခုနှစ် အကုန် ၁၉၅၅ ခုနှစ်အစဦးပိုင်းတွင် သူ့အစ်မနှင့် ခင်ပွန်း ဖြစ်သူတို့သည် ကာရင်းခရိုးလီတို့အိမ်သို့ အလည်ပြန်လာခဲ့ကြ သည်။

မိသားစု စုံစုံညီညီဖြစ်နေ၍ အားလုံးပျော်ရွှင်နေကြသည်။ မိခင်ဖြစ်သူက မုန့်အမျိုးမျိုးလုပ်ပြီးကျွေးမွေးသည်။ ပါတီပွဲ ပျော်ပွဲများဖြင့် ပျော်မဆုံးဖြစ်ခဲ့ကြသည်။ ထိုသို့ဖြင့် ကာရင်း ခရိုးလီ၏ အစ်မနှင့်ခင်ပွန်းတို့ သူတို့နေထိုင်ရာ မြောက်ကို လီးနားပြည်နယ်သို့ ပြန်သွားကြသည်။

ထိုညမှာပင် ကာရင်းခရိုးလီသည် ထူးထူးဆန်းဆန်း အိပ်မက်ကို မြင်မက်ခဲ့သည်။ သူ့အိပ်မက်ထူးဆန်းသည်ဆိုခြင်း ထက် ထိတ်လန့်ဖွယ်ရာကောင်းလှသည်။

သူ့အိပ်မက်ထဲတွင် သူ့အစ်မနှင့်ခင်ပွန်းတို့သည် အဝေးပြေး လမ်းမကြီးတစ်လမ်းပေါ်တွင် ညခရီးစဉ်တစ်ခုကို ကားမောင်း လျက် သွားနေကြသည်။ ထိုစဉ် သူတို့ဇနီးမောင်နှံ၏ ကားရှေ့ တည့်တည့်မှ ရှေ့မီးများထိန်ပြီး ရူးရှူးစွာထိုးပြီး ထရပ်ကားကြီး တစ်စီးက မောင်းလာသည်။ ထိုသို့မီးရောင်စူးရှစွာထိုးပြီး မောင်း လာသည့် ထရပ်ကားကြီးက ကာရင်းခရိုးလီ၏ အစ်မနှင့် ခင်ပွန်းတို့ ကားရှိရာကိုသာ စူးစိုက်လာနေသည်ကိုတွေ့နေရသည်။ ထို သို့ဖြင့် လမ်းမှားပြီး ယာဉ်ကြောအမှန်ကို ကျော်ဖြတ်လာသည့်





ကားကြီးနှင့် သူ့အစ်မဇနီးမောင်နှံတို့ကား တိုက်မိကြတော့သည်။ သူ့အစ်မမှာ အပြင်းအထန်ဒဏ်ရာရသွားသည်။

နံနက်လင်းသည့်အခါ ကာရင်းခရိုးလီသည် ညကမက်ခဲ့ သည့် သူ့အိပ်မက်ဆိုးအကြောင်း မိခင်ဖြစ်သူအား ပြန်ပြောပြ သည်။ မိခင်ဖြစ်သူကမူ အိပ်မက်ကိုမစွဲလမ်းရန် ပြောပြသည်။ သူ့ကို နှစ်သိမ့်မှုပေးပြီး ချော့မော့ရှာသည်။

ထိုနေ့မွန်းလွဲပိုင်းမှာပင် သူ့အစ်မခင်ပွန်း၏ ဖခင်ဖြစ်သူ သူတို့အိမ်သို့လိုက်လာသည်။ ထိုနေ့နံနက်စောစော အမှောင်ထု မပျောက်မီတွင် မြောက်ကာရိုလီးနားပြည်နယ်၌ သူ့ချွေးမနှင့် သူ့သားတို့ မတော်တဆ မော်တော်ကားတိုက်မှုဖြစ်ပွားကြောင်း လာပြောခြင်းဖြစ်သည်။ သူတို့ဇနီးမောင်နှံနှစ်ဦးစလုံး အသက် မသေ။ ဆေးရုံတင်ထားရသည်ဟု ဆိုသည်။

ထို့ကြောင့် ကာရင်းခရိုးလီတို့မိသားစုသည် သူ့အစ်မနှင့် ခင်ပွန်းရှိရာ ဆေးရုံသို့ အမြန်လိုက်သွားကြသည်။ သူ့အစ်မ၏ အခြေအနေမှာ ခွဲစိတ်ကုသမှုအကြိမ်ကြိမ်လုပ်နေရဆဲဖြစ်သည်။ သူ့အစ်မခင်ပွန်းဖြစ်သူခမျာမှာလည်း ကားတိုက်စဉ်က ရရှိခဲ့သော ဒဏ်ရာကြောင့် နှစ်ရက်အကြာတွင် သေဆုံးသွားရှာသည်။

ထိုသို့ဖြင့် ကာရင်းခရိုးလီသည် ထူးဆန်းသည့် စိတ်အာရုံ အမြင်ကိုရရှိခဲ့သည်။ ဆက်လက်၍လည်း အပေါင်းအသင်း အသိမိတ်ဆွေများကို ပြောပြောနေရသည်။ သူ့မိခင်နည်းတူ လက်ဖက်ရွက်များကိုကြည့်ပြီး အတိတ်နိမိတ်ဖတ်လျက် ပြောပြ ရသည်။ တစ်ခါတစ်ရံ ကြိုတင်နိမိတ်ပြအိပ်မက်များကိုလည်း

မက်တတ်သည်။ ထိုအိပ်မက်များမှာ တိတိကျကျ မှန်လွန်းလှသည်ဟု ဆိုလေသည်။

တစ်ခါတွင် နယူးယောက်မြို့မှ သူ့မိတ်ဆွေ မိန်းကလေးတစ်ဦးက မကြာမီတွင် သူ့အတွက် အရေးကြီးလှသည့် လုပ်ငန်းအစီအစဉ်တစ်ခုလုပ်ရန် စီစဉ်ထားရာ ထိုအကြောင်းကိုသိလိုသည်ဟု ဆိုလာသည်။ ကာရင်းခရိုးလီက လက်ဖက်ရွက်များကိုကြည့်ပြီး အတိတ်နိမိတ်ဖတ်ပြလိုက်သည်။ အမှန်တွင် ကာရင်းခရိုးလီသည် သူ့စိတ်အာရုံတွင် ပေါ်လာသည့်အတိုင်း ပြောပြလိုက်ခြင်းဖြစ်သည်။

သူ့စိတ်အာရုံတွင် သူ့သူငယ်ချင်း မိန်းကလေး၏ လုပ်ငန်းအစီအစဉ်ဟူသည်မှာ စီးပွားရေးလုပ်ငန်းအစီအစဉ်မဟုတ်။ သူ့ချစ်သူနှင့်ချိန်းဆိုပြီး အပန်းဖြေခရီးထွက်ရန်ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းအပန်းဖြေစခန်းတစ်ခုတွင် သူ့သူငယ်ချင်းနှင့် သူ့ချစ်သူတို့ တွေ့ကြ၊ ဆုံကြ၊ ပျော်ရွှင်ကြမည့်အစီအစဉ်အသေးစိတ်ကို သူ့စိတ်အာရုံတွင် ထင်မြင်ပေါ်လွင်လာသည့်အတိုင်း ပြောပြလိုက်သည်။

ကာရင်းခရိုးလီ၏မိတ်ဆွေ မိန်းကလေးမှာ ပါးစပ်အပေါင်းသားဖြင့် အံ့သြနေတော့သည်။ တစ်ခါတွင်လည်း သူငယ်ချင်းမိန်းကလေးတစ်ဦးက အားကစားပြိုင်ပွဲတစ်ခုတွင် ပါဝင်ဆင်နွှဲမည်ဖြစ်ရာ အခြေအနေကို ကာရင်းခရိုးလီထံ လာမေးလေသည်။ ကာရင်းခရိုးလီက အားကစားပြိုင်ပွဲမှာ လမ်းလျှောက်ပြိုင်ပွဲဖြစ်သည်။ နှင်းမှုန်များကြားတွင် ဆင်နွှဲရမည်ဖြစ်ကြောင်း





ပြောပြလိုက်သည်။ ထိုသို့ပြောပြစဉ် နယူးယောက်မြို့တွင် နှင်းကျသည့် ရာသီမဟုတ်သေး။

သို့ဖြင့် ဆောင်းရာသီနှင်းများမှုန်ဝေနေချိန်တစ်ချိန်တွင် လမ်းလျှောက်ပြိုင်ပွဲတစ်ခု၌ ကာရင်းခရိုးလီ၏သူငယ်ချင်း မိန်းကလေး ပါဝင်ယှဉ်ပြိုင်နေလေသည်။ ထိုစဉ်မှာပင် ယင်းမိန်းကလေးသည် ကာရင်းခရိုးလီ ကြိုတင်ဟောပြလိုက်သည့် စကားကိုနားတွင် ကြားယောင်နေလေသည်။

ကောလိပ်ကျောင်းသူလေး ကာရင်းခရိုးလီ၏အဆိုအရ တစ်ခါတစ်ရံတွင်မူ သူ့ဟောပြောချက်များမှာ လွဲမှားမှုအနည်းငယ်ရှိတတ်သည်ဟုဆိုလေသည်။ သို့ရာတွင် လက်ဖက်ရွက်များကိုကြည့်ပြီး စိတ်အာရုံဖြင့် အတိတ်နိမိတ်ဖတ်တတ်ခြင်း၊ ကြိုတင်နိမိတ်ပြအိပ်မက်များ မက်တတ်ခြင်း၏ အကြောင်းရင်းအဖြစ်အမှန်ကိုမူ သူမကိုယ်တိုင် မသိပါဟု ကာရင်းခရိုးလီက ရိုးသားစွာ ဝန်ခံထားသည်။

(Karen Crowley, "I Knew It The Night Before," True Experiences In Prophecy.)

*

# သေရွာပြန်



## သေအံ့မူးမူး ဇောပြန်ချိန်၌ ကြုံတွေ့ရသော ကိုယ်တွေ့ဖြစ်ရပ်များကို သုတေသနပြုခြင်း

စာရေးသူသည် မကြာခင်က မိတ်ဆွေတစ်ဦးထံမှ (AT THE HOUR OF DEATH) ဟူသောစာအုပ်တစ်အုပ်ကို ဖတ်ရှုနိုင်ရန် ငှါးရမ်းခွင့်ရခဲ့၏။ ထိုစာအုပ်ကို 'ဒေါက်တာ ကာလစ်အိုစစ်' (Dr. Karlis Osis. Ph.D) နှင့် ဒေါက်တာ အာလင်ဒါ ဟာရေဆန် (Dr. ERLENDUR HARALDS-SON, Ph.D) တို့ နှစ်ဦး ပူးပေါင်းရေးသားထားကြခြင်းဖြစ်ပြီး စာအုပ်၏အမည်ကို 'မရဏာသန္နဉ်' ဟု မြန်မာမှုအမည်ပေးရမည် ဖြစ်၏။ သေအံ့မူးမူး ဇောငါးတန်ပြန်ချိန်၌ ကြုံတွေ့ရသော ကိုယ်တွေ့အဖြစ်အပျက်ကို မှတည်ရေးသားထားသော စာအုပ် ဖြစ်၏။

ထိုစာအုပ်၏ နိဒါန်းအမှာစာကို 'ဒေါက်တာအဲလီဇဘက် ကူဗလာရို့စ်' (Dr. ELISABETH KUBLERROSS, M.D) က ရေးသားထား၏။ ကူဗလာရို့စ်သည် (On Death and Dying) 'သေခြင်း' နှင့် 'မြောခြင်း' တို့အပေါ် သုံးသပ်ချက် စာအုပ်ကို ရေးသားသူဖြစ်၏။

"မရဏာသန္နဋ္ဌ" စာအုပ်ရေးသားပြုစုသူများ၏ ကြိုးပမ်း ချက်နှင့် စေတနာကို သိစေရန် ကူဗလာရို့စ်၏ နိဒါန်းကို ဦးစွာ ဖော်ပြလိုက်ပါသည်။

* * *

'ဒေါက်တာကာလစ်အိုစစ်' နှင့် 'ဒေါက်တာ အာလင်ဒါ ဟာရေဆန်' တို့နှစ်ယောက်သည် ဆရာဝန်များနှင့် သူနာပြုဆရာမ များ ကြိုးစားကုသနေသော်လည်း မကြာမီသေဆုံးရတော့မည့် လူနာများ၊ ဓာေါးတန်ပြန်၍ သေအံ့မူးမူးရှိနေသောသူများ၊ 'မရဏာသန္န' အဆင့်သို့ ရောက်နေသောသူများကို ထိုအချိန်ကာလ၌ မြင်တွေ့ရသောအချက်များကိုမူတည်၍ သိပ္ပံနည်းကျ သုတေသန ရှုထောင့်မှ ရေးသားထားခြင်းဖြစ်လေရာ စာအုပ်၏အမည်ကို (At The Hour of Death) 'မရဏာသန္နဋ္ဌ' ဟုပေးသင့်လေ သည်။ ဤစာအုပ်သည် 'သေသည်၏နောက်ဘဝ' (Life After Death) ကို သိရှိလိုသူများ၊ တမလွန်ဘဝ ဗဟုသုတအတွက် စူးစမ်းလိုသူများ လေ့လာဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။





ဒေါက်တာ အိုစစ်နှင့် ဒေါက်တာ ဟာရေဆန်တို့သည် သေခါနီးသူတို့၏ နိမိတ်အာရုံများ (NDEs) ကို လေ့လာရန် အတွက် သက်ဆိုင်ရာ ဆရာဝန်နှင့် သူနာပြုဆရာမများ၏ အကူအညီဖြင့် လူနာတော်တော်များများ၏ အခြေအနေကို သုတေသနပြုခဲ့ကြသည်။ ထိုလူနာတို့သည် ဆေးကုသရာ၌ တစ်စုံတစ်ရာအကျိုးသက်ရောက်မှုမရှိဘဲ သေဆုံးရမည့်အချိန်ကို ငံ့လင့်နေသူများသာဖြစ်ကြလေသည်။

နာမည်ကျော်သိပ္ပံပညာရှင်တို့က 'အင်္ဂါဂြိုဟ်' ပေါ်တွင် သက်ရှိသတ္တဝါများရှိသလော၊ အခြားဂြိုဟ်များပေါ်တွင် အလား တူသက်ရှိသတ္တဝါများရှိသလော စသည်တို့ကို အပင်ပန်းခံကာ ငွေအကုန်ခံကာ သုတေသနပြုလေ့လာခဲ့ကြသည်။ သို့ရာတွင် ထိုသိပ္ပံပညာရှင်တို့သည် စကြဝဠာအတွင်းရှိ ဂြိုဟ်တစ်ခုဖြစ်သော 'ကမ္ဘာမြေ' ပေါ်ရှိ သတ္တဝါတို့၏အကြောင်းကိုမူ စေ့ငသေချာစွာ မလေ့လာခဲ့ကြသဖြင့် 'ဘဝဖြစ်တည်ခြင်း'၊ 'သေဆုံးခြင်း' စသည်တို့ကို အနည်းငယ်မျှသာ သိရှိကြရသည်။

ယခုစာအုပ်ကို ပြုစုသည့်စာရေးဆရာများ၏ လုပ်ငန်းမှာ လူ အနည်းငယ်မျှသာ ထိတွေ့မှုရှိခဲ့ပြီး အချိန်ယူ၍ ငြိမ်သက်စွာ လုပ်ရသော အလုပ်ဖြစ်သည်။ ထိုသူတို့ကို 'တိတ်ဆိတ်သော အလုပ်သမားများ' (SILENT WORKERS) ဟု ခေါ်သင့်သည်။ သူတို့၏ကြိုးပမ်းမှုကို 'လူသား၏သေဆုံးခြင်း နိဂုံးကမ္ပတ် လေ့လာမှု' (STUDY OF MAN's MORALEND) ဟု ခေါ်သင့်ပေသည်။

'သေဆုံးခြင်းသည် ဘဝသစ်၏အစဖြစ်သည်၊ နိဂုံးကမ္ပတ်အဆုံးသတ်ခြင်းမဟုတ်ချေ' (DEATH IS NOT AN END BUT A NEW BEGINNING) ဘဝဟောင်းချုပ်ငြိမ်းသွား၍ သာ၍အဆင့်မြင့်သော ဘဝသစ်ကို ကူးပြောင်းခြင်းဟုလည်း သူတို့ကဆိုသည်။

ဤကျမ်းကိုပြုစုသူ စာရေးဆရာများသည် 'မရဏာသန္န' သေခြင်းတံခါးဝရောက်နေသူ လူနာတော်တော်များများကို လေ့လာခဲ့ရာ ဟိန္ဒူများ၊ ခရစ်ယာန်များ၊ အိန္ဒိယလူမျိုးများနှင့် အမေရိကန်လူမျိုးများပါဝင်ကြသည်။ ထိုသေအံ့မူးမူးလူနာများထံမှ အချက်အလက် အထောက်အထားများ ပြည့်ပြည့်စုံစုံရရှိခဲ့သည်။

လူသားတိုင်းသည် လူမျိုးဘာသာ ယဉ်ကျေးမှုအမည်ကွဲပြားစေကာမူ 'မရဏာသန္န'၌ တွေ့ကြုံခံစားရသော အတွေ့အကြုံကား အတူတူပင်ဖြစ်ကြလေသည်။ ထိုအချိန်အခါ၌ မိမိတို့ကိုးကွယ်ရာ ယုံကြည်ရာကိုတမ်းတတတ်ကြ, အာရုံပြုတတ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်ဟု ကျွန်ုပ်တို့ လေ့လာမှုအရ သိရှိရသည်။

သေသည်၏အခြားမဲ့၌သော်လည်းကောင်း၊ သေအံ့မူးမူး၌သော်လည်းကောင်း၊ 'မည်သို့ဖြစ်ပျက်သည်'ကို သိလိုသူတိုင်း ဤစာအုပ်ကိုဖတ်သင့်သည်ဟု ထပ်လောင်းဆိုလိုက်ပါသည်။

လူသားတို့သည် 'မွေးဖွားချိန်'နှင့် 'သေဆုံးချိန်'တို့၌ အတူတူပင်ဖြစ်သည်။ (ALL MEN ARE ALIKES "AT BIRTH" AND "AT DEATH")





မည်သို့ပင်ဖြစ်စေ လူအမျိုးမျိုးသည် 'မရဏာသန္န' ၌ မိမိတို့ယုံကြည်ရာ ဘာသာရေးအယူအဆများကို အားကိုးအားထားပြုကြမည်ကား အမှန်ပင်ဖြစ်ပေသတည်း။

Ref: "At The Hour of Death" By KARLIS OSIS, Ph.D နှင့် ERLENDUR HARALDSSON Ph.D

❋

# သေခြင်းတရားနှင့်တမလွန်ဘဝ၏ လျှို့ဝှက်ဆန်းကြယ်မှုကို သုတေသနပြုခြင်း

ကျွန်ုပ်တို့အတွက် သေခြင်းတရားသည် လျှို့ဝှက်ဆန်းကြယ် ကြောက်လန့်ဖွယ်ဖြစ်၏။ သို့ရာတွင် Near Death Experiences (NSEs) ခေါ် သေခါနီးသူတို့၏ စုတေစိတ်နိမိတ်အာရုံများကို တွေ့ကြုံခံစားရပြီးသူများကား နောက်ထပ် သေခြင်းတရားကို ကြောက်လန့်ခြင်းမရှိတော့။ ကိုယ်ကျင့်တရားကိုလည်း လေးနက်စွာထိန်းသိမ်းပြီး ဘဝသစ်တစ်ခုသို့ နိုးနိုးကြားကြားနှင့် ကူးပြောင်းသွားလေ့ရှိကြောင်း တွေ့ရှိရပေသည်။

## သေခါနီးအတွေ့အကြုံများ

၂၀–ရာစု နှစ်ဦးပိုင်းကစ၍ပင်လျှင် သုတေသီအချို့တို့သည် သေခါနီးသူတို့၏ စုတေစိတ်နိမိတ်အာရုံများ (NDEs) ကို မှတ်သားလေ့လာကြရာတွင် များစွာသောလူနာတို့သည် တစ်ရပ်တစ်ရွာ၌ သေဆုံးကုန်ကြပြီဖြစ်သော လူများနှင့်တွေ့ဆုံ





ရခြင်း၊ ၎င်းတို့၏ဝိညာဉ်သည် ကိုယ်ခန္ဓာမှခွာ၍ တခြားဒေသများသို့ သွားရောက်လည်ပတ်ခြင်း အစရှိသည်တို့ကို ပြုမူကြကြောင်း တွေ့ရှိကြရသည်။ သို့ဖြစ်၍ လူတို့၏ နာမ်ခန္ဓာ သို့မဟုတ် ဝိညာဉ်သည် သေခါနီးအချိန်၌ တမလွန်ဘဝနှင့် ဆက်စပ်နေသည်ဟူ၍ ယူဆလာကြသည်။ တစ်နည်းအားဖြင့် လူ၏ရုပ်ခန္ဓာ ကိုယ် ချုတ်ယွင်းပျက်စီးပြီးသည့်နောက်ပိုင်းတွင် ယင်း၏ဝိညာဉ် သို့မဟုတ် နာမ်ခန္ဓာသည် ဆက်လက်ရှင်သန်နေဦးမည်ဟူ၍ ယူဆကြပါသည်။

မကျန်းမမာဖြစ်ပြီးနောက် သေငယ်ဇောနှင့်မြောသွားရာမှ အချို့လူနာများသည် သူတို့၏ တမလွန်လောကအကြောင်း၊ သေရွာမှပြန်လည်ရောက်ရှိလာရပုံအကြောင်း လျှပ်တစ်ပြက် အတွေ့အကြုံများကို ရင်ဖွင့်ပြောပြတတ်ကြ၏။ မြန်မာနိုင်ငံတွင် ထိုသေရွာပြန်လူတို့၏ ပြောပြချက်များ၊ ကိုယ်တွေ့ဖြစ်ရပ်ဆန်းကြယ်များကို တစ်ခါတစ်ရံကြားကြရတတ်၏။ မကြာခင်က အမေရိကန်နိုင်ငံ ဆေးရုံကြီးတစ်ခုတွင် ခွဲစိပ်ခန်းမထဲမှာ ဝေဒနာရှင်အမျိုးသမီး ကျောင်းဆရာမတစ်ဦးသည် သေငယ်ဇောနှင့် မြောသွားရာမှ နက်ရှိုင်းသောဥမင်လိုဏ်ခေါင်းအတွင်း လှပတောက်ပြောင်သော အဖြူရောင် အလင်းတန်းများနှင့် တွေ့ဆုံရပြီးလျှင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကကွယ်လွန်ပြီးသူ နာမည်ကျော် အဆို တော် ရုပ်ရှင်မင်းသားချော အဲလ်ဗစ်ပရက်စလေ (Elvis Presley)က သူမကို ညင်သာစွာဆွဲယူခေါ်ဆောင်သွားသည်ကို အသေအချာ မြင်တွေ့ရကြောင်း ထွက်ဆိုလေသည်။

ရှေးအခါက သေခြင်းအကြောင်းကို စိတ်ဝိညာဉ် သုတေသ ဆရာတို့ လေ့လာမှုနည်းပါးသော်လည်း ယခုအခါ၌မူ သုတေသ ဆရာတော်တော်များများက စေ့စပ်သေချာစွာ စူးစမ်းလေ့လာ ကြပေပြီ။ အဓိကအကြောင်းမှာ သေမင်းတံခါးဝသို့ ရောက် ပြီးနောက် ပြန်လည်သတိရလာသောသူများနှင့် မရဏာသ (ဝါ) သေခါနီးဆဲဆဲလူနာများ၏ ပြောပြချက်များကို စူးစမ် လေ့လာခြင်းဖြစ်၏။

အသည်းအသန် ဖျားနာနေသောကြောင့် သို့မဟုတ် အပြင် အထန်ထိခိုက်ဒဏ်ရာရရှိသောကြောင့် ဆရာဝန်က သေပြီဟု ဆုံးဖြတ်ထားပြီးနောက် ဆရာဝန်၏ အားထုတ်မှုဖြင့် သေဘေးမှ လွတ်မြောက်လာသူတို့သည် သေရွာပြန်ပုဂ္ဂိုလ်များဖြစ်ကြ၏။

## ဒေါက်တာရေမွန်မူဒီ

အမေရိကန်ပြည်၌ ဒေါက်တာရေမွန်မူဒီ (Rd. Raymond Moody) ဆိုသော သုတေသီဆရာဝန်သည် သေရွာပြန်ပုဂ္ဂိုလ် ၁၅၀ တို့၏ ပြောပြချက်များကို စုဆောင်း၍ ဆန်းစစ်လေ့လာ ခဲ့ရာ ထိုသူတို့၏ သေမင်းတံခါးဝရောက် အတွေ့အကြုံများမှာ အတော်များများ တူညီနေသည်ကို တွေ့ကြရလေသည်။

သေရွာပြန်ပုဂ္ဂိုလ်တို့၏ အဆိုအားဖြင့် သူတို့သည် မေ့မြောနေစဉ် ကောင်းကင်ဘုံသို့ရောက်ရှိသွား၍ ဘုရားသခင် ကို ဖူးမြင်ရပြီး ကောင်းကင်တမန်များနှင့် ကွယ်လွန်ပြီးသူ ဆွေမျိုးသားချင်းတွေကို တွေ့ကြရသည်ဆို၏။ ရှေးယခင်က



မတွေ့မြင်ဖူးသော မေတ္တာရှင် အလင်းရောင်ပုဂ္ဂိုလ်တစ်ဦး ည်လည်း သူ့ရှေ့မှောက်၌ပေါ်လာကာ ထိုပုဂ္ဂိုလ်က သူ့အား ဘဝကို ပြန်လည်သုံးသပ်ရန် နှုတ်ဖြင့်မဟုတ်ဘဲ စိတ်တန်ခိုး ဖြင့်ပြော၏။ သူသည် စိတ်သာယာငြိမ်းချမ်းမှုကိုရကာ သူ၏ ကိုယ်ကို မေတ္တာဓာတ်လွှမ်းခြုံခြင်းခံရ၍ ကာမဂုဏ်စည်းစိမ် စ္စာတို့ကို တပ်မက်မှုမရှိတော့ဘဲ သတ္တဝါအားလုံးကို ကူညီစောင့် ရှောက်လိုသော စိတ်ဆန္ဒကောင်းများ ပွားများလာ၏။ နှစ်ရှည် လများ မိမိတို့၌စွဲကပ်နေသော စရိုက်ဝါသနာဆိုးများ အလိုလို ပျောက်ကွယ်သွား၏။ ဥပမာ ရှေးအခါက ခက်ထန်ကြမ်းတမ်း သော အရက်သမားအချို့သည် အသက်မသေဘဲ တမလွန်လောက မှ ပြန်လည်ရောက်ရှိလာပြီးနောက် လုံးဝအရက်ပြတ်သွားကြသည် ဟု ဆို၏။

## ဘာသာရေးကိုင်းရှိုင်းမှုပိုလာ

မူလက ဘုရားသခင်ရှိသည်ဟု မယုံကြည်ကြသူ ခရစ်ယာန် ယ်ဝင် သေရွာပြန်ပုဂ္ဂိုလ်တို့သည် သေခါနီးဘဝနိမိတ်အာရုံများ စားရရှိပြီးနောက် ဘုရားသခင် (God) ရှိနေသည်ဆိုခြင်းကို စွဲမြဲမြဲသက်ဝင်ယုံကြည်သွားတတ်ကြလေသည်။ မူလက ဘာမျှ ကိုးကွယ်မှုမရှိသူ ဘာသာမဲ့များသည်လည်း သူတော်စင်များကို ကိုးကွယ်ဆည်းကပ်လာတတ်ကြသည်။ "Most near death surviour say they don't think there is a God. They know"

**ဂုဏ်ပကာသန တန်ခိုးအာဏာကို မမက်မောတော့**

တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံနေရသော ရာဇဝတ်သားကောင် အချို့ဆိုလျှင် သေခါနီးအတွေ့အကြုံခံစားရပြီးနောက် သူတစ်ပါးကိုကူညီချင်သော စိတ်စေတနာကောင်းများဝင်လာသည်အထိ ပြောင်းလဲသွားကြသည်ဆို၏။ အထူးခြားဆုံးမှာ သေရွာပြန်တို့သည် ဘာသာတရား ဆည်းကပ်ကိုးကွယ်မှုတွင် အလေးအနက်ဖြစ်သွားပြီး လောဘ၊ ဒေါသ၊ မောဟများထူးထူးခြားခြား လျော့ပါးသွားကာ တန်ခိုးအာဏာကို မက်မောတွယ်တာမှုမရှိတော့ခြင်းပင်ဖြစ်သည်။

**သေခါနီးအတွေ့အကြုံသုတေသနအစ**

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ လောက်ကပင် ဂရိဒဿနိကပညာရှင်ကြီး ပလေတို၏ ရေးသားချက်များတွင် သေခါနီးစစ်သားတစ်ယောက်၏ နိမိတ်အာရုံ တွေ့မြင်ရပုံကို ဖော်ပြထား၏။ ယခုအခါ သေခါနီးလူနာများ၏ နိမိတ်အာရုံတွေ့မြင်ရမှုများသည် ကမ္ဘာအရပ်ရပ်၌ ကြားသိရသောအမှုများဖြစ်နေပြီးအနောက်နိုင်ငံများ၌ စိတ်ဝင်စားမှုများလာ၍ အမေရိကန်နိုင်ငံ၌ထိုအကြောင်းကို ဗာဂျီးနီးယားဆေးတက္ကသိုလ်မှ စိတ်ပညာရှင်အချို့ အထူးလေ့လာနေကြပြီဖြစ်၏။

ရှေးအခါက သေခါနီးတို့၏ စုတေစိတ်နိမိတ်အာရုံများ (NDEs) ကို ကွက်ကျားကွက်ကျား စုဆောင်းခဲ့သော်လည်း ၁၉၆၁ ခုနှစ် အတွင်းက ဒေါက်တာကာလစ်အိုစစ် (Dr. Karlis Osis) က ဤကိစ္စနှင့်ပတ်သက်၍ မေးခွန်းလွှာများကိုအမေရိကန်နိုင်ငံရှိ ဆေးရုံဆရာဝန် ၂၀၀၀၊ ပြင်ပဆရာဝန် ၂၀၀၀၊ ပညာသင် ဆရာဝန် ၂၀၀၀၊ ဆေးရုံသူနာပြုဆရာ၊ဆရာမ ၁၀၀၀ နှင့် ပြင်ပသူနာပြု ဆရာ၊ ဆရာမ ၁၀၀၀ တို့ထံစာတိုက်မှပေးပို့၍ မေးမြန်းစုံစမ်းရာ သေခါနီးလူနာပေါင်းသုံးသောင်းကျော်တို့၏ တွေ့ကြုံခံစားချက် မှတ်တမ်းများကိုရရှိခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ဒေါက်တာ ရေမွန်မူဒီသည် (Life After Life) 'တစ်ဘဝပြီးတစ်ဘဝ' အမည်ရှိသော စာအုပ်ကိုသူ၏အတွေ့အကြုံများဖြင့် လူထုအကြိုက် လူထုစကားဖြင့်ရေးသားထုတ်ဝေလိုက်သောအခါ ချက်ချင်းအောင်မြင်ကျော်ကြားသွားခဲ့၏။

❋




ရန်အောင်စာပေ

## သေခြင်းတရား၏ လျှို့ဝှက်ချက်

(၁)

No choice is uninfluenced by the way in which the personality regards its distiny, and the body its death. In the last analysis, it is our conception of death which decides our answers to all the question that life puts to us...Hence, too, the necessity of preparing for it.

-Dag Hammarskjold.

သေခြင်းတရားနှင့်ပတ်သက်၍ အမျိုးမျိုးပုံဖော်ကြရာတွင် နောက်ဆုံးတွေ့ရှိရသည့် မှန်ကန်ချက်ကား သေခြင်းတရားဆိုသည်ကို ကျွန်ုပ်တို့ မည်သို့မျှ မရှောင်လွှဲနိုင်။ သို့ဆိုသော် ရင်ဆိုင်ရန်ပြင်ဆင်ထားဖို့သာ ရှိပေ၏။

ဒက်ဂျ်ဟားမားရှိုးလ်





လူတစ်ယောက် သေဆုံးသွားခြင်းအပေါ် ဆေးသိပ္ပံပညာရပ်အနေဖြင့် အောက်ဖော်ပြပါ အချက်များဖြင့် တိကျသေချာစွာ သတ်မှတ်ကြပေသည်။

နှလုံးခုန်ရပ်ပြီးနောက် သွေးလည်ပတ်မှုလည်းမရှိတော့။ ဦးနှောက်လည်း ဆက်လက်ရှင်သန်ခြင်းမရှိတော့။ ထိုအခါ တစ်နာရီ လေးပုံတစ်ပုံ သို့မဟုတ် မကြာမီမှာပင် ဤခန္ဓာကိုယ်ကြီးသည် လျင်မြန်စွာပုပ်သိုးပေတော့မည်။ ဆေးပညာကိုမူတည်၍ လူတစ်ဦး၏သေခြင်းကိုလေ့လာသော် သေဆုံးသွားသောသူသည် ရုပ်လည်းပျက်ယွင်းလာမည်။ ပျက်ယွင်းလာရာမှ တဖြည်းဖြည်း လုံးဝပျက်စီးသွားပေလိမ့်မည်။

ရာစုနှစ်ပေါင်းများစွာကပင် ဆေးပညာသင်ကြားသောကျောင်းများတွင် ဤဖြစ်ရပ်များကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြသည်။ ဆရာဝန်နှင့်သူနာပြုဆရာမ အများအပြားတို့သည် သေအံ့မူးမူးရောက်ချိန်တွင်ရှိနေသော လူနာတိုင်း၏ အသက်ကိုလု၍ ကယ်ဆယ်ကြရလေ့ရှိသည်။

အံ့သြစရာကောင်းသည်မှာကား သေအံ့မူးမူးတွင်ရှိ လူနာအချို့၏ လက္ခဏာဟန်ပန်များမှာ လက်ခံထားသော ဆေးပညာရှုထောင့်မှ လက္ခဏာများနှင့် လွဲနေတတ်ခြင်းပင်ဖြစ်သည်။

သေအံ့မူးမူး ဇောငါးတန်ပြန်နေချိန် 'မရဏာသန္န' အခါတွင် မည်သို့သော အမြင်များ ရရှိပါသနည်း။

သူတို့သည် မည်သို့သော အတွေ့အကြုံများကို ဖန်တီးနိုင်ခဲ့ပါသနည်း။

ဘဝ၏နိဂုံးကမ္ဘာတ် အဆုံးသတ်ရတော့မည့်အချိန်တွင် သူတို့ ဘာကို မြင်လာကြသနည်း။

သူတို့၏ ရှုထောင့်မှကြည့်သော် သေဆုံးခြင်းဟူသည် လုံးဝပျက်စီးသွားခြင်းပေလော။ သို့မဟုတ် အသစ်တစ်ဖန် ပြန်စခြင်းလော။ ဝေဒနာရှင်များသည် မိမိတို့မြင်ရသောအာရုံကို စောကြောနိုင်ခြင်းမရှိသော်လည်း တစ်စုံတစ်ခုကို မြင်တွေ့ရသည်ကိုကား သတင်းပို့နိုင်သည်။ သူတို့သည် သေဆုံးပြီးသော ဆွေမျိုးများနှင့် သူငယ်ချင်းများကို မြင်တွေ့ရသည်ဆို၏။ သူတို့သည် ဘာသာရေး အထူးကိုင်းရှိုင်းသူများ၊ ထူးဆန်း၍ စိတ်ကူးနှင့် ဒဏ္ဍာရီဆန်မှုပေါ်တွင် အခြေတည်ထားသော ရုပ်သွင်သဏ္ဍာန်ထူးများကို မြင်ရသည်ဆို၏။

သူတို့ရောက်ရှိသွားသော နေရာဒေသမှာ ပတ်ဝန်းကျင်တစ်ခွင်လုံး အလင်းရောင်လွှမ်းမိုးနေပြီး လူ့လောကနှင့်မပတ်သက်သော နတ်ဘုံနတ်နန်းတမျှ လှပဆန်းကြယ်သော ဒေသသစ်တစ်ခုသို့ ရောက်ရှိသွားဘိသကဲ့သို့လည်း ခံစားရ၏။

ထိုထိုသော အာရုံနိမိတ်များသည် ထာဝစဉ်တည်တံ့နေသည်ကား မဟုတ်။ အခါအားလျော်စွာ ပြောင်းလဲနေတတ်ပေသည်။ ထိုကဲ့သို့ ကောင်းသောအာရုံအမြင်ကို ရရှိလာပါက စိတ်နှလုံး အေးချမ်းမှု၊ ဘာသာရေးကိုင်းရှိုင်းမှုများကို ကျင့်ဆောင်လာတတ်သည်။

ဝေဒနာသည်များသည် အသေကောင်းပါက အာရုံအမြင်ကောင်းကို ရရှိပေမည်။ အချို့သော အိပ်ယာထက်တွင် လဲနေသော ဝေဒနာရှင်များသည် မည်သည့်အာရုံနိမိတ်များကိုမျှ မမြင်ကြရသောသူများလည်းရှိသည်။ ဆရာဝန်များနှင့် သူနာပြုဆရာမအချို့တို့သည် လူနာပေါင်းများစွာကိုလေ့လာပြီး ထိုသူတို့ ပြန်လည်ပြောပြသော 'မရဏာသန္န'၌ မြင်တွေ့ရသည့် အာရုံနိမိတ်များကို သိရှိကြရသည်။

ထိုသူတို့အနက် အောက်ပါ လူနာနှစ်ယောက်အပေါ် လေ့လာခဲ့ပုံကို ဖော်ပြပါမည်။

အသက်(၇၀)ရှိသော လူနာအဘွားကြီးတစ်ယောက်သည် ကွယ်လွန်ပြီးဖြစ်သော သူမ၏ခင်ပွန်းသည်ကို မကြာခဏ မြင်ရရာမှ မိမိသည်လည်း မကြာမတင်သေဆုံးပေတော့မည်ဟု နိမိတ်ဖတ်ခဲ့လေသည်။

သူ၏ပြောပြချက်အရ အောက်ပါအတိုင်းသိရှိရသည်။ ကွယ်လွန်လေပြီးဖြစ်သော သူမ၏ခင်ပွန်းသည်သည် ပြတင်းပေါက် တွင်ပေါ်လာပြီးသော် သူမကို အိမ်အပြင်သို့ထွက်လာခဲ့ရန် ခေါ်သည်ဆို၏။ အဓိပ္ပာယ်မှာ သူနှင့်အတူ လောကသစ်သို့ လိုက်ခဲ့ရန်ခေါ်ခြင်းသဘောရှိသည်။ထိုကဲ့သို့ သူမအနေဖြင့် သေဆုံးတော့မည်ဆိုသည်ကို ကိုယ်တိုင်ကြိုတင်နိမိတ်ဖတ်ရာတွင် ထိုအဘွားကြီး၏သမီးနှင့် ဆွေမျိုးများလည်း ရှိနေလေသည်။

ထိုအဘွားကြီးသည် ခေတ္တတရေးတမောအိပ်မည်ဟု ပြောကာ ခုတင်ထက်တွင် လဲလျောင်းပြီး မကြာမီတစ်နာရီအကြာ သေဆုံးသွားလေသည်။

ထိုအဘွားကြီးသည် အေးချမ်းစွာဘဝကူးပြောင်းသွားခြင်း

ဖြစ်ရာ သေခြင်းကို လိုလိုလားလား လက်ခံသွားသည်ဟုဆိုနိုင်သည်။ အဘွားကြီးသည် မိမိ၏လင်ယောကျ်ားကို မတွေ့ခင်၌ သေခြင်း တရားအကြောင်းကို လုံးဝမပြောပေ။

ဤသို့အဘွားကြီး ရုတ်တရက်သေဆုံးသွားခြင်းနှင့် ပတ်သက်၍ ဆေးကုနေသောဆရာဝန်သည် အလွန်အံ့ဩသွားလေသည်။ သူမတွင် ဤကဲ့သို့ ရုတ်တရက်သေလောက်သော အခြေအနေမရှိ။ သူမအဆိပ်သင့်၍များ သေလေသလားဟု စစ်ဆေးကြည့်ရသည်။ ဤသို့စစ်ဆေးကြည့်သောအခါ အဆိပ်ကိုသော်လည်းကောင်း၊ ဆေးဝါးများကိုသော်လည်းကောင်း သုံးစွဲထားသည်ကို မတွေ့ရချေ။

နောက်ထပ်စိတ်ဝင်စားဖွယ်ကောင်းလှသော အကြောင်းတစ်ရပ်မှာ အသက်(၆၀)အရွယ် အဘွားအို တစ်ယောက်၏ အကြောင်းပင်ဖြစ်လေသည်။ သူမသည် ကင်ဆာရောဂါဖြင့် ဆေးရုံရောက်ခဲ့သူဖြစ်၏။

သူမနှင့်ပတ်သက်၍ ဆရာဝန်ပြန်လည်ပြောပြချက်မှာ ဤသို့ဖြစ်သည်။

လူနာသည်ရောဂါ၏ပြင်းထန်မှုကြောင့် အပြင်းအထန်ခံစားရကာ မှိန်းနေရာမှ ရုတ်တရက်မျက်လုံးများကို ဖွင့်လိုက်သည်။

သူမသည် ကွယ်လွန်ပြီးသော သူမ၏ ခင်ပွန်းအမည်ကို ခေါ်ကာ ‘ရှင့်ထံ ကျွန်မလာနေပြီ’ဟု ပြော၏။

သူမကိုကြည့်ရသည်မှာ အေးအေးချမ်းချမ်းပင်။ မျက်နှာပေါ်တွင် အလွန်နှစ်လိုဖွယ်ကောင်းသော အပြုံးတစ်ရပ်ကို ပွင့်ဖူးထား၏။ သူမသည် တစ်စုံတစ်ယောက်၏ ထွေးပိုက်ယုယမှုကို ခံယူရန် သွားနေသယောင်။

“ကျွန်မလာနေပါပြီ’လို့ သူမကပြောနေတယ်။ ကျွန်တော် (ဆရာဝန်) သူမအနားမှာ ရှိနေတယ်ဆိုတာကိုတောင် သူသတိပြုမိဟန် မတူဘူးဗျာ”

သူမသည် သီးခြားကမ္ဘာတစ်ခုခုဆီသို့ ရောက်နေသယောင်ယောင်။ သူမကိုကြည့်ရသည်မှာ အလွန်လှပ၍ နှစ်လိုဖွယ်ကောင်းသော အရာဝတ္ထုတစ်ခုနှင့်အတူ သူမရှိနေသည်ဟု ထင်ရပေသည်။

ထိုကဲ့သို့သောဖြစ်ရပ်များကို သက်သေပြ၍ ဖြစ်နိုင်လိမ့်မည်မဟုတ်ချေ။ လှုံ့ဆော်မှုအာရုံမှားမှု (HALLUCINATION)ကိုမူ တစ်နည်းမဟုတ် တစ်နည်းသက်သေပြနိုင်ကောင်း၏။ ကျွန်ုပ်တို့သည် ကွန်ပျူတာအကူအညီဖြင့် ယင်းတို့၏ တွေ့မြင်ခံစားမှုများကို အဖြေထုတ်နိုင်ကောင်း၏ဟု မျှော်လင့်ရပေသည်။

သူတို့သည် ‘နောက်ဘဝ’ (AFTER LIFE)သို့မဟုတ် ‘ဘဝ၏နိဂုံး’ (FINAL END) တွင် ဘာတွေမြင်တွေ့၍ မည်သို့ခံစားရလေသည်ကို အဖြေထုတ်လိုသည်။ ကျွန်ုပ်တို့သည် ဤသို့သုတေသနပြုနေစဉ်အတွင်း မကွယ်လွန်မီ လူနာများ မြင်တွေ့ရပုံ၊ ခံစားရပုံများနှင့် ပတ်သက်၍ ဖော်ပြထားသော အစီရင်ခံချက်များကို မကြာခဏရရှိသည်။

အချို့သည် သေခြင်းတရားကို ငြိမ်းချမ်းစွာ ရင်ဆိုင်သွား

ကြသည်။ အချို့သည်ကား ဝေဒနာကိုပြင်းပြင်းထန်ထန် ခံစားရ၍ အာရုံနိမိတ်များသည်လည်း မကောင်းတတ်ပေ။

ဤသို့ ဘာကြောင့်ဖြစ်ရသနည်း။

ဘောစတွန်မြို့မှ သမားတော်ကြီးတစ်ယောက်သည် 'နှလုံးသွေးခုန်ခြင်း' ရပ်သွားသော လူနာတစ်ယောက်အား လာရောက်ကြည့်ရှုပြီး ခေတ်မီအသက်ကယ်နည်းနာနိသယများဖြင့် ကုသပေးခြင်းကြောင့် ထိုလူနာခမျာ အသက်ပြန်ရှင်လာခဲ့သည်။ ထိုသို့အသက်ပြန်ရှင်လာအောင် အစွမ်းကုန်ကုသပေးခြင်းအတွက် ထိုလူနာက ကျေးဇူးတင်ရှိကြောင်း ပြောကြားလိမ့်မည်ဟု ဆရာဝန်ကြီးက မျှော်လင့်ခဲ့သည်။

သို့သော် အခြေအနေမှာ ပါစင်အောင်လွဲသွားသည်။ လူနာသည် မျက်လုံးကိုဖွင့်ကြည့်ပြီးသော် ဤသို့ စိတ်ဆိုးမာန်ဆိုး ပြောချလိုက်၏။

"ဒေါက်တာ ကျွန်တော့်ကို ဘာလို့ ပြန်ခေါ်ရတာလဲ၊ ကျွန်တော်ရောက်သွားတဲ့နေရာက သိပ်လှတာပဲဗျ၊ အဲဒီမှာပဲ ကျွန်တော်နေချင်လိုက်တာ"

အမှန်အားဖြင့် မြောနေသောလူနာတစ်ယောက်အား စွန့်စားကယ်တင်ရခြင်းသည် ကျေးဇူးအနန္တတင်ဖွယ်ပင်။ သို့စဉ်လျက် ထိုလူနာက ကျေးဇူးမတင်။ ဘဝသစ်တွင် ပျော်ပိုက်သွားဟန်တူသည်။ ယခုလက်ရှိဘဝကို ရွံရှာမုန်းတီးနေ၏။

ကျွန်ုပ်တို့သည် လူနာများ၏ ဆေးဝါးကုသမှုနှင့်ဆိုင်သော အတွေ့အကြုံ၊ လူနာများ၏ စိတ်ဓာတ်ရေးရာခံစားမှုနှင့် နောက်





ကြောင်းအခြေအနေများကို မသိပါမူ သူတို့၏ တုန့်ပြန်မှုကို 'ပုံဖော်နားလည်ပေးရန်'မှာ လွယ်ကူမည်မဟုတ်ချေ။

ဥပမာအားဖြင့် ထိုသို့သောအဆင့်တွင် လူနာသည် ဝေဒနာကို ပြင်းထန်စွာခံစားရလေ့ရှိရာ ထိုခံစားမှုဝေဒနာမှ သက်သာစေရန် 'မော်ဖိန်း'ကို ထိုးပေးလေ့ရှိသည်။ ထိုကဲ့သို့သော ဆေးဝါးများသည် ထူးဆန်း၍ ပုံပန်းမကျသော တုံ့ပြန်မှုကို ရတတ်လေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် သိပ္ပံနည်းကျစွာ မလေ့လာဘဲနှင့် လူနာတို့၏ဓာတ်လမ်းများကို လက်ခံခြင်းမပြုသင့်၊ ငြင်းပယ်ခြင်းလည်း မပြုအပ်။ သို့မဟုတ်ပါမူ လက်ခံချင်ပါက အကျယ်ချဲ့၍ ပြောဆိုခြင်းများရှိသည့်နည်းတူ ငြင်းပယ်ချင်ပါက အပြစ်ပြောကာ ပြစ်တင်ရှုံ့ချတတ်သဖြင့် လူနာများအဖို့ ဝေခွဲမရဘဲ ဇဝေဇဝါဖြစ်တတ်လေသည်။

ဆရာဝန်များ၊ ဘာသာရေးဆိုင်ရာ အကဲဖြတ်ပုဂ္ဂိုလ်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများသည် တကယ်စစ်မှန်သော အချက်အလက်များကို ရှာဖွေရန် လိုအပ်သည်။ အဆိုပါအချက်အလက်များကို ရရှိသည့်တိုင်အောင် ထိုအချက်အလက်များမှာ နောက်ဘဝနှင့်ပတ်သက်၍ တွေးဆချက်များနှင့် တူညီသလော။ သို့မဟုတ် ဆန့်ကျင်သလောဟူသည်ကိုလည်း စောကြောရန် လိုအပ်ပေသည်။

အမှန်အတိုင်းဆိုရပါမူ သေခြင်းတရားကိုစစ်ဆေးရာ၌ ခေတ်မီသင်ယူမှုများကို အခြေပြု၍မရပေ။ ဘာသာခြားတိုင်းပြည်

ဖြင့် ဘာသာရေးဆိုင်ရာ အယူအဆနှင့် သမားရိုးကျ အစဉ်အလာအရ လက်ခံထားသော အယူအဆများသည် အတွေ့အကြုံပေါ်တွင် အခြေတည်ပေသည်။

ဂန္ထဝင်မြောက် စာပေများဖြစ်သည့် အာအမ်ဘာ(စ်) R.M. Bucke ရေးသားသည့် (Cosmic Consciousness) စာအုပ်နှင့် ဝီလျံဂျိမ်း William James ရေးသားသော (Varieties of Religious Experience) စာအုပ်တို့က အမြင်အာရုံအမျိုးမျိုးနှင့်ပတ်သက်၍ 'ဥပမာ'များ ဝေဝေဆာဆာတင်ပြထားရာ အဆိုပါစာတွေ့ဗဟုသုတများအရ ငြင်းခုန်ကြခြင်းဖြစ်သည်။

ရှေးယခင်က 'သေခြင်းတရား'ကို ရင်ဆိုင်ရန် ကြောက်ရွံ့ကြသော သူအချို့သည် ထိုစာအုပ်များပါ အတွေးအခေါ်များကို လေ့လာပြီးသော် အဆိုပါ ကြောက်ရွံ့မှုသည် ဖုံးအုပ်ထားသော ဝတ်ရုံလွှာကဲ့သို့ လျှောကျရလေသည်။ သို့သော် ထိုသို့ကြောက်ရွံ့မှုပယ်ခွာသွားခြင်းသည် ယထာဘူတသဘောအရ ဆင်ခြင်သိမြင်၍မဟုတ်ဘဲ စာပေမှတစ်ဆင့် သိရသော အချက်သာဖြစ်သည်။

'သေခြင်းတရား၏ နောက်ဘဝ' အခြေအနေကို သိပ္ပံနည်းကျ လေ့လာရာတွင် အောက်ပါအတိုင်း အဓိကကျသော အခန်းများဖြင့် ခွဲခြားထားရှိလေသည်။

၁။ နတ်ဝင်သည်များ၊

၂။ လူအတော်များများ တွေ့ဖူး၊ မြင်ဖူးသော ပရလောကသား တစ္ဆေ၊ မှင်စာကလေးများ၊





၃။ လူဝင်စားတို့၏ မှတ်ဉာဏ်များ၊

၄။ လက်ရှိခန္ဓာဟောင်းကို စွန့်ပယ်ပြီး

၅။ သေအံ့မူးမူး(မရဏာသန္န)ချိန်ခါ၌ မြင်တွေ့ရပုံများ၊

**တာနာတိုလိုဂျီ THANATOLOGY**။

သိပ္ပံနည်းကျ အမြင်ဖြင့် သေခြင်းတရားအားလေ့လာခြင်းကို THANATOLOGY တာနာတိုလိုဂျီဟုခေါ်သည်။ ဤတာနာတိုလိုဂျီသည် လွန်ခဲ့သော ဆယ်စုနှစ်ကစတင်ခဲ့ပြီး စိတ်ပညာရှင်များနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ စိတ်ကုဆရာတို့၏ သေအံ့မူးမူးမြောနေသူများနှင့် ၎င်းတို့မိသားစုအတွေ့အကြုံများ၊ လေ့လာချက်များဖြစ်သည်။

သူတို့သည် ဆေးရုံအမှုထမ်းများနှင့် သူတို့၏ ဆွေမျိုးများအကူအညီဖြင့် ဆေးရုံပေါ်တွင် မြောနေသော သေခြင်းတရားကို ငံ့လင့်နေသူများ၏ အမြင်အတွေ့အာရုံတို့ကို မေးမြန်းမှတ်သားခဲ့လေသည်။ ထိုသို့စိတ်ဝင်တစား မေးမြန်းလေ့လာခဲ့ခြင်းဖြင့် အဆိုပါလူနာများ၏ အပြုအမူ၊ အပြောအဆိုများကို သိရှိခဲ့ရသည်။

တာနာတိုလိုဂျီသည် သေခြင်းတရားနှင့် ပတ်သက်၍ ခန္ဓာဗေဒဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများကို အခြေခံ၍ သေခြင်းဆိုင်ရာ လူမှုရေးပုံပန်းသဏ္ဌာန်တို့ကို ပုံဖော်လေသည်။

ယနေ့ခေတ်မီ သိပ္ပံပညာရှုထောင့်မှ ကြည့်သော် တာနာတိုလိုဂျီ THANATOLOGY သည် လက်ခံရန်မလွယ်ကူသကဲ့သို့ရှိသည်။ သို့ရာတွင် သိပ္ပံပညာရှင်အချို့ကမူ တာနာတိုလိုဂျီကို စူးစူးစိုက်စိုက်လေ့လာရာမှ အဆိုပါပညာရပ်

သည်လည်း လက်တွေ့ကျကျ သိပ္ပံပညာဆန်ဆန် လေ့လာနိုင်ကြောင်း သိလာရသည်။

သို့ဖြင့် THANATOLOGY ဟူ၍ပေါ်ပေါက်လာပြီး ထိုသို့သောပုဂ္ဂိုလ်များတွင် ဒေါက်တာ အယ်လီဇဘက်ကူဗလာရောစ် Dr. Elisabeth Kubler Ross လည်း ပါဝင်သည်။

သူမသည် THANATOLOGY ဖြစ်သည်နှင့်အညီ 'သေခြင်းနှင့် မြောခြင်းအပေါ် လေ့လာတွေ့ရှိချက်' (ON DEATH AND DYING) ကို ရေးသားခဲ့ရာ အရောင်းသွက်ဆုံးစာအုပ်ဖြစ်ခဲ့သည်။ သူမ၏အဆိုအရ သူမကိုယ်တိုင် တွေ့ရှိရသော သေအံ့မူးမူး လူနာများ၏ အကြောင်းအရာများကို အခိုင်အမာ စူးစူးစိုက်စိုက် လေ့လာပါက 'သေပြီးနောက်ဘဝ' ကို သိနိုင်သည်ဟု ဆိုပေသည်။

❋



# သေခြင်းတရား၏ လျှို့ဝှက်ချက်

## (၂)

လူသည် ဤဘဝမှ သေဆုံးလွန်မြောက်သည်ရှိသော် မည်သို့ဖြစ်ပျက်သွားသနည်း။

တမလွန်ဘုံဘဝဆိုသည် ရှိသလား။

လူသေလျှင် လူပဲပြန်ဖြစ်သလား။

သို့တည်းမဟုတ်က တစ်စုံတစ်ရာမျှ မကြွင်းကျန်ရစ်ဘဲ အားလုံး ချုပ်ငြိမ်းပျောက်ကွယ်သွားတတ်သည့် သဘောမျိုးလား။

သေသည်၏ အခြားမဲ့ဘဝ (LIFE AFTER DEATH) သို့မဟုတ် (AFTER LIFE) အယူအဆသည် ရှင်းပြရန်ခက်လှသလို သက်သေပြရန်လည်း လွယ်ကူလှသည်မဟုတ်ပေ။ ဘဝတစ်ခုကို အဆုံးသတ်ပြီး နောက်ဘဝတွင် တစ်နည်းတစ်ဖုံ အသက်ရှင်နေခြင်းကို Postmortem Survival ဟု ယေဘုယျခေါ်၍ ထိုအယူအဆသည် သက်သေပြနိုင်ပါမည်လောဟူ၍ အမေးတစ်ရပ်ရှိခဲ့သည်။

သိပ္ပံနည်းကျသော ကမ္ဘာလောကတစ်ဝန်းကလက်ခံထားသော အယူအဆမှာ 'ဤစကြာဝဠာကြီးကို ရူပဗေဒခေါ် ရုပ်ဝတ္ထုဒြပ်များဖြင့်သာ တည်ဆောက်ထားသည်'ဟုဆိုပါသည်။ ဘဝ၏ သေခြင်းတရားနောက်ပိုင်း အဖြစ်အပျက်များမှာ ဝိဇ္ဇာပညာရပ်ဖြစ်ပါသည်။ ဒဿနဆန်ပါသည်။ သိပ္ပံကဲ့သို့ လက်တွေ့ကျကျ သက်သေမပြနိုင်ပါ။ သက်သေမပြနိုင်သဖြင့် သေသည်၏အခြားမဲ့၌ နောက်ဘဝမရှိဟူ၍ မဆိုနိုင်ပါ။

စိတ်အားထက်သန်လာကြသော သိပ္ပံပညာရှင်များအနေဖြင့် ဒဿန(အတွေး)သဘောတရားမှ လက်တွေ့ကျသော သိပ္ပံနယ်ပယ်သို့ ချဲ့ထွင်လာပါသည်။ ၁၉၆၀ မှ ၁၉၇၀ ခုနှစ်တွင်ကား ဝိညာဉ်ပိုင်းဆိုင်ရာကို အလေးအနက်ထား၍ လေ့လာခဲ့ကြ၏။ စိတ်ဝိညာဉ် သုတေသနနယ်ပယ်တွင် ထင်ရှားကျော်ကြားသူများမှာ (Ian Stevenson) အိုင်ယင်စတီဗင်စင်နှင့် (Hornell Hart) အော်နဲလ်ဟတ်တို့ဖြစ်သည်။ သူတို့သည် သုတေသနလုပ်ငန်းများကို ပြုလုပ်ကြပြီးနောက် 'နောက်ဘဝတွေးဆချက်'(The After Life hypothesis)ကို အကြွင်းမဲ့ယုံကြည်သွားကြပြီး စတီဗင်ဆင်က ၁၉၇၄ ခုနှစ်တွင်လည်းကောင်း၊ ဟတ်သည် ၁၉၅၉ တွင်လည်းကောင်း လိုအပ်သော သက်သေပြချက်များကို သုတေသနလုပ်ငန်း၏ ရလာဒ်အဖြစ် ရရှိခဲ့သည်။

ထင်ရှားသော ပရစိတ္တဗေဒပညာရှင် ဂျေ၊ ဘီရိုင်း (J.B. RHINE) က အောက်ပါအတိုင်း မှတ်ချက်ချခဲ့သည်။





'နောက်ဘဝ' ပြဿနာကို သုတေသနပြုလုပ်သင့်သည်။ နောက်ဘဝပြဿနာသည် ယနေ့သိပ္ပံဆိုင်ရာ နည်းနာနိဿယများဖြင့် စမ်းသပ်ခြင်းငှါ လက်လှမ်းမမှီနိုင်သောအဆင့်တွင်ရှိသည်။ ရိုင်းက နည်းပညာသစ်ဖြင့် ချဉ်းကပ်လေ့လာပါက ပိုမိုအကျိုးသက်ရောက်နိုင်သည်ဟုဆိုခဲ့သည်၊ သို့ဖြင့်သူတို့သည် သိပ္ပံနယ်ပယ်တွင်လည်းအကျုံးဝင်စေရန် နည်းပညာသစ်များဖြင့် ထိုပြဿနာကိုလေ့လာကြပြန်သည်။ ဤသို့သုတေသနပြုရခြင်းမှာလည်း လွယ်ကူသည်တော့မဟုတ်။ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။

သုတေသီများစွာရှိသည့်အနက် ဆရာဝန်သုတေသီများ အဖို့မူ လူနာမျိုးစုံကို နီးနီးကပ်ကပ်ပြုစုကုသနေရသဖြင့် ပိုမို လွယ်ကူမည်ဟုဆိုသော် ရကောင်းသည်။

ဒေါက်တာ ကူဘလာရို့စ် (Dr. Kubler-Ross) နှင့် ဒေါက်တာ ချားလ်စ်ဂါးဖီးလ်ဒ် (Dr. Charles Garfield) တို့သည် ထိုလုပ်ငန်းများအတွက် ပိုမိုစူးစိုက်သူများဖြစ်လေသည်။

* * *

သေအံ့မူးမူးအချိန်၌မြင်တွေ့ရသော မြင်ကွင်းအာရုံတို့သည် ကျွန်ုပ်တို့နှင့်အမြဲတမ်းရှိနေပေသည်။ ထိုအမြင်အာရုံမြင်ကွင်းများအကြောင်းကို အတ္ထုပ္ပတ္တိများတွင်လည်းကောင်း၊ စာပေများတွင်လည်းကောင်း ခေတ်အဆက်ဆက်၌ ကျွန်ုပ်တို့တွေ့မြင်ဖတ်ရှုနိုင်ကြ၏။ ဤသို့ သေအံ့မူးမူးတွင် မြင်တွေ့ရသော အာရုံနိမိတ်များနှင့်ပတ်သက်၍ သိပ္ပံပညာတွင် စနစ်တကျ

လေ့လာထားခြင်း မရှိပေ။ ဗြိတိသျှဂန္ထဝင်မြောက်စာပေများကို လေ့လာရာမှ သေအံ့မူးမူးတွင် မြင်တွေ့ရသောအာရုံနိမိတ်များကို ဖရက်ဒရစ် မိုင်ရာစ် (FREDERIC MYERS) နှင့် ကိုလံဘီယာတက္ကသိုလ် မှ သဘာဝတ္တပညာရှင် ဂျိမ်း၊ အိပ်ချ်၊ ဟိုက်စလော့ (James. H. Hyslop)တို့က ဥပမာပေါင်းများစွာဖြင့် ဝေဝေဆာဆာ တင်ပြခဲ့သည်။ သို့သော် ၎င်းတို့သည် စုံစမ်းစစ်ဆေးရန်ကိုမူ တာဝန်မယူချေ။ ထို့ကြောင့် ဒဗ္ဗလင်ရှိ သိပ္ပံဆိုင်ရာ တော်ဝင် ကောလိပ်မှ 'ဆာ၊ဝီလျံ ဘာရက်' (Sir William Barret) က တိတိကျကျရှင်းပြသည်အထိ ဤ သေအံ့မူးမူး အာရုံနိမိတ်တို့မှာ သိပ္ပံပညာရှင်များအတွက် မသိနိုင်သော အကြောင်းအရာ ပဟေဠိသဖွယ် ဖြစ်နေခဲ့ပေသည်။

## ထူးဆန်းသောဖြစ်ရပ်

၁၉၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့ညတွင်ဖြစ်သည်။

ဆာ၊ ဝီလျံ ဘာရက်၏ ဇနီးသည် ဆေးဖက်ဆိုင်ရာ ခွဲ စိတ်အထူးကုသမားတော်ကြီးတစ်ယောက်ဖြစ်သည်နှင့်အညီ တစ်ကြိမ်တွင် မီးဖွားသော လူနာများကို စောင့်ရှောက်ကုသရသည်။

ထိုနေ့ညတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံအတွက် စိတ်လှုပ်ရှားမိရာ ထိုအဖြစ်ကို ခင်ပွန်းသည်အား ပြောပြချင်သဖြင့် အိမ်သို့ အလျင်အမြန် ပြန်လာခဲ့သည်။

ကလေးမီးဖွားရန် ဆေးရုံတက်နေသော 'ဒေါရစ်'





(DORIS) ဆိုသည့် အမျိုးသမီးငယ်အား မျက်နှာမြင်ပေးရန် အတွက် ထိုလူနာ၏အခန်းထဲသို့ ရောက်ခဲ့သည်။

ဒေါရစ်၏ ကလေးကို အောင်မြင်စွာ မွေးဖွားခဲ့သော်လည်း မိခင်ဒေါရစ်မှာမူ သေငယ်ဇောနှင့် မြောနေပေတော့သည်။

ဤနေရာတွင် 'လေဒီဘာရက်' ပြောပြသည့်အတိုင်း တင်ပြပါမည်။

သူမ(ဒေါရစ်)သည် ရုတ်တရက် အခန်းတစ်နေရာသို့ စိတ်ဝင်တစားကြည့်နေသည်။

သူမ၏မျက်နှာတစ်ခုလုံးတွင် အပြုံးပန်းဝေဆာနေသည်။

"အို ချစ်စရာကောင်းလှချည့်၊ သာယာလှချည့်" ဟု အော်နေလေရာ "ဘာချစ်စရာကောင်းတာလဲ" ဟု ကျွန်ုပ်က မေးလိုက်၏။

"ကျွန်မ ဘာမြင်ရသလဲ ဟုတ်စ" ဟု သူမသည် တစ်ကိုယ်တည်း ရေရွတ်သံဖြင့် ပြောနေသည်။

"ရှင် ဘာမြင်ရသလဲ"

"ချစ်စရာကောင်းလိုက်တဲ့ အရောင်တောက်ပမှု၊ နောက်ပြီး သိပ်ထူးဆန်းတဲ့ သတ္တဝါတွေပေါ့"

သူမ မြင်တွေ့ရသည်ကို အတိအကျ ပြောပြရန်ခက်ပါလိမ့်မည်။

ခေတ္တနားနေပြီးသော် သူမက ဝမ်းသာအားရ အမူအရာဖြင့် ပြောပြန်တော့သည်။

"အို ဒါအဖေပဲ၊ ကျွန်မ သူ့ဆီသွားနေတော့ သူသိပ် ဝမ်းသာနေပုံရတယ်၊ ဖေဖေ သိပ်ပျော်နေပုံပေါ်နေတယ်"

မွေးကင်းစ ကလေးကို သူမထံသို့ သူနာပြုဆရာမတစ်ဦး က ခေါ်လာသည်။ ဒေါရစ်အမည်ခံ ကလေးမိခင်က ကလေးအား စိတ်ဝင်တစား ကြည့်ပြီး–

"ဒီကလေးအတွက် ကျွန်မနေရမှာလား"

ထို့နောက် သူမမှတစ်ပါး အခြားသူများ မမြင်ရသည့် အာရုံနိမိတ်မြင်ကွင်းဖက်သို့ လှည့်၍–

"ကျွန်မ မနေနိုင်ပါဘူး"ဟု ထပ်တလဲလဲပြောနေပြန်သည်။

ဒေါရစ်အနေဖြင့် ပီပီပြင်ပြင် ထင်ထင်ရှားရှား မြင်တွေ့ နေရသောအမြင်အာရုံကို အလွန်တပ်မက်သာယာမိသည်ဖြစ်၍ လက်ရှိဘဝကိုစွန့်လွှတ်ချင်သည်။ လတ်တလောမွေးဖွားထားသော သမီးလေးအပေါ်၌ပင် ခင်တွယ်ပုံမရတော့ပေ။

သို့သော် သူမက အခန်းတွင်းသို့ဝင်ရောက်လာသော ခင်ပွန်းဖက်သို့လှည့်ပြီးလျှင် "သမီးလေးကို တကယ်မချစ်မယ့် သူတွေဆီ ပေးမပစ်ဘူးမဟုတ်လား"ဟု စိုးရိမ်တကြီး ပြောလိုက် သည်။

ထို့နောက် ခင်ပွန်းသည်အား ဘေးတစ်ဖက်သို့ ညင်သာစွာ တွန်းဖယ်လိုက်ပြီးလျှင် "အဲဒီ ချစ်စရာကောင်းတဲ့ တောက်ပ မှုကို ကျွန်မကြည့်ပါရစေ"ဟု ပြောလိုက်သည်။

'ဒေါရစ်'သည် သူမ၏အစ်မကို တွေ့ရလိမ့်မည်ဟု မျှော် လင့်မထားပေ။ အမှန်စင်စစ် သူမ၏ အစ်မ 'ဗီဒါ' (VIDA)





သည် တနင်္ဂနွေ(၃)ပတ်ကျော်ကပင် ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် သူမ၏အစ်မကွယ်လွန်ကြောင်းကို သူ့အား အသိ မပေးခဲ့ပေ။ သူမ၏ကျန်းမာရေးကို ငဲ့ညှာသောအားဖြင့် မိသားစု က ပြောမပြခဲ့ခြင်းဖြစ်ပေသည်။

ထို့ကြောင့် အောက်ပါဖြစ်ရပ်များကို မြင်ရသောအခါ 'ဒေါရစ်'က အနည်းငယ်အံ့သြသွားသည်။

သူမက သူမ၏ဖခင်အား "ကျွန်မ လာပါပြီ"ဟု ပြော လိုက်သည်။

ထို့နောက် ကျွန်ုပ် (လေဒီဘာရက်)ဘက်သို့ လှည့်၍ "အို–သူ့အတော်နီးလာပြီ"ဟု ပြောလိုက်ပြန်သည်။

ခဏအကြာတွင် ကြည့်နေကျနေရာသို့ ကြည့်လိုက်ပြီးလျှင် စိတ်ရှုပ်ထွေးသော အမူအယာဖြင့် "သူနှင့်အတူ ဗီဒါ (VIDA) ရောက်နေပါလား"ဟု ပြောလိုက်ပြန်သည်။

ထို့နောက်–

"ကျွန်မကို အလိုရှိတယ်မဟုတ်လား၊ ကျွန်မ လာပါပြီ အဖေရယ်"ဟုပြောဆိုပြီး သေဆုံးသွားပါသည်။

လေဒီဘာရက်အနေဖြင့် ကွယ်လွန်သူ 'ဗီဒါ' (VIDA) တစ်ယောက် ပရလောကတွင် တစ္ဆေ၊ မှင်စာဖြစ်နေကြောင်း သိရ၍ စိတ်မကောင်းဖြစ်ရသည်။

ဆာဘားရက်သည် အခြားသော တစ္ဆေ၊ မှင်စာ ဇာတ် လမ်းများနှင့်ပေါင်းစပ်၍ ၁၉၂၆ ခုနှစ်တွင် (Death bed Visions) သေအံ့မူးမူးတွင် မြင်တွေ့ရသော အာရုံနိမိတ်များ

ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ်ရေးခဲ့သည်။ လူနာများသည် မိမိတို့အား လာခေါ်သော သေသူများကို မြင်ရကြောင်း၊ ထိုအချိန်၌ လူနာသည် သတိရှိ၍ စိတ်ကြည်လင်နေကြောင်း၊ ဝမ်းသာအားရသော လက္ခဏာရှိကြောင်း၊ တစ်ခါတစ်ရံ သူနာပြုဆရာမ သို့မဟုတ် ဆွေမျိုးသားချင်းတစ်ဦးက လူနာနှင့်အတူ တမလွန်ဘုံသားကိုမြင်ရကြောင်း စသည်များကို ဖော်ပြထား၏။

၎င်းစာအုပ်ကိုရေးရာ၌ စနစ်တကျ လေ့လာမှုသဘောပါသည်။ ဘာရက်က သေငယ်ဇောနှင့် မြောနေသူများသည် အာရုံနိမိတ်အမျိုးမျိုးကို မြင်တွေ့ရကြောင်း၊ သေဆုံးပြီးသူများကိုလည်း မြင်တွေ့ရပြီး သူတို့ကို 'ကောင်းကင်ဘုံ' သို့ ခေါ်သွားမည်ဟု ယုံကြည်နေကြောင်း သိရှိရသည်။

ထိုစဉ်က 'ဘာရက်'သည် ၎င်း၏ စာအုပ်ကိုရေးသားရာ၌ ပရလောကသား တစ္ဆေ၊ မှင်စာတို့၏အဖြစ်ကို ဦးစားပေးရေးထားသော်လည်း နောက်နှစ်ပေါင်း(၃၀)ကြာပြီးနောက် 'သေအံ့မူးမူး အတွေ့အကြုံများ' (Death-bed Expericnce)ကို စနစ်တကျ ခေတ်မီနည်းများဖြင့် လေ့လာရာ၌ လက်ဆွဲကျမ်းတစ်ဆူဖြစ်ခဲ့လေသည်။

၁၉၆၁ ခုနှစ်တွင် ဒေါက်တာ ကာလစ်အိုစစ် (Karlis Osis) သည် သေခါနီးသူတို့၏ စုတေစိတ် နိမိတ်အာရုံများကို အမေရိကန်နိုင်ငံ ဆေးရုံကြီးများတွင် ဆရာဝန်များ၊ ဆရာမများ၏ အကူအညီဖြင့် စနစ်တကျလေ့လာရာ၌ လွန်ခဲ့သော နှစ်ပေါင်း





(၃၀)ကျော်က 'ဘာရက်'၏ အရေးအသားများကို ဖတ်ရသောအခါ အလွန်အံ့ဩမိလေသည်။

ထိုမှဆက်၍ သုတေသနပြုသူများသည် ပရလောကသား တစ္ဆေ၊ မှင်စာများ၏ အဖြစ်၊ တစ်စုံတစ်ယောက် သေလွန်ပြီး ဆွေမျိုးတစ်ဦးဦးက မြင်ရသော ပရလောကသား(ပေတ)များ၏ ဖြစ်တည်ပုံကို လုံးဝလျစ်လျူပြုခဲ့ကြောင်း တွေ့ရသောအခါ စိတ်မကောင်းဖြစ်ရလေသည်။ သုတေသနပညာရှင်တို့သည် လူနာများ၏အတွေ့အကြုံကို ဘာကြောင့်စုစည်းဖော်ပြခြင်းမပြုခဲ့သည်ကိုလည်း အပြစ်တင်မိပေသည်။ ထိုလူနာများ၏ သေအံ့မူးမူး အတွေ့အကြုံများကို ဖြည့်စွက်ဖော်ပြပါမှလည်း ပြီးပြည့်စုံမည်ဟု သဘောပေါက်လိုက်သည်။

ဒေါက်တာ ကာလစ်အိုစစ်သည် ထိုအချိန်က နယူးယောက် ပရစိတ္တဗေဒ ဖောင်ဒေးရှင်း၌ သုတေသနဒါရိုက်တာအဖြစ် ဆောင် ရွက်နေလေသည်။ ထိုအဖွဲ့၏ဥက္ကဋ္ဌမှာ 'အိလင်းဂါရက်' (EILEEN GARRETT) ဖြစ်သည်။ ထိုအမျိုးသမီးကြီးသည်လည်း ပါရမီထူးသော စိတ်ပညာရှင်တစ်ဦးဖြစ်ခဲ့ပေသည်။ သူမသည် စာရေးဆရာတစ်ယောက်ဖြစ်ရုံသာမက ထုတ်ဝေသူတစ်ဦးလည်း ဖြစ်၏။

သူမသည် စိတ်ပညာနယ်ပယ်၌ ထူးချွန်သူဖြစ်သည့်အားလျော်စွာ 'ပရလောက သို့မဟုတ် စိတ်နယ်လွန်လောက' နှင့် 'လက်ရှိ ရုပ်ဒြပ်လောက'(၂)ရပ်လုံးနှင့် ဆက်သွယ်မှုရှိနေသူဖြစ်သည်။ သူမ၏ ရုံးခန်းသို့ လက်ရှိလောကမှ လူသားများ

လာကြသကဲ့သို့ ပရလောကသားတို့လည်း ရောက်တတ်၏။ ထိုသို့ စိတ်နယ်လွန်လောကမှ သူမမြင်တွေ့ရသည်များကို မကြာခဏ မေးခွန်းထုတ်တတ်သည်။ သူမသည် 'အမြင်ပေါက်သူ' တစ်ယောက်အဖြစ်လည်း နာမည်ကျော်ကြားခဲ့၏။

သူမသည် 'ဆာ၊ဝီလျံ၊ဘာရက်'ကို ပုဂ္ဂိုလ်ရေးအရ သိထားရာ အိုစစ်၏ သုတေသန အကြံအစည်ကို လိုက်လှဲစွာ သဘောတူညီလေသည်။

Ref: Research on Deathbed visions:

❊



# သေခြင်းတရား၏ လျှို့ဝှက်ချက်

## (၃)

အမေရိကန်ပြည်ထောင်စုမှ ပါရာဆိုင်ကိုလိုဂျီ (စိတ်ဝိညာဉ်သုတေသန)အသင်းကြီး၏ ပံ့ပိုးဆောင်ရွက်မှုကြောင့် ၁၉၆၁ ခုနှစ်တွင် စာတမ်းတစ်စောင်ထုတ်ခဲ့ရာ 'သမားတော်များနှင့် သူနာပြုဆရာမများ၏ သေအံ့မူးမူး လူနာများထံမှ တွေ့ရှိချက်' (DEATHBED OBSERVATIONS BY PHYSICIANS AND NURSES) ဟု ခေါင်းစဉ်တပ်ထားသည်။

အိန္ဒိယနိုင်ငံတွင် ပြုလုပ်ခဲ့သော လေ့လာချက်များကို ၁၉၇၇ ခုနှစ်တွင် စိတ်ပညာ သုတေသနဆိုင်ရာ အမေရိကန် လူမှုရေးဂျာနယ် (JOURNAL OF THE AMERICAN SOCIETY FOR PSYCHICAL RESEARCH) တွင် ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့သည် 'ပရလောကသား'များဖြစ်သည့် တစ္ဆေ၊ မှင်စာများအကြောင်းကို လေ့လာခွင့်ရရှိခဲ့သည်။ ဤသို့ လေ့လာ

ရာ၌ ထိုဘ၀အသီးသီးသို့ ရောက်ရှိနေသူများမှာ သေအံ့မူးမူး ဝေဒနာခံစားနေရသော လူနာများ၏ အဖေ၊ အမေ၊ ဆွေမျိုး စသည်တို့ဖြစ်ကြောင်း စိတ်မကောင်းစွာ သိရှိရသည်။

ထိုတစ္ဆေ၊ မှင်စာတို့မှာ တကယ်ရှိပါသလော။ ထိုမေးခွန်းကို စနစ်တကျဖြေဆိုနိုင်ရန် တွေးဆချက်များ၊ ခွဲခြမ်းစိတ်ဖြာနည်း များဖြင့် စနစ်တကျလေ့လာရာ၌ တစ္ဆေ၊ မှင်စာများသည် တကယ်ရှိနေကြောင်း သိရသည်။

လူနာများကိုယ်တိုင် တွေ့မြင်ရသော အာရုံနိမိတ်များအရ တစ္ဆေ၊ သရဲ၊ မှင်စာများရှိနေကြောင်းသိရသည်။ လူနာအများစု သည် အကယ်၍ အာရုံချောက်ချားမှုရောဂါများ မခံစားရဘဲ အနေအထားပုံမှန်ဖြစ်နေချိန်တွင် ၎င်းတို့အား တခြားကမ္ဘာသို့ ခေါ်ဆောင်ရန် ကြိုးစားသော အဆိုပါ တစ္ဆေ၊ မှင်စာများကို တွေ့ရတတ်သည်။

အချို့လူနာများမှာ ခံစားနေရသော ဝေဒနာမှာ ပြင်းထန် လွန်း၍ မော်ဖင်းကဲ့သို့ ပြင်းသောဆေးဝါးများဖြင့် မိန်းမောနေ ပါက အဆိုပါ ပရလောကသား တစ္ဆေ၊ မှင်စာများကို ပြတ်ပြတ် ထင်ထင် မြင်တွေ့မည် မဟုတ်ချေ။

ဒေါက်တာ ကာလစ်အိုစစ် (Karlis Osis)က ၎င်းရေးသား ခဲ့သော "Deathbed Observation"သေအံ့မူးမူး လူနာများထံမှ တွေ့ရှိချက်များတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

"သေအံ့မူးမူး အိပ်ရာထက်လဲနေသူ လူနာများသည် အသိကောင်းစွာရနေစဉ်က မူးယစ်ထုံထိုင်းစေသည့် ဆေး





တစ်မျိုးမျိုးမှီဝဲ၍ မေ့မြောနေစဉ်ထက် ပရလောကသား တစ္ဆေ၊ မှင်စာများကိုမြင်တွေ့ရတတ်ကြောင်းဖော်ပြထားသည်။ မြောနေသူ သည် ဘာကိုမြင်ရသနည်း။ What the Dying See.

သေအံ့မူးမူးတွင် မြင်တွေ့ရသော အာရုံနိမိတ်များ (DEATH BED VISSOINS)သည် အတွေ့အကြုံနှင့် သက် ဆိုင်သည်။ ထို့ကြောင့် လူနာများကိုယ်တိုင် မြင်တွေ့ရသော အာရုံနိမိတ်များကို ထိုလူနာများက ပြောပြသည့်အတိုင်း ကျွန်ုပ် တို့က မှတ်တမ်းတင်ခဲ့ကြပါသည်။

အိန္ဒိယနိုင်ငံမှ အတွေ့အကြုံတစ်ခုကို တင်ပြပါမည်။ အသက်(၃၀)ခန့်ရှိ အိန္ဒိယဈေးသည်တစ်ယောက်သည် ၎င်း၏ ရန်သူကပစ်ခတ်သော သေနတ်ဒဏ်ရာကြောင့် ဆေးရုံတွင် တက်ရောက်ကုသနေရသည်။ ထိုလူနာက ၎င်း၏ရန်သူကို ကလဲ့စားချေလိုက်ရသည်ဟု ပြောတတ်သည်။ အမှန်အားဖြင့် ထိုလူနာဆေးရုံပေါ်တွင် ပက်လက်နေနေရရှာသည်။

နောက်အဘွားကြီးတစ်ယောက်အကြောင်း၊ အမေရိကန် လူမျိုး အသက်(၅၈)နှစ်အရွယ်ရှိ ကင်ဆာရောဂါသည်တစ်ဦး ဖြစ်သည်။

ညနေတိုင်း ကျွန်ုပ်ထမင်းစားပြန်လာသောအခါတိုင်း သူမက သူမနှင့်အတူ (ရဟူဒီ ဓမ္မဆရာ)သည် အတူရှိနေကြောင်း တဖွဖွပြောတတ်သည်။

အစ ပထမသော် 'တကယ့်ဓမ္မဆရာ'လာ၍ လူနာအား အခြေအနေမေးသည်ဟု ထင်မှတ်ခဲ့လေ၏။ နောက်မှ တာဝန်

ကျနေသော အမှုထမ်းများအား မေးမြန်းကြည့်သောအခါ မည်သူတစ်စုံတစ်ယောက်မျှ မလာကြောင်း သိရပေသည်။

ဝေဒနာရှင်ကမူ ညနေတိုင်း ထိုကဲ့သို့ အစဉ်အမြဲ ပြောနေလေသည်။ မည်သို့ပင်ဖြစ်စေ ထိုလူနာမှာ တဖြည်းဖြည်း ရောဂါ သက်သာလာသည်ကတော့ အမှန်ပင်ဖြစ်လေသည်။

**စိတ်အာရုံချောက်ချားခြင်း**

HALLUCINATION ကို လှုံ့ဆော်မဲ့ အာရုံမှားခြင်း ဟု အနက်အဓိပ္ပာယ်ပြန်သလို၊ အာရုံကြော ချို့ယွင်းခြင်းကြောင့် စိတ်အယူချောက်ချားမှောက်မှားခြင်း၊ ယုံမှားခြင်းဟူ၍ ဆေးပညာအရ အနက်ဖွင့်နိုင်ပါသည်။

သို့ဆိုပါလျှင် ဝေဒနာပြင်းထန်စွာခံစားရခြင်းကြောင့် အာရုံကြောများ ချို့ယွင်းစိတ်ချောက်ချားမှောက်မှားကာ မှုမမှန်ဘဲ ယုံမှားတတ်ခြင်းအကြောင်းများကြောင့် တလွဲတချော် တွေးတတ်၊ မြင်တတ်လေသည်။

နှလုံးရောဂါ ခံစားနေရပြီး ထိုကဲ့သို့ မှောက်မှားပြီး ထင်ယောင်ထင်မှားဖြစ်နေရှာသော အိန္ဒိယနိုင်ငံမှ ဆင်းရဲသား ရွာသားတစ်ယောက်အကြောင်း ဖော်ပြပါမည်။

သူသည် နံနက်ပိုင်းတွင်ဖြစ်စေ၊ သို့မဟုတ် ညလယ်တွင် ဖြစ်စေ HALLUCINATION လှုံ့ဆော်မဲ့အာရုံရောဂါခံစား နေရပေသည်။ သူက ရွာမှ သက်ရှိမည်သူ မည်ဝါကို တွေ့မြင်ရကြောင်း ပြောတတ်သည်။ သူသည် တစ်ခါတစ်ရံတွင် သူ၏





အိပ်ရာထဲ၌ ကျင်ငယ်စွန့်တတ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူ့ကို မေးမြန်းလေတိုင်း အောက်ပါအတိုင်း ပြောတတ်သည်။

"ကျွန်တော် ဒီလိုမလုပ်ပါဘူး၊ တစ်စုံတစ်ယောက်က ကျွန်တော့်ကို တွန်းပစ်ပြီး ဒီမှာလာချထားတာ၊ ဒီတော့လဲ သွားလိုက်ရတာပေါ့"

တစ်ခါတစ်ရံတွင် ထိုသူများကို သူက မမြင်ရစေရန် အိပ်ခြင်းဖြင့် ဖုံးကွယ်ထားပြီး ရှောင်နေသော်လည်း 'ဟော-သူတို့လာနေပြီ'ဟု အော်ဟစ်ပြောနေတတ်သည်။

ကျွန်ုပ်တို့သည် လူနာပေါင်းများစွာကိုတွေ့ဆုံ၍ ၎င်းတို့၏ မြင်တွေ့ရသော အာရုံနိမိတ်များကို အမျိုးအစားခွဲခြားကြည့် သည်။ ထိုသို့ခွဲခြားရာတွင် အတော်များများသည် တစ်ခုနှင့် တစ်ခု မတူညီဘဲ ကွဲပြားကြောင်း တွေ့ရပေသည်။

ဤနေရာတွင် ဝေဒနာကြောင့် သတိမေ့မြောနေရာမှ သတိပြန်လည်လာသော အမေရိကန် အမျိုးသမီးလေး တစ်ယောက်အကြောင်းကို ဖော်ပြပါမည်။

သူမအသက်မှာ (၁၆)နှစ်ရှိလေပြီ။ သူမသည် အိပ်ရာထက် တွင် လဲလျောင်းနေရာမှ ကိုယ်တိုင်မထနိုင်သဖြင့် ကျွန်ုပ်က ထူမ,ပေးရလေသည်။

ထိုစဉ် သူမက 'သူ့ကို ကျွန်မ မြင်ရတယ်၊ ကျွန်မ မြင်နေရတယ်၊ ကျွန်မလာနေပါပြီ' ဟုပြောနေလေသည်။ ခဏ အကြာတွင် သူမ ရုတ်တရက် သေဆုံးသွားလေသည်။

သေဆုံးသွားသော သူမ၏ မျက်နှာတွင် တောက်ပသော အပြုံးကို တွေ့ရပေသည်။

ထိုမိန်းကလေး၏ ကွယ်လွန်ရပုံကို ကျွန်ုပ်စဉ်းစားနေမိသည်။ သူမသည် ဘဝတစ်ခုကို စွန့်လွှတ်လိုက်ရခြင်းအတွက် စိတ်ထိခိုက်ပုံ မပေါ်ရုံသာမက ပြုံး၍ပင်နေသေးသည်။ အသက်တိုခြင်း၊ ရှည်ခြင်းမှာ သူမအတွက် အရေးကြီးပုံမပေါ်ပေ။ သေအံ့မူးမူး လူနာများ၏အဖြစ်ကို လေ့လာရာ၌ ထိုအဖြစ်မျိုးကို မကြာခဏ တွေ့ရသည်။

လူနာအတော်များများသည် လက်ရှိအခြေအနေများ၌ မည်သို့ပင်ကွာခြားသော်လည်း 'ဘဝသစ်'ကို မျှော်မှန်းရာ၌ကား တူညီနေပေသည်။ ထိုဘဝသစ်သို့သွားရတော့မည်ဖြစ်၍ ၎င်းတို့၏ မျက်နှာတွင် အပြုံးပန်းများ ဝေဆာနေကာ ထိုဘဝသစ်သို့ သွားရန် စိတ်အားထက်သန်နေလေသည်။

အထက်ဖော်ပြပါ မိန်းကလေးကား သူမ ဘာမြင်ရသည်ကို ပြောမပြပေ။

အောက်တွင် အိန္ဒိယ အမျိုးသမီး လူနာတစ်ယောက် အကြောင်းကို ပြောပြပါမည်။

သူမသည် စကားများကို အဆက်မပြတ်ပြောနေတတ်သည်။

သူမ၏ဆွေမျိုးများက သူမ ကျွန်ုပ်ကို တစ်စုံတစ်ခု ပြောပြချင်နေဟန်ရှိသည်ဟု ထင်မှတ်နေရာ သူတို့ စိတ်ကျေနပ်နေစေရန် ကျွန်ုပ်ကလည်း သူမပြောသမျှကို နားထောင်နေပါသည်။





သူမက လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်ခဲ့သော သူမ၏မိခင်ကို မြင်ရသည်ဟုဆို၏။

သူမ၏ မိခင်က 'ဘုရားသခင်၏ နယ်မြေသို့ သွားရာတွင် အဖော်လိုက်ခဲ့ရန် ခေါ်နေသည်'ဆို၏။

ဤအကြောင်းကို သူမ၏ ဆွေမျိုးများကိုပြောပြသောအခါ သူမ၏ဆွေမျိုးများက သူမ မသွားစေဖို့ကန့်ကွက်ကြသည်။ သူတို့အနေဖြင့် ဤသည်မှာ 'မကောင်းသော အာရုံနိမိတ်'အဖြစ် သတ်မှတ်သည်။ လူနာကမူ 'သူမ သွားရတော့မည်၊ သွားရမှာကိုလဲ စိတ်ချမ်းသာပါသည်'ဟု ပြောသည်။

'ကျွန်မသွားတော့မယ်၊ အမေက ကျွန်မကို ခေါ်နေပြီ၊ ကျွန်မ ဘုရားသခင်ရဲ့ နယ်မြေကို သွားတော့မယ်'ဟု ပြောနေလေသည်။

ဤစကားများသည် သူမထံမှ နောက်ဆုံးကြားရသော စကားများပင်ဖြစ်သည်။ သူမသည် အဆိုပါအာရုံနိမိတ်များ မကြုံခင်က သူမ၏အခြေအနေမှာ မျှော်လင့်ချက်များစွာရှိလှပြီး အာရုံနိမိတ်များရပြီးမှသာ 'ဘဝသစ်'သို့ ပြောင်းသွားခြင်း ဖြစ်လေသည်။

AT THE HOUR OF DEATH စာအုပ်မှ What the Dying See ကို ဘာသာပြန်ဆိုပါသည်။

❋

## တမလွန်ဘဝမှအပြန်-၁

သေလုနီးပါးဖြစ်ပြီး သတိမေ့မြောနေချိန်တွင် အံ့မခန်း တွေ့ကြုံခဲ့ရသည့် 'သေလုနီးဆဲဆဲအတွေ့အကြုံ' (Near Death Experiences-NDE)များကို သုတေသနပညာရှင်များ က အသေးစိတ်လေ့လာခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံတည်းသာမက အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိကစသည့် ကမ္ဘာတစ်ဝန်းမှ နိုင်ငံအများအပြားတို့တွင် လှည့်လည်လေ့လာ စိစစ်မေးမြန်းခဲ့ ကြသည်။ ထို့နောက် လေ့လာတွေ့ရှိရချက်များကို စနစ်တကျ ထုတ်ပြန်ပေးခဲ့ကြသည်။

ထိုသို့ လေ့လာတွေ့ရှိချက်များအနက် အိန္ဒိယနိုင်ငံမှ အတွေ့အကြုံများကို စိတ်ဝင်စားဖွယ်တင်ပြထားသည်ကိုလည်း တွေ့ရသည်။

### (၁) ဘာဆူဒက်ပန်ဒေး

သုတေသနပညာရှင်များသည် ၁၉၇၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၇၆ ခုနှစ်တွင်တစ်ကြိမ်၊ ပန်ဒေးကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။



ပန်ဒေးသည် ၁၉၂၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ တစ်နေ့တွင် 'တိုက်ဖွိုက်' ရောဂါဖြစ်ပြီး သူ့အိမ်မှာပင် ရောဂါဝေဒနာကို ခံစားနေခဲ့ရသည်။ ထိုစဉ်က ပန်ဒေး၏အသက်မှာ ၁၀ နှစ် အရွယ်ဖြစ်သည်။

ထိုသို့ဝေဒနာခံစားနေရင်းဖြင့် ပန်ဒေးသည် သတိမေ့မြော သွားသည်။ သတိပြန်မလည်လာသဖြင့် သူ့ကိုအားလုံးက သေပြီ ဟု ယူဆလိုက်ကြသည်။ ထို့ကြောင့် သူ့ကို သင်္ဂြိုဟ်ရန်ပင် ပြင်ဆင်နေကြတော့သည်။

ထိုစဉ်မှာပင် သုံးရက်ကြာမျှ သတိမရဘဲမေ့မြောနေသည့် ပန်ဒေးသည် အနည်းငယ်လှုပ်ရှားလာသည်။ သူ့ကိုနီးရာဆေးရုံ သို့ ပြန်ပို့လိုက်ကြရသည်။ မကြာမီ ပန်ဒေးသတိရလာပြီး ပြန်လည်ကျန်းမာလာခဲ့သည်။

ပန်ဒေးသည် သူသတိမေ့မြောနေစဉ်က ကြုံခဲ့ရသည့် အဖြစ်ကို မမေ့။ ပြန်သတိရနေသည်။

လူကြီးနှစ်ယောက်က ပန်ဒေးကိုဖမ်းချုပ်ခေါ်သွားကြသည်။ အတန်ကြာသော် ပန်ဒေးသည် လမ်းမလျှောက်နိုင်တော့။ ထို့ကြောင့် လူကြီးနှစ်ယောက်က သူ့ကို တရွတ်ဆွဲခေါ်သွားကြ သည်။ သူ့ခြေထောက်များကို ပန်ဒေး မသယ်နိုင်၊ မလှမ်းနိုင် တော့။

ထိုစဉ် ထိုင်နေသည့်လူမည်းမည်းကြီးတစ်ယောက်က ထ,လာပြီး ဆွဲခေါ်လာသူနှစ်ဦးကို ဒေါသတကြီးလှမ်းပြောလိုက် သည်။

"မင်းတို့ကို ဥယျာဉ်မှူး ပန်ဒေးကိုခေါ်လာခဲ့ဖို့ ပြောတာကွ၊ ဥယျာဉ်ထဲမှာရေလောင်းနေတဲ့သူကွာ၊ မင်းတို့ခေါ်လာတာက ဥယျာဉ်မှူးပန်ဒေးမဟုတ်ဘူး၊ ကျောင်းသားပန်ဒေးကွ၊ လူမှားနေတယ်"

ပန်ဒေးသတိမေ့မြောနေရာမှ သတိရလာချိန်က သူ့အနီးတွင် လူအများ ဝိုင်းအုံကြည့်နေခဲ့ကြသည်။ ထိုသို့ကြည့်နေကြသူများတွင် ဥယျာဉ်မှူးပန်ဒေးလည်း ပါဝင်ခဲ့သည်။

ပန်ဒေးက သေလုနီးဆဲဆဲ သူ့အတွေ့အကြုံကို ပြန်ပြောသည့်အခါ အားလုံးက ဥယျာဉ်မှူးပန်ဒေးကို ဝိုင်းပြီး ပြောင်ကြလှောင်ကြသည်။ ရယ်မောပြီးပြောလိုက်ကြသည်။

"ဒီတစ်ခါတော့ မင်းအလှည့်ပဲဟေ့"

ထူးထူးဆန်းဆန်းပင် မကြာမီမှာပင် ဥယျာဉ်မှူးပန်ဒေးသည် ညအိပ်ရာဝင်ချိန်တွင် အကောင်းပကတိ ကျန်းကျန်းမာမာဖြင့် အိပ်သွားသည်။ သို့ရာတွင် နောက်တစ်နေ့ နံနက်လင်းသည့်အခါ ဥယျာဉ်မှူးပန်ဒေးသည် အိပ်ရာမှ ပြန်မနိုးတော့ချေ။

ဥယျာဉ်မှူး ပန်ဒေးသည် မနိုးသော အိပ်ခြင်းဖြင့် အိပ်ပျော်သွားလေပြီ။

## (၂) ဒူရဂါဂျာတက်

၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် သုတေသနပညာရှင်များသည် အသက် ၅၀ အရွယ်ရှိ ဒူရဂါဂျာတက်ဆိုသူကို တွေ့ဆုံမေးမြန်းလေ့လာစိစစ်ခဲ့ကြသည်။





ဒူရဂါအသက် ၂၀ အရွယ်ကဖြစ်သည်။ ထိုအချိန်တွင် ဒူရဂါသည် အပြင်းအထန် နာမကျန်းဖြစ်ခဲ့သည်။ ထိုသို့ နာမကျန်းဖြစ်နေရင်း ဒူရဂါသတိမေ့မြောသွားသည်။ ကြာသော် သူ့တစ်ကိုယ်လုံး အေးစက်သွားတော့သည်။ သူ့မိသားစုက ဒူရဂါသေပြီဟုယူဆလိုက်ကြတော့သည်။ ထိုသို့မေ့မြောနေစဉ် ဒူရဂါသည် အဖြစ်အဆန်းနှင့်ကြုံခဲ့ရသည်။

လူ ၁၀ ယောက်ခန့်က ဒူရဂါကို အခြားတစ်နေရာသို့ ခေါ်ဆောင်သွားကြသည်။ သူ့ကိုထွက်မပြေးနိုင်ရန် ထိုလူများက ဒူရဂါ၏ခြေထောက်များကို ဒူးဆစ်မှစ၍ ဖြတ်ပစ်လိုက်ကြသည်။

ထို့နောက် စားပွဲ၊ ကုလားထိုင်များချထားသည့်နေရာတစ်နေရာသို့ ရောက်သွားကြသည်။ ကုလားထိုင်များပေါ်တွင် ထိုင်နေကြသူများမှာ လူလေးဆယ်၊ ငါးဆယ်ခန့်ရှိသည်။ ဒူရဂါသည် ထိုသူများကို တစ်ယောက်မျှ မသိ။

ထိုစဉ် စားပွဲထိပ်တွင်ထိုင်နေသူ လူကြီးတစ်ဦးက သူ့အမည်ကိုလှမ်းမေးလိုက်ရာ 'ဒူရဂါ'ဟု ပြန်ဖြေလိုက်သည်။ ထိုသူက သူ့ရှေ့ရှိ စာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်ကြည့်နေသည်။

"နာမည်စာရင်းထဲမှာ ဒူရဂါဆိုတဲ့ အမည်မတွေ့ဘူး" စားပွဲထိပ်မှလူကြီးက လှမ်းပြောလိုက်သည်။

"မင်းတို့သူ့ကို ဘာဖြစ်လို့ ဒီကိုခေါ်လာရတာလဲ၊ သူ့ကိုပြန်ခေါ်သွားကြကွာ"ဟု စားပွဲထိပ်မှလူက စိတ်ဆိုးမာန်ဆိုးဖြင့် အော်ပြောလိုက်လေသည်။ ထိုအခါ ဒူရဂါက ပြန်ပြောလိုက်သည်။

"ကျွန်တော့်မှာ ခြေထောက်တွေမရှိတော့ဘူးဗျ၊ ဘယ်လိုလုပ် ပြန်ရမှာလဲ"

ထိုအခါ ခြေထောက်နှစ်ချောင်းတွဲ မြောက်မြားစွာကို ထုတ်ပေးသည်။ ဒူရဂါသည် ထိုခြေထောက်နှစ်ချောင်းတွဲ မြောက်မြားစွာတို့အနက်မှ သူ့ခြေထောက်နှစ်ချောင်းအမှန်ကို ရွေးချယ်လိုက်သည်။

သူ့ခြေထောက်နှစ်ချောင်းကို လူတစ်ယောက်က ပြန်တပ်ပေးလိုက်ရာ ဒူရဂါမှာ အကောင်းပကတိဖြစ်သွားသည်။

မကြာမီမှာပင် ဒူရဂါသတိမေ့မြောနေရာမှ ပြန်သတိရလာပြီး သေဘေးမှ လွတ်မြောက်ခဲ့လေသည်။

✳



## တမလွန်ဘဝမှ အပြန်-၂

သုတေသနပညာရှင်များသည် ၁၉၈၁ ခုနှစ်တွင် ချာဂျူးဘာနီယာဆိုသူ အိန္ဒိယ အမျိုးသားတစ်ဦးကို တွေ့ဆုံလေ့လာမေးမြန်းခဲ့ကြသည်။

ဘာနီယာ၏ အသက် ၄၀ အရွယ်ကအဖြစ် ဖြစ်သည်။ လေ့လာမေးမြန်းချိန်တွင် သူ့အသက်မှာ ၄၆ နှစ်အရွယ်ရှိနေပေပြီ။

တစ်နေ့တွင် ဘာနီယာသည် အပြင်းအထန်ဖျားလေသည်။ သတိမေ့မြောနေပြီး ဆွေမျိုးသားချင်းများမှာ ဘေးမှစောင့်ကြည့်ရင်း လက်မှိုင်ချနေကြရသည်။ နောက်ဆုံး အားလုံးက လက်လျှော့လိုက်ကြသည်။ ဘာနီယာသေတော့မည်။ ထို့ကြောင့် ဆွေမျိုးသားချင်းများက သူ့ဈာပနအတွက် ကြိုတင်ပြင်ဆင်ကြတော့သည်။

ထိုအချိန်မှာပင် သတိမေ့မြောနေစဉ် ဘာနီယာကို လူမည်းကြီးလေးယောက်တို့က ဆွဲခေါ်သွားကြလေသည်။ ဘာနီယာခမျာ ဘုမသိဘမသိ ယက်ကန်ယက်ကန်ဖြင့် လူမည်းကြီးများ ဆွဲခေါ်

ရာပါသွားရာသည်။ မကြာမီ အလွန်ကြီးမားလှသော လူမည်းမည်း
ကြီးရှေ့ရောက်သွားသည်။ သူ့ကိုခေါ်သွားကြသူများက ဘာနီယာ
ကို အထိုင်ခိုင်းလိုက်သည်။ လူမည်းမည်းကြီးနှင့် ယှဉ်လိုက်လျှင်
ဘာနီယာမှာ သေးသေးငယ်ငယ်လေးဖြစ်နေသည်။ သူ့လက်ထဲ
တွင် ကလောင်တန်ကဲ့သို့သော အချောင်းကြီးကို ကိုင်ထားသည်။
သူ့အနီးတွင် ကူညီထောက်ကူလုပ်ကိုင်ဆောင်ရွက်ပေးနေကြသူ
များလည်း ရှိသည်။ ထိုသူများလက်ထဲတွင် စာရွက်သဏ္ဌာန်
စာရင်းစာရွက်များရှိနေသည်။

ထိုစဉ် စာရွက်ကဲ့သို့သော စာရွက်ကြီးတစ်ရွက်ကို ကိုင်ထား
သူတစ်ဦးက အော်ပြောလိုက်သည်။

“မင်းတို့ကို အခေါ်ခိုင်းတာ ကုန်သည် ချာဂျူးဘာနီယာ
မဟုတ်ဘူးကွ၊ အိုးလုပ်တဲ့ ချာဂျူးဘာနီယာကို အခေါ်ခိုင်းတာ၊
မင်းတို့ လူမှားခေါ်လာတာကွ”

“သူ့ကိုပြန်ပို့လိုက်ကြ၊ အိုးလုပ်တဲ့အဘိုးကြီး ချာဂျူး
ဘာနီယာကို ခေါ်လာခဲ့ကြ”

ဘာနီယာက သူ့ကိုပြန်မပို့ဘဲ သူ့တို့ထံမှာပင် အလုပ်
တစ်ခုခုပေးရန် တောင်းပန်လိုက်သည်။ ထိုအခါ လူမည်းမည်း
ကြီးက “မင်း ဘာလိုချင်လို့လဲ”ဟုမေးရာ ဘာနီယာက သူပြန်
မသွားချင်ကြောင်း ပြောပြလိုက်သည်။

ထိုသို့ပြောနေစဉ် တစ်စုံတစ်ယောက်က ဘာနီယာကို
ဆွဲဆောင့်ခေါ်လိုက်သည်။ ဘာနီယာသည် သူ့ကိုယ်သူ ဘာဖြစ်





သွားမှန်းမသိ။ အမှန်တွင် သတိမေ့မြောနေသော ဘာနီယာက
သတိပြန်ရလာခြင်းဖြစ်သည်။

သေကံမရောက်သော်လည်း ဘာနီယာသည် တမလွန်ဘဝ
မှ အမှန်ပင် ပြန်လာခဲ့သူဖြစ်လေသည်။

✻

# အမှတ်ထင်ထင် မင်ဂါးလ်ဆင်း

၁၉၈၃ ခုနှစ် မတ်လအတွင်းတွင် သုတေသနပညာရှင်များသည် 'မင်ဂါးလ်ဆင်း' ဆိုသူကိုတွေ့ဆုံမေးမြန်းခဲ့ကြပြန်သည်။

မင်ဂါးလ်ဆင်း၏ဖြစ်ရပ်ကား အခြားသူများနှင့်မတူ။ တစ်မူထူးခြားလှသည်။ အခြားသူများက နေထိုင်မကောင်းဖြစ်ပြီး သေလုမြောပါး အချိန်ကာလမျိုးတွင် 'အံ့ဖြစ်ဆန်း'နှင့်ကြုံကြရခြင်းဖြစ်သည်။ မင်ဂါးလ်ဆင်းကား ကျန်းကျန်းမာမာပင်ဖြစ်၏။

တစ်နေ့တွင် နေ့ခင်းအချိန် အားလပ်သဖြင့် မင်ဂါးလ်ဆင်းသည် ခုတင်ပေါ်၌အိပ်နေသည်။ သူအိပ်ပျော်နေစဉ်တွင် သူ့အနီးသို့ လူနှစ်ဦးရောက်လာသည်။ ထိုလူနှစ်ဦးက မင်ဂါးလ်ဆင်းကို မ,ပြီးဆွဲ ခေါ်သွားကြသည်။ မကြာမီ မုခ်ဦးကြီးတစ်ခု၏အဝသို့ ရောက်လာကြသည်။ ဘေးပတ်ဝန်းကျင်တွင် မြက်ပင်ကြီးမှာ မြကမ္ဗလာကြီးပမာ စိမ်းနေသည်။ မြေပြင်မှာ ဆင်ခြေလျော





သဏ္ဌာန်လိုလိုဖြစ်သည်။ အော်သံဟစ်သံများ ဆူဆူညံညံကြားနေရသည်။

မြက်ခင်းပြင်တစ်နေရာတွင် လူကြီးတစ်ယောက် ထိုင်နေသည်။

"ဟာ–မင်းတို့ ကောင်တွေ တော်တော်ခက်တာပဲ၊ လူမှားခေါ်လာကြပြန်ပြီကွာ၊ စိတ်ပျက်ပါတယ်ကွာ"

မြက်ခင်းပြင်ပေါ်ထိုင်နေသူ လူကြီးက ညည်းညူပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။ ထိုသို့ပြောနေစဉ်မှာပင် မင်ဂါးလ်ဆင်းကို ခေါ်လာသူလူနှစ်ဦး ထွက်ပြေးကြတော့သည်။

"မင်းပြန်တော့ကွာ"လူကြီးက မင်ဂါးလ်ဆင်းကို ပြောလိုက်ခြင်းဖြစ်သည်။

လူကြီးအနီးတွင် ပွက်ပွက်ဆူနေသည့် ရေနွေးအိုးကြီးနှစ်လုံးကို မင်ဂါးလ်ဆင်း တွေ့လိုက်ရသည်။ ထူးဆန်းသည်မှာ ရေနွေးအိုးကြီးနှစ်လုံးပွက်ပွက်ဆူနေသော်လည်း ရေနွေးအိုးကြီးများအောက်တွင် မီးဖိုလည်းမတွေ့ရ။ မီးလည်းမရှိ။ ထင်းလည်းမရှိချေ။

မင်ဂါးလ်ဆင်းသည် ဘာလုပ်ရမည်မသိ။ ဘာပြောရမည်မသိဖြစ်ပြီး 'ကြောင်' နေစဉ်မှာပင် လူကြီးက မင်ဂါးလ်ဆင်းကို တွန်းထုတ်လိုက်ပြီး "မင်းမြန်မြန် ပြန်ပြေးတော့ဟေ့"ဟု အော်လိုက်သည်။

လူကြီးက မင်ဂါးလ်ဆင်းကို တွန်းထုတ်လိုက်ရာတွင် ထို လူကြီး၏လက်သည် မင်ဂါးလ်ဆင်း၏ လက်ဝဲဘက် လက်

မောင်းကိုထိသွားသည်။ မင်ဂါးလ်ဆင်းသည် သူ့လက်မောင်းကို 'ထင်းမီးစ'နှင့် တို့လိုက်သလို 'ပူခနဲ' ခံစားလိုက်ရသည်။ ထိုလူကြီး၏ လက်ကား ပူလှသည်ဟု မင်ဂါးလ်ဆင်း ထင်လိုက်မိသည်။ ရေနွေးအိုးကြီးတွေ ပွက်ပွက်ဆူအောင် ဒီလူကြီးလက်နဲ့ တို့ဟန်တူတယ်ဟုလည်း မင်ဂါးလ်ဆင်း စဉ်းစားနေမိသည်။

မကြာမီမှာပင် မင်ဂါးလ်ဆင်း သတိပြန်လည်လာလေသည်။

မင်ဂါးလ်ဆင်းသည် အခြားတမလွန်ဘဝမှ ပြန်လာကြသူများနည်းတူ တမလွန်ဘဝမှပင် မင်ဂါးလ်ဆင်း ပြန်လာခဲ့သည်။

အများနှင့်မတူသည်မှာ လူကြီး၏လက်ဖြင့် ထိမိသော မင်ဂါးလ်ဆင်း၏ လက်ဝဲဘက်လက်မောင်းတွင် မီးပူလောင်ထားသည့် ဒဏ်ရာတစ်ခု ပါလာခြင်းပင်ဖြစ်သည်။

မီးပူလောင်သည့်ဒဏ်ရာ ပျောက်သွားသော်လည်း မင်ဂါးလ်ဆင်း၏ လက်ဝဲဘက်လက်မောင်းတွင် မီးလောင်နာ၏ 'အမာရွတ်' အထင်အရှား ထင်ကျန်ရစ်ခဲ့လေသည်။

Ref: Near-Death Experiences in India: A Preliminary Report

❋



# ဖြစ်ရပ်ဆန်းကြယ်

## လွမ်းတေးမဆုံးပြီ ရွှေဒေဝီ

**ယုမာလာ သို့မဟုတ် ရွှေဒေဝီ။**

သူ့အမည်ကိုကြားရုံမျှဖြင့် ကြားရသူကို နှလုံးတုန်ရင်ခုန်စေခဲ့သည်။ သူ့ကို မတွေ့တွေ့အောင် ဖွေရှာခဲ့ကြသူများမှာလည်း ရှာဖွေရလွန်း၍ အမောသာအဖတ်တင်ခဲ့ရသည်။ သူ့ကိုမတွေ့ရ။ သူ့ကို ဖွေရှာရင်း အသက်ခန္ဓာကြွေခဲ့ရသူများမှာလည်း မနည်းတော့။ သူ့အတွက် စစ်ခင်း၍ တိုက်ခဲ့ကြသော်လည်း သူ့ကို ပိုင်ဆိုင်နိုင်သူကား ရှားလှသည်။

'ယုမာလာ' ဟူသည် ရှေးရောမခေတ်က နတ်မိမယ်တစ်ပါး၏ အမည်ဖြစ်သည်။ နတ်မိမယ်ယုမာလာကို ကိုးကွယ်ကြသူများက ရွှေစင်ရွှေသားဖြင့် 'ရွှေရုပ်တု' တစ်ရုပ်ထုလုပ်ထားခဲ့ကြသည်။ ထိုစဉ်မှစ၍ နတ်မိမယ် 'ယုမာလာ'ကို 'ရွှေဒေဝီ' ဟု ခေါ်ဆိုခဲ့ကြသည်။

* * *





ရောမအင်ပါယာကြီး ပြိုကွဲပြီးသည့်နောက် 'ရွှေဒေဝီ' ကို အလေးအမြတ်ပြုကိုးကွယ်ကြသူများကား မြောက်ဝန်ရိုးစွန်းဒေသတစ်ဝိုက်မှ လူမျိုးစုများဖြစ်ကြသည်။

ဆိုဗီယက်ရုရှားနိုင်ငံ၏ မြောက်ဘက်ပိုင်းရှိ အိုင်ယာတစ်မြစ်ဝှမ်းတစ်လျှောက်တွင် စိမ့်ကြီးမြိုင်ကြီးများ ပေါများလှသည်။ အိုင်ယာတစ်မြစ်သည် အော့ဘ်မြစ်နှင့်ပေါင်းပြီး အော့ဘ်ပင်လယ်ကွေ့ထဲသို့ စီးဝင်သွားသည်။ အော့ဘ်ပင်လယ်ကွေ့လွန်လျှင် ယာမားလ်ကျွန်းဆွယ်၊ မြောက်ဘက်တွင် ကာရာပင်လယ်။ ထို့ထက်ကျော်လျှင် အာတိတ်သမုဒ္ဒရာကြီးက ကာဆီးထားသည်။ မြောက်ဘက်တွင်ကား မြောက်ဝန်ရိုးစွန်းဖြစ်လေသည်။

ယင်းဒေသတစ်ဝိုက်တွင် ယူဂရာဟူသော နိုင်ငံတော်ကြီး ရှိခဲ့ဖူးသည်။ ယူဂရာနိုင်ငံတော်ကြီး ပြိုကွဲသွားပြီးနောက် ယူဂရာလူမျိုးများ၏ အဆက်အနွယ် ခန်တိုင်းနှင့်မန်စစ်လူမျိုးစုနှစ်မျိုးသာ ကျန်ရစ်ခဲ့ကြသည်။

### ရောမမြို့မှခွာခဲ့ပြီ

ယူဂရာနိုင်ငံတော်ကြီး၏ အလေးအမြတ် ကိုးကွယ်ရာကား 'ရွှေဒေဝီ'ပင်ဖြစ်သည်။ ဝေးသီခေါင်လွန်းပြီး ခရီးလမ်းပန်းခက်ခဲလှသည့် စိမ့်မြိုင်အတွင်းသို့ 'ရွှေဒေဝီ'ရောက်ရှိလာခဲ့ပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်သည်။

၄၁၀ ပြည့်နှစ်တွင် မြောက်ပိုင်း ဂို့သ်လူမျိုးတို့၏ဘုရင် အလာရစ်သည် ရောမမြို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဘုရင်

အလာရစ်နှင့်အတူ ပါလာသည့် နောက်လိုက်နောက်ပါ လူမျိုးများက ရောမမြို့မှ ရုပ်တုအမျိုးမျိုးကို ယူဆောင်ခဲ့ကြသည်။ ယင်းရုပ်တုများကို ကိုးကွယ်ရာအဖြစ် ဆက်လက်ထားရှိခဲ့ကြသည်။

ရွှေဒေဝီကား ယင်းသို့သော ရုပ်တုများအနက်မှ ထူးခြားလှသည့် ရွှေသားရုပ်တုဖြစ်သည်။ အမျိုးသမီးတစ်ဦး၏ ဟန်ပန် နတ်မိမယ်တစ်ပါး၏ အသွင်သဏ္ဌာန်ဖြင့် ထုလုပ်ထားခြင်းဖြစ်သည်။

ရွှေဒေဝီ၏ရုပ်တုကို အောဘ်မြစ်ဝှမ်း စိမ့်စမ်းထူထပ်စွာ ဝန်းရံထားသည့် တောင်ကုန်းတစ်ကုန်းပေါ်တွင်ထားရှိသည်။ တောင်ကုန်းတစ်ကုန်းလုံး ရွှေဒင်္ဂါးများဖြင့် ဖုံးလွှမ်းထားသည်။ ရွှေရုပ်တုအနီးတွင် မခန့်မှန်းနိုင်လောက်အောင် များပြားလှသည့် ရွှေရတနာတိုက်ကြီးတစ်တိုက် ရှိထားသည်။

ရွှေဒေဝီအနီးသို့ ယုံကြည်ရလွန်းသူများမှအပမည်သူမျှ လာရောက်ခွင့်မပြု။ အနီရောင်ဝတ်ရုံများ ဝတ်ဆင်ထားသည့် ဘဏ္ဍာထိန်းအဖွဲ့က အနီးကပ် စောင့်ရှောက်နေသည်။

မင်းညီမင်းသားများပင်လျှင် ရွှေဒေဝီ၏ ဘဏ္ဍာတိုက်တွင်းသို့ ဝင်ခွင့်မပြု။ အစောင့်အကြပ်ထူထပ်လှသည်။

* * *

**ရွှေဒေဝီ၏ ရွှေရတနာသိုက်ကြီး**

ရွှေအတိလွှမ်းသည့်တောင်ကုန်းထိပ်မှ ရွှေဒေဝီသည် တစ်ခါ





တစ်ရံအသံထွက်၍ ဟစ်ကြွေးလေ့ရှိသည်ဟုလည်းဆိုသည်။ အသံထွက်လာစဉ် ပါးစပ်မှ မီးခိုးများပင် ထွက်လာတတ်သည်။

တစ်ခါသော် ဆိုးသွမ်းရက်စက်လွန်းလှသဖြင့် 'ခွေးဆိုးကြီး'ဟုပင် အမည်တွင်နေသည့် ပင်လယ်ဓားပြကြီး သိုရီယာသည် ရွှေဒေဝီအနီးသို့ရောက်လာသည်။ ထိုတွင် ရွှေဒေဝီအကြောင်း တစ်စွန်းတစ်စကြားသိခဲ့ရသည်။

သိုရီယာသည် ဒေသခံမိန်းမပျိုလေးတစ်ဦးနှင့် ချစ်ကျွမ်းဝင်ခဲ့သည်။ မိန်းမပျိုလေးက သူ့ချစ်သူသိုရီယာအား ရွှေဒေဝီရှိရာနေရာသို့ လမ်းညွှန်လိုက်သည်။ ပင်လယ်ဓားပြကြီး သိုရီယာသည် သူ့နောက်လိုက်များနှင့်အတူ ရွှေဒေဝီ၏ ဘဏ္ဍာတိုက်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်တော့သည်။ ဘဏ္ဍာတိုက်အတွင်းမှ ရွှေရတနာများကို နိုင်သလောက်သယ်ယူသွားကြသည်။

သိုရီယာနှင့် နောက်လိုက်များသည် ရွှေရတနာပစ္စည်းများကို ခွဲဝေယူကြသည်။ သိုရီယာသည် မိမိရသည့်ဝေစုမျှဖြင့် မတင်းတိမ်နိုင်။ ကာလီဟုခေါ်သည့် သူ့တပည့် ပင်လယ်ဓားပြတစ်ဦးကိုသတ်ပြီး သူ့ဝေစုကို အပိုင်သိမ်းလိုက်သည်။ နောက်ထပ် ပင်လယ်ဓားပြတစ်ဦးဖြစ်သူ ဂန်းစတိန်းကို သိုရီယာက သတ်ရန်ကြံစည်ပြန်သည်။ ဂန်းစတိန်းသည် သိုရီယာလက်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

၁၀၂၃ ခုနှစ်တွင် သိုရီယာသည် 'ပင်လယ်ဖြူ' ဒေသမှ တိုက်ခိုက်လုယက်ပြီး ပြန်အလာ နော်ဝေဂျီယံလူမျိုး အစ်စကားစနော်ရီဆိုသူအား 'ယုမာလာ'အကြောင်း ပြောပြခဲ့သည်။

ထို့နောက် နှစ်ကာလပေါင်းများစွာ ကြာမြင့်သည့်တိုင် ယုမာလာသည် ဆိုက်ဘေးရီးယားဒေသအတွင်းမှာပင်ရှိနေခဲ့သည်။

## လိုက်လေဝေးလေ ရွှေဒေဝီ

၁၄ ရာစုနှစ်တွင် ယင်းဒေသသို့ ခရစ်ယာန် သာသနာပြု ဘုန်းတော်ကြီးများ ရောက်ရှိလာကြသည်။ ဒေသခံ ယူဂရာ လူမျိုးများက 'ရွှေဒေဝီ'ဟုခေါ်သည့် ရွှေရုပ်တုကိုကိုးကွယ်ကြသည်။ မီး၊ ရေ၊ ကျောက်တုံးများ၊ သစ်ပင်များ၊ ပယောဂဆရာများကို ကိုးကွယ်ကြကြောင်း လေ့လာသိရှိခဲ့ကြသည်။

၁၅ ရာစုနှစ်တွင်မူ ခရစ်ယာန်သာသနာပြုအဖွဲ့များနှင့် ဝေးရာ ယူရယ်လ်တောင်တန်းများအရှေ့ဘက်သို့ 'ရွှေဒေဝီ' နှင့် သူ့ရတနာသိုက်ကြီးကို ပြောင်းရွှေ့ထားခဲ့ကြသည်။ အော့ဘ်မြစ်နှင့် အိုင်ယာတစ်မြစ်တို့ဆုံရာ မြစ်ဆုံဒေသရှိ 'ဘီလိုဂေါ်ယီ' ဟုခေါ်သည့်နေရာတွင် 'ရွှေဒေဝီ'ကို ထားရှိခဲ့ကြသည်။

၁၄၉၉–၁၅၀၁ ခုနှစ်တွင် တတိယမြောက် အိုင်ဗင်ဘုရင်သည် သူ့တပ်များကို ယူရယ်လ်တောင်တန်းများအား ဖြတ်ကျော်စေလျက် ယူဂရာလူမျိုးတို့နေထိုင်ရာ အော့ဘ်မြစ်ဝှမ်းသို့ စေလွှတ်လိုက်သည်။ ယူဂရာမင်းသားများကို တိုက်ခိုက်ကြသည်။

၁၆ ရာစုနှစ်တွင် မော်စကိုမှ ဇာဘုရင်၏ တပ်တော်များ 'ရွှေဒေဝီ'ကိုရှာဖွေရန် ချီတက်လာကြပြန်သည်။ ရုရှားသမားတော်ကြီး ကရာကောင်းအား ပိုလန်တွင် စစ်သုံ့ပန်းအဖြစ် နေခဲ့ဖူးသည့် ရုရှားတစ်ဦးက 'ရွှေဒေဝီ' အကြောင်းပြောပြခဲ့ခြင်း ဖြစ်သည်။





သမားတော်ကြီး ကရာကောင်းက 'ရွှေဒေဝီ'အကြောင်း ရေးသားပြီး စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေခဲ့သည်။ အလားတူပင် 'ရွှေဒေဝီ'အကြောင်း စိတ်ဝင်စားနေသူအချို့ကလည်း 'ရွှေဒေဝီ' ကို စာဖွဲ့ကြသည်။ ရွှေဒေဝီ၏လက်တွင် လုံကိုင်ထားသည့် ဟန်ဖြင့်လည်း ဖော်ပြကြသည်။ ရွှေဒေဝီ၏ ရင်ဝယ်ကလေးငယ် ပိုက်ထားဟန်ဖြင့်လည်း သရုပ်ဖော်ခဲ့ကြသည်။

၁၅၈၄ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး ကမ္ဘာလှည့်ခရီးသည် ဂိုးလက်ဖလက်ချာက သူ့လူယုံတော် သူလျှိုများကို ယူရယ်လ် တောင်တန်းဒေသသို့ စေလွှတ်လိုက်သည်။ သို့ရာတွင် ရွှေဒေဝီ အကြောင်း ကောင်းကောင်းမသိခဲ့ရ။ ရွှေဒေဝီကိုလည်း မတွေ့မမြင်ခဲ့ရချေ။

## တွေ့အောင်ရှာတော့မည်

ထိုအချိန်က ကွန်ဒါမင်းညီမင်းသားများသည် ဆိုက်ဘေးရီးယန်းအကြီးအကဲ ခန်ကူချွမ်နှင့် မဟာမိတ်ဖြစ်ကြသည်။ သူတို့၏ ရန်ဘက်မှာ ကော့ဆက်များဖြစ်သည်။ ကော့ဆက်တို့၏ ခေါင်းဆောင်ကား ယာမက်တီမိုဖီယီဗစ်ဖြစ်သည်။ ကွန်ဒါမင်းညီမင်းသားများနှင့် ခန်ကူချွမ်တို့ ပူးပေါင်းပြီး ယာမက်ကို ဝိုင်းတိုက်ကြသည်။

ယာမက်၏ တပ်ဖွဲ့များကလည်း ပြန်တိုက်ကြသည်။ အိုင်ယာတစ်မြစ်၏ အနောက်ဘက်ကမ်းရိုးတစ်လျှောက်ရှိ ခန်တိုင်းနှင့် မန်စစ်လူမျိုးများကို ယာမက်၏တပ်ဖွဲ့များက ချေမှုန်းပစ်

လိုက်နိုင်သည်။ ပတ်ဝန်းကျင်ဒေသတစ်ခုလုံးကိုလည်း တောနင်းပြီး ခြေရာချင်းထပ်မျှရှာဖွေခဲ့သည်။ ယာမက်သည် 'ရွှေဒေဝီ' ကို ရှာဖွေနေသူတည်း။

ယာမက်၏တပ်များသည် သုံးရက်လုံးလုံးရှာဖွေသော်လည်း ယုမာလာကိုမတွေ့။ ယာမက်၏ လက်ထောက်တစ်ဦးဖြစ်သူ ဘရိုင်ယာဇဂါက တပ်သား ချူးဗက်ကို ဒေသအတွင်း လှို့ဝှက်စုံစမ်းရန် စေလွှတ်လိုက်သည်။ ကူချွမ်က ချူးဗက်ကို ဖမ်းမိသွားပြီး သုံးပန့်အဖြစ်ချုပ်ထားလိုက်သည်။ ချူးဗက်သည် အလစ်တွင် ထွက်ပြေးခဲ့ပြီး တောတောင်အနှံ့ဖြတ်လျက် ဘရိုင်ယာဇဂါထံ ပြန်ရောက်လာသည်။

ချူးဗက်၏အဆိုအရ 'ရွှေဒေဝီ'ကို သူ တောတွင်းတစ်နေရာတွင် တွေ့ခဲ့ရသည်။ 'ရွှေဒေဝီ' ဟုခေါ်သည့် ရွှေရုပ်တုကို ရေအပြည့်ထည့်ထားသော လှေတစ်စင်းထဲတွင် ထားရှိသည်။ ရွှေဒေဝီကို ကိုးကွယ်ကြသူများ၊ တပ်သားအစောင့်များအားလုံး လှေထဲမှရေကိုသောက်ကြသည်၊ ဝတ်ပြုကြသည်ဟုဆိုလေသည်။ ချူးဗက်သည် ရွှေရုပ်တုကို အလစ်တွင်ခိုးယူထွက်ပြေးလာရန် ကြံစည်ခဲ့သေးသည်။ အစောင့်အကြပ်များထူထပ်များပြားလွန်းသဖြင့် သူ့အကြံကိုစွန့်လွှတ်ခဲ့ရသည်။

ကော့ဆက်များသည် 'ရွှေဒေဝီ'ကို တွေ့လိုဇောဖြင့် အပြင်းအထန်မွှေနှောက်ရှာကြတော့သည်။ ဘရိုင်ယာဇဂါသည် အော့ဘ်မြစ်နှင့် အိုင်ယာတစ်မြစ်ဆုံအထိ ရောက်သွားပြီး ဒေသခံမင်းသား





ဆာမာကိုနှိမ်နင်းပစ်ခဲ့သည်။ သူ့နေရာတွင် မင်းသား အလက်ချ်ကို အစားထိုးခန့်အပ်ထားခဲ့ပြီး ယာမက်ထံ ပြန်လာခဲ့သည်။

ယာမက်သည် 'ရွှေဒေဝီ'ကိုတွေ့လိုဇော ပြင်းနေဆဲဖြစ်သည်။ လက်လျှော့၍ နောက်ကြောင်းပြန်ရန် လုံးဝစိတ်မကူး။ ရွှေဒေဝီကို မတွေ့တွေ့အောင် ယာမက်ရှာတော့မည်။

ရွှေဒေဝီကိုရှာရင်းဖြင့် အချိန်တွေကြာညောင်းလာသည်။ ဒေသအတွင်း တွေ့ရှိသမျှ ဒေသအကြီးအကဲ မင်းညီမင်းသားများကို နှိမ်နင်းပြီး ယာမက်၏လက်အောက်ခံအဖြစ် သိမ်သွင်းခဲ့သည်။ အချိန်နှစ်နှစ်တာမျှကြာခဲ့သော်လည်း ရွှေဒေဝီကို မတွေ့ရသေး။

၁၅၈၅ ခုနှစ်တွင် ယာမက်သည် အိုင်ယာတစ်မြစ်ကို စုန်ဆင်းလာခဲ့ရာ ဗာရိုင်းမြစ်နှင့်ဆုံရာမြစ်ဆုံသို့ရောက်လာခဲ့သည်။ မြစ်ဆုံအနီးတွင် ယာမက်ခမျာ ချုံခိုတိုက်ခိုက်ခြင်းခံရပြီး ဒဏ်ရာဖြင့် ဗာရိုင်းမြစ်ထဲသို့ကျသွားသည်။ ယာမက်ဝတ်ဆင်ထားသည့် သံချပ်အင်္ကျီမှာ လေးလံလွန်းလှသည်။ သံချပ်အင်္ကျီတွင် 'ရွှေလင်းယုန်'တံဆိပ်ကြီး တပ်ထားသည်။ ရွှေလင်းယုန်မှာ ဇာဘုရင်က ယာမက်ကို လက်ဆောင်ပေးထားခြင်းဖြစ်သည်။

သံချပ်အင်္ကျီ၏အလေးချိန်ကြောင့် ယာမက်သည် ရေထဲသို့မြုပ်သွားရာ ရှာမရတော့။ နောက် ရက်သတ္တပတ်တစ်ပတ်ခန့်ကြာမှ မြစ်အောက်ပိုင်းတစ်နေရာတွင် ယာမက်အလောင်းကို ပြန်တွေ့ကြရသည်။ ယာမက်၏ကိုယ်တွင် သံချပ်အင်္ကျီကြီးနှင့် ရွှေလင်းယုန်တို့မရှိတော့။ ယာမက်၏ သံချပ်

အကျိုးနှင့် ရွှေလင်းယုန်တို့မှာ ဘီလိုဂေါ်ယီရှိ ယုမာလာ ရွှေဒေဝီ၏ ဘဏ္ဍာတိုက်အတွင်းသို့ ရောက်ရှိသွားလေပြီ။

၁၈ ရာစုနှစ် စောစောပိုင်းတွင်ဖြစ်သည်။ ကီယက် တို့၏ ခေါင်းဆောင် ဖီလိုဖေးလက်ရှုရှင်စကီးသည် အော့ဘ်မြစ်ဝှမ်းသို့ ရောက်ရှိလာခဲ့သည်။ ယင်းဒေသအတွင်း မိစ္ဆာအယူဝါဒရှိသူ၊ 'ရွှေဒေဝီ' ကို ကိုးကွယ်သူများကို နှိမ်နင်းရန်ဖြစ်သည်။ မိစ္ဆာများ ကိုးကွယ်သည့် ရုပ်တုမှန်သမျှ ရိုက်ချိုးဖျက်ဆီးပစ်ရန်ဖြစ်သည်။

ဖီလိုဖေး၏ လက်အောက်တွင် ဗိုလ်မှူးကြီး ဂရီဂိုရီနိုဗစ်စကီး ပါရှိလာပြီး ယုမာလာကိုရှာဖွေရန် အဓိကတာဝန်ယူရသူဖြစ်သည်။

နိုဗစ်စကီးကား ယုမာလာအား စိတ်ဝင်စားသူ၊ တွေ့လို သူများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ ယုမာလာကိုမတွေ့ ရလျှင် မပြန်ဟု ပိုင်းဖြတ်ထားသည်။ နိုဗစ်စကီးသည် ကွန်ဒါ ဒေသတစ်ခုလုံးကိုလှည့်လည်ဖွေရှာခဲ့သည်။ တစ်နေရာပြီး တစ်နေရာပြောင်းခဲ့သည်။ မတွေ့။ နှစ်ကာလတွေ တစ်နှစ်ပြီး တစ်နှစ်ပြောင်းခဲ့သည်။ နှစ်တွေ၊ လတွေ၊ ရာသီတွေ အလီလီ ပြောင်းခဲ့သည်။ ရွှေဒေဝီကို နိုဗစ်စကီးမတွေ့သေး။ ရွှေဒေဝီကို နိုဗစ်စကီးရှာဖွေနေသည့် အချိန်ကာလကို တွက်စစ်လိုက်လျှင် ဆယ်နှစ်ပင်ကျော်ခဲ့ပြီ။ ရွှေဒေဝီနှင့်နီးဖို့အရေးကား နိုဗစ်စကီးအဖို့ ခက်လှသေးသည်။ အားမလျှော့သည့် နိုဗစ်စကီးသည် အဖော် ဘုန်းတော်ကြီး ဆင်ယာရုက်ဖ်နှင့်အတူ လမ်းခရီးတစ်နေရာတွင် ချုံခိုတိုက်ခိုက် သတ်ဖြတ်ခြင်းခံလိုက် ရရှာလေသည်။

* * *





အချိန်ကာလတွေကြာညောင်းလှပြီဖြစ်သော်လည်း ရွှေဒေဝီ ကို တွေ့လိုသူများကား လက်မလျှော့ကြသေး။ ခေတ်အဆက် ဆက် ရှာပုံတော်ဖွင့်ခဲ့ကြသည်။ ရွှေဒေဝီကိုတွေ့လိုဇောဖြင့် မောခဲ့ ကြရသည်။ ရွှေဒေဝီ ဘယ်ဆီဘယ်မှာရှိသည်ကို အတိအကျ မသိ။ စိတ်မှန်းဖြင့်သာ တမ်းတခဲ့ကြရသည်။ ရွှေဒေဝီရှိခဲ့ဖူးသည် ဆိုသည့် နေရာရောက်လျှင် စိတ်ဖြင့်မှန်း၍ ရွှေဒေဝီကို လွမ်းခဲ့ကြ ရသည်။

## လွမ်းတေးမဆုံးပြီ ရွှေဒေဝီ

၁၉၆၂ ခုနှစ်ခန့်တွင် အင်တွန်ကာဒူလင်ဆိုသူ မုဆိုးကြီး တစ်ဦးက ရွှေဒေဝီနောက်ဆုံးရှိနေနိုင်သည့် နေရာကို ပြဋ္ဌာန်းခဲ့ သည်။ ရွှေဒေဝီကို ကိုးကွယ်နေကြဆဲသူများက မြောက်ဘက်ပိုင်း ဝေးလံသည့်ကျွန်းငယ်တစ်ကျွန်းပေါ်သို့ ရွှေ့ထားလိုက်ကြပြီဟု ဆိုသည်။ ကျွန်းငယ်မှာ ရွှံ့နွံအိုင်နှင့် ရေပတ်လည်ဝိုင်းနေသည်။ တောကျွမ်းသည့် မုဆိုးများပင် ရောက်နိုင်ဖို့မလွယ်။ နွေ၊ မိုး၊ ဆောင်းမဟူသွားရောက်ရန်ခက်ခဲလှသည်။ ရှာဖွေသူမှန်သမျှ ရွှေဒေဝီကို တွေ့နိုင်မည်မထင်ဟု ဆိုလေသည်။

ပို၍ ဝေးရာသို့ ရွှေဒေဝီရောက်ရှိသွားရခြင်းမှာလည်း ခေတ်စနစ်များ ပြောင်းလဲလာခြင်းကြောင့်ဖြစ်သည်။

ရွှေဒေဝီလှည့်လည်ခဲ့ရာဒေသ တောတောင် မြို့င်တန်းများ တွင် ခေတ်မီ မီးရထားလမ်းများဖောက်လုပ်လိုက်ကြသည်။ ထိုဒေသအနီးတဝိုက်တွင် ရေနံရှာဖွေတွေ့ရှိခဲ့သဖြင့် ခေတ်မီ

ဖွံ့ဖြိုးသည့် ရေနံမြေဖြစ်လာသည်။ စက်ကျုံစက်ကြီးများလည်း ပေါ်ပေါက်လာသည်။

အော့ဘ်မြစ်ဆုံတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီး တည်ဆောက်ခဲ့သည်။ ဓာတ်အားပေးစက်ရုံအတွက် ရေလှောင်ကန်ကြီးနှင့် ရေကာတာကြီး တည်ဆောက်ခဲ့သည်။ အနီးအနား ပတ်ဝန်းကျင်တွင် ရေပြင်ကြီးလွှမ်းသွားသည်။

ရွှေဒေဝီ၏ တစ်ချိန်က နေရာနယ်ပယ်တို့တွင် ရေများ ပင်လယ်ဝေခဲ့သည်။ လှိုင်းလုံးများ တအိအိလွန့်လူးနေသည့် ရေလွှာပြင်မှာ မြင်ရသူအဖို့ ရှုမောဖွယ်ကောင်းလှသည်။ ရွှေဒေဝီကို တွေ့လိုဇောဖြင့် လွမ်းမောနေရသူတို့အဖို့ကား လွမ်းတေးဆိုးနိုင်အံ့မည် မထင်ပါချေ။

Lev Teplov, "THe Golden Woman."

✳



# နှင်းတောင်တန်းများပေါ်မှ ပဟေဠိဆန်လွန်းသူ

ကမ္ဘာမြေ၏ မြောက်ဘက်ခြမ်းအပိုင်း မြောက်ဘက်စွန်းဒေသများကား ဆယ့်နှစ်ရာသီ ဆီးနှင်းများလွှမ်းနေသည်။ မျှော်လေရာရာတွင် ရေခဲပြင်၊ နှင်းခဲပြင်များသာဖြစ်သည်။

မြောက်အမေရိကတိုက်ရှိ နှင်းခဲများဖုံးအုပ်နေသော တောင်တန်းကြီးများ၊ ဥရောပတိုက်ရှိ ကော့ကေးဆပ် တောင်တန်းများ၊ အာရှအလယ်ပိုင်းရှိ သဲကန္တာရများနှင့် ဟိမဝန္တာတောင်တန်းကြီးများသည် လူအရောက်အပေါက်နည်းပါးသည်။ ကျက်စားနေထိုင်သည့် တောရိုင်းတိရစ္ဆာန်များလည်း ရှားပါးလှသည်။

ထိုမျှဝေးလံပြီး လူသူကင်းမဲ့သလောက်ဖြစ်နေသည့် ဒေသတစ်ဝန်းတွင် 'လူသား' ဟုဆိုရလည်းခက်။ လူသားမဟုတ်တိုင်းမရှိနိုင်ဟုငြင်းရလည်းခက်လှသည့် သတ္တဝါတစ်မျိုးမှာ ယနေ့ထက်တိုင် အဖြေအတိအကျမထွက်နိုင်သေးသည့် ပဟေဠိတစ်ပုဒ်ပမာ ဖြစ်နေသည်။

ကမ္ဘာ့ဒေသအသီးသီးတွင် ယင်းထူးဆန်းလှသည့် သတ္တဝါသည် ပဟေဠိဆန်ရုံမက ဒဏ္ဍာရီလည်း ဆန်နေသည်။

## ကျိန်စာသင့်သူ ပမာ

ကော့ကေးဆပ်တောင်တန်းဒေသ၏ အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများက 'ရှိုင်တန်' ဟုခေါ်ကြသည်။ ဒက်ဟက်စတန်၊ ဂျော်ဂျီယာ(ကော့ကေးရှား)ဒေသများမှ ကာဘာဒီးနီးယန်းလူမျိုးများ၊ ကရာချိုင်းလူမျိုးများ၊ ချေချင်းလူမျိုးများနှင့် အင်းဂပ်ရှ် လူမျိုးတို့၏ အယူအဆအရ 'ရှိုင်တန်'ဟူသည် 'မကောင်းဆိုးဝါးကောင်'ဖြစ်လေသည်။

ရှိုင်တန်သည် ကောင်းကင်ဘုံပေါ်တက်ရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် သူ့ကို ဘုရားသခင်က ဒဏ်ခတ်ထားသည်။ ရှိုင်တန်သည် ဆောက်တည်ရာမရ၊ နေရာအတည်တကျမရှိတော့ဘဲ ကော့ကေးဆပ် တောင်တန်းများပေါ်တွင် ပြေးလွှားနေထိုင်လျက်ရှိသည်ဟု ယင်းဒေသရှိ ကျေးရွာများတွင် ယခုတိုင် ယုံကြည်နေကြဆဲဖြစ်လေသည်။

မွန်ဂိုလီးယားဒေသတွင်ကား 'ရှိုင်တန်'ဟုမခေါ်ကြတော့။ 'အယ်လ်မက်စ်'ဟု လူသိများသည်။ နီပေါနိုင်ငံရှိ ဆီးနှင်းများဖုံးလွှမ်းရာနေရာ ဟိမဝန္တာတောင်တန်းဒေသတွင်မူ 'ယေတီ'ဟု ခေါ်ကြပြန်သည်။





## ထူးလှသည့်သူ့သဏ္ဍာန်

ရှိုင်တန်၊ အယ်လ်မက်စ်၊ ယေတီ ဟူ၍ အမည်အမျိုးမျိုးတွင်သည့် သတ္တဝါကို တွေ့ဖူး၊မြင်ဖူးသူလည်း မရှား။ နှစ်ပေါင်းများစွာ ကာလအတွင်း လူပေါင်းမြောက်မြားစွာတို့က တွေ့ခဲ့ဖူးကြသည်။

သူ့ကို လူသားဟုဆိုရလည်းခက်သည်။ တိရစ္ဆာန် ကောင်ကြီးဟု ဆိုရန်လည်း မလွယ်။

သူ့ကိုကြည့်ရသည်မှာ လူသားနှင့်ပိုတူသည်။ သူ့တစ်ကိုယ်လုံး အနီရောင် အမွေးအမှင်များဖြင့်ဖုံးအုပ်နေသည်။ အဝတ်မရှိ။ ရင်အုပ်ပိုင်းထက် ကျောဘက်တွင် အမွေးအမှင်ပိုထူသည်။ မျက်နှာပေါ်တွင်လည်း အမွေးအမှင်များဖုံးနေသည်။ သူ့မျက်နှာမှာမူ လူသားမျက်နှာနှင့်ဆင်ဆင်တူသည်။ ကုန်းကွပြီး ကိုင်းနေသည်။ လက်နှစ်ဖက်မှာ လူ့လက်ထက်ပိုရှည်သည်။

## သူ့ကိုတွေ့ကြပြီ

၁၉၀၇ ခုနှစ်တွင် ဗြိတိသျှ ရက္ခဗေဒပညာရှင်တစ်ဦးဖြစ်သူ အယ်လ်လူးဝစ်က တိဘက်ဒေသတွင် အမွေးထူထူ လူနှင့်တူသော သတ္တဝါတစ်မျိုးကို တွေ့ရှိခဲ့ရကြောင်း 'တော်ဝင်ပထဝီဝင်အသင်း' သို့ သတင်းပို့ခဲ့သည်။ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့မှ အရှေ့တိုင်း ယဉ်ကျေးမှုပညာရှင် ဘာရာဒင်းကလည်း အာရှအလယ်ပိုင်းဒေသသို့ ခရီးနှင်ရင်း မွန်ဂိုလီးယားဒေသတွင် 'အယ်လ်မက်စ်'ဟုခေါ်သည့် သတ္တဝါတစ်မျိုးကိုတွေ့ခဲ့ရကြောင်း ဆိုလာ

သည်။ ဗြိတိသျှသိပ္ပံပညာရှင်များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည်လည်း နီပေါနိုင်ငံ ဟိမဝန္တာတောင်တန်းပေါ်သို့ သွားရောက်ပြီး ဒေသအခေါ် ‘ယေတီ’ဟုခေါ်သည့် ‘နှင်းလူ’ ကို အရှာထွက်ခဲ့ကြသည်။

သူ့ကို ကိုယ်တွေ့ကြုံဖူးသူများအနက် ကော့ကေးဆပ်ကျေးရွာသားဖြစ်သူ နီကိုလိုင်ကာပါနစ်နီသည် မိမိနေထိုင်ရာ ဂရွမ်ကျေးရွာမှ ဂါဂျီနီယင် သစ်တောထဲသို့ တစ်ဦးတည်းထွက်လာခဲ့သည်။

အချိန်မှာ ဆောင်းဦးရာသီ အောက်တိုဘာလ၏ တစ်ခုသောနံနက်ခင်းဖြစ်သည်။ သစ်တောအတွင်း စမ်းချောင်းနံဘေးအရောက်တွင် နီကိုလိုင်သည် ခေတ္တမျှထိုင်နေလိုက်သည်။ နံနက်စောစော အအေးဓာတ်ကဲလှသဖြင့် မီးဖိုပြီး မီးလှုံရင်း ဆေးလိပ်သောက်နေမိသည်။

ထိုအချိန်တွင် သစ်ပင်များကြား တိုးဝင်လာသည့် ချွတ်ချွတ်မြည်သံများကို နီကိုလိုင်ကြားလိုက်ရသဖြင့် အသာငြိမ်ပြီး နားစွင့်နေလိုက်သည်။ အသံမှာ တဖြည်းဖြည်း နီးကပ်လာပြီး သူရှိရာတည့်တည့်သို့လာနေသည်။ ဝက်ဝံတစ်ကောင်တော့ လာနေပြီဟု နီကိုလိုင်ထင်လိုက်မိသည်။

သူ့အနီးမှ ဖြတ်ပြီးသွားသည့်အခါ ဝက်ဝံမဟုတ်။ အမွေးအမှင်ထူထူ လူနှင့်တူသည့် သတ္တဝါတစ်မျိုးဖြစ်နေသည်။ သူ့ကိုလှည့်မကြည့်။ ရန်မမူ။ စမ်းချောင်းဘက်သို့ တည့်တည့်ဆင်းသွားသည်။ စမ်းရေထဲသို့ သူ့ဒူးဆစ်နစ်သည်အထိ ဆင်းသွား





သည်။ သူ့လက်နှစ်ဖက်ကို ရေထဲသို့စိုက်ထောင်ရင်း ရေကိုငုံ့သောက်နေသည်။ ရေကိုအားရပါးရငုံ့ပြီး အချိန်အတန်ကြာသောက်နေပြီး ခဏအမောဖြေအနားယူသည်။ ထို့နောက်တစ်ဖန်ပြန်သောက်သည်။ ရေသောက်လိုက် နားလိုက်ဖြင့် အချိန် ၁၅ မိနစ်ခန့်ကြာလျှင် သူလာရာလမ်းအတိုင်း ပြန်သွားပြီး တောထဲသို့ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူတိုင်း၏ ပြောပြချက်များကို စုစည်းကြည့်လိုက်သည့်အခါ သူ့ပုံသဏ္ဌာန်မှာ အတူတူချည်းဖြစ်နေသည်။ အမွေးအမှင်ထူသည်။ လက်ပြင်ကုန်းသည်။ ခြေထောက်နှစ်ချောင်းပေါ်တွင် မတ်မတ်ရပ်လမ်းလျှောက်သည်။ နဖူးကျယ်သည်။ မျက်စေ့စွေသည်။ မျက်စိများမှာ သွေးရောင်ပမာ နီရဲနေသည်။ ဦးခေါင်းချွန်ချွန်၊ သွားရှည်ရှည်ဖြစ်သည်။ အသံမှာ ပီပီသသထွက်မလာ။ ဗလုံးဗထွေးဖြစ်နေသည်။

ဒေသအလိုက် အမည်နာမကိုအသံထွက် အမျိုးမျိုးဖြင့်ခေါ်ဆိုကြသည်။ ကာဘာဒီးနီးယားတွင် ‘အယ်လ်မတ်စတီ’ သို့မဟုတ် ‘သာဖိုင်း’၊ အဇာဘိုင်ဂျန်တွင် ‘မီရှီ–အဒမ်’၊ ဂျော်ဂျီယာတွင် ‘တီကစ်–ကက်ဆီ’နှင့် ကရာချိုင်းတွင် ‘အာဂက်–ကီရှီ’ဟု ခေါ်ကြသည်။ ထိုအမည်အားလုံးတို့၏ အနက်အဓိပ္ပာယ်မှာ သစ်တော သို့မဟုတ် ‘လူရိုင်း’ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ နွေရာသီကာလတွင် ဘာတက်ရှ်ကျေးရွာအနီးရှိ ပြောင်းခင်းထဲသို့ အယ်လ်မတ်စတီတစ်ကောင်ရောက်လာသည်။ မြက်ခင်းနှင့် အမှိုက်သရိုက်များ

ပေါ်တွင် အိပ်သည်။ ပြောင်းဖူးအစိမ်းများကိုစားသည်။ ပြောင်းခင်းထဲတွင် ရက်သတ္တတစ်ပတ်ခန့်နေပြီးမှ သူလိုရာသို့ ပြန်သွားသည်။ လူအများက သူ့အနားလာကြည့်ကြသည့်အခါ အနားအကပ်မခံ။ ရှူးရှူးဝါးဝါးအသံဖြင့် အော်ဟစ်မောင်းထုတ်တတ်သည်။ ပြန်ပြီး ငြိမ်သက်သွားပြီးသည့်အခါ လူများအနီးသို့ပင် ကပ်လာတတ်သည်။

၁၉၆၄ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့ကဖြစ်သည်။

ကာဘာဒီးနီးယန်းလူမျိုး မိုဟာမက် ပရှုကော့ဗ်သည် နေကြာပန်းခင်းထဲတွင် မြက်များကိုရိတ်နေသည်။ နေကြာပန်းပင်များမပေါက်ဘဲ ကွက်လပ်ကျန်နေသည့်နေရာများတွင် မြက်ပင်များပေါက်နေသဖြင့် ရိတ်ပစ်နေရခြင်းဖြစ်သည်။ ထိုအချိန်တွင် သူနှင့်မလှမ်းမကမ်းမှ ခွေးဟောင်သံလိုလိုကြားလိုက်ရသည်။ ပရှုကော့ဗ်သည် မြက်အရိတ်ရပ်ထားလိုက်ပြီး နားစွင့်နေလိုက်သည်။ ထိုစဉ် ခွေးဟောင်သံလိုလိုအသံကိုကြားလိုက်ရပြီး ရွှေ့လျားနေသည့်အသံကိုလည်း ကြားနေရသည်။ ပရှုကော့ဗ်သည် အရိုးရှည်တံစဉ်ကိုချထားပြီး အသံလာရာဘက်ကို မျှော်ကြည့်လိုက်သည်။

ထိုစဉ် ရုတ်တရက် မြက်ပင်များကြားမှ လက်ကြီးနှစ်ဖက်ထွက်လာသည်။ လူ့လက်နှစ်ဖက်အတိုင်းပင်ဖြစ်သည်။ သို့ရာတွင် လက်များမှာ ရှည်လျားပြီး အမွေးအမှင်များဖြင့် လက်မည်းကြီးများဖြစ်သည်။ လက်ချောင်းများမှာ ရှည်လျားသည်။ ပရှုကော့ဗ်သည် ကြောက်လန့်တကြားဖြင့် အနီးရှိ သူ့လှည်းရှိရာ ပြေးသွား





ပြီး လှည်းပေါ်ခုန်တက်လိုက်သည်။ ထို့နောက်ပြန်လှည့်ကြည့်လိုက်ရာ နေကြာပင်များကြား တိုးဝင်သွားသည့် သတ္တဝါတစ်ကောင်ကို နောက်ကျောဘက်မှလှမ်းမြင်လိုက်ရသည်။ သူ့ကိုကြည့်ရသည်မှာ ကျွဲကြီးတစ်ကောင်နှင့်တူသည်။ အနီရောင်အမွေးများထူပိန်းနေသည်။ ဦးခေါင်းပေါ်မှ အမွေးအမှင်များမှာ ပိုရှည်သည်။ ပရှုကော့ဗ်သည် ကြောက်ကြောက်ဖြင့် သူ့မြင်းလှည်းကို တရမန်းကြမ်းမောင်းပြီး ရွာသို့အမြန်ပြန်ပြေးခဲ့လေသည်။

### လူသားမျိုးစိတ်တစ်ခုဖြစ်

၁၈ ရာစုခေတ် သိပ္ပံပညာရှင်ကြီး ကားလ်ဗွန်လင်နေးက ကမ္ဘာမြေပေါ်တွင် မှီတင်းနေထိုင်သည့် လူသားကို မျိုးစိတ်နှစ်မျိုးခွဲခြားထားခဲ့သည်။ ပထမတစ်မျိုးမှာ 'အသိဉာဏ် ရင့်သန်ထက်မြက်သည့်လူ' ဖြစ်သည်။ ဒုတိယမျိုးစိတ်မှာ 'ဂူနေလူ'ဟူ၍ဖြစ်သည်။ လူဝံမျိုးနွယ်မျိုးပင်ဖြစ်သည်။ အချို့ကမူ လူနှင့်တိရစ္ဆာန်အကြား ဆက်စပ်မှုကို မပျောက်ပျက်စေသည့် သတ္တဝါမျိုးအဖြစ် သဘောထားကြသည်။

ထိုမျိုးစိတ်မျိုးကိုပင် 'နီယင်ဒါသားလူ'ဟု ခေါ်ဆိုကြသေးသည်။ ယင်းမှာ ကျောက်ခေတ်ဦး လူသားမျိုးပင်ဖြစ်သည်။ ထိုလူသားမျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရိုင်းမြစ်ဝှမ်းရှိ 'နီယင်ဒါသား' ချိုင့်ဝှမ်းမှဂူတစ်ခုတွင် ၁၈၅၇ ခုနှစ်ကတွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ယင်းလူသားမျိုးစိတ်ကိုပင် 'နီယင်ဒါသားလူ'ဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

အသိဉာဏ်ရင့်သန်ထက်မြက်သည့် လူသားများ ပေါ်ပေါက်လာသည့်အခါ ယင်း 'နီယင်ဒါသားလူ'မျိုးစိတ်မှာ အနေးနှင့်အမြန် ပျောက်ကွယ်သွားခဲ့သည်။

သိပ္ပံပညာရှင်များသည် စိတ်ရှည်ရှည်ဖြင့် တဖြည်းဖြည်းအဆက်မပြတ်လေ့လာမှုများ ပြုလုပ်လာခဲ့သည်။ နောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုမှ သိပ္ပံပညာရှင်များပင် မနေသာကြတော့။ တောတွင်းသား 'လူရိုင်း' သို့မဟုတ် 'နှင်းလူ'ဆိုသည်ကို စိတ်ဝင်စားလာကြသည်။ အနောက်တိုင်း သိပ္ပံပညာရှင်ကြီးများဖြစ်ကြသည့် ဘားနတ်အိုင်ဗယ်လ်မန်း၊ ဂျရယ်ရပ်ဆဲလ်၊ အော့စမန်ဟစ်လ်နှင့် အိုင်ဗယ်လ်ဘင်ဒါဆင်တို့သည် အခြေအမြစ်ကျကျ လေ့လာခဲ့ကြသည်။

## နှင်းလူတွေ့လျှင်

မကြာမီကမှ 'နှင်းလူ' သုတေသနပြုလုပ်ရေး ပညာရှင်များအဖွဲ့သည် 'အင်တာနက်ဝက်ဘ်ဆိုက်'တစ်ခုကို ဖွင့်လှစ်ကာ နှင်းလူ သုတေသနလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြသည်။

ကမ္ဘာ့ဇီဝမျိုးစုံလင်မှုနှင့်ပတ်သက်၍ ကွန်ပျူတာဖြင့် အချက်အလက်များ သိုမှီးထားသောကွန်ပျူတာကွန်ရက်တစ်ခုတွင် ရှာဖွေတွေ့ရှိပြီးဖြစ်သော သတ္တဝါမျိုးစိတ်ပေါင်း ၁ ဒသမ ၈ သန်းတို့၏ အမည်များကို ဖော်ပြထားသည်။ ယင်းအမည်စာရင်းတွင် 'နှင်းလူ' မပါရှိသေးချေ။





ထို့ကြောင့် 'နှင်းလူ'နှင့်ပတ်သက်၍ တစ်စုံတစ်ရာတွေ့မြင်သိရှိဖူးပါက နှင်းလူ သုတေသနပြုလုပ်ရေးပညာရှင်များအဖွဲ့နှင့် ဆက်သွယ်သွားကြရန် နှိုးဆော်ထားလေသည်။

David Skvirsky, "On The Track of Discovery."

❋

# ဝိညာဉ်ရုပ်သွင်
# မျက်မြင်ကိုယ်တွေ့
# ဖြစ်ရပ်ဆန်းများ



* ကိတ်ဖောက်စ်နှင့်
  မာဂရက်ဖောက်စ်

* မစ္စဟာ ဟုမ်း

* မစ် ဖလောရင့်ကွတ်

* ယူဆာပီယာပေါ်လာဒီနို

* မားသ်ဘီရောက်ဒ်
  အီဗားကာရီးယား

ရန်အောင်စာပေ

# ဝိညာဉ်ရုပ်သွင် မျက်မြင် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

၁၉ ရာစုခေတ် ဂမ္ဘီရပညာရှင်များဟုဆိုရမည့် ဖလောရင့်ကွတ်၊ ကိတ်ဖောက်စ်နှင့် ဒီ၊ဒီဟုမ်းတို့သည် ထိုခေတ်ထိုကာလက အလွန်နာမည်ကျော်ကြားသူများဖြစ်ကြသည်။

ထို့နောက် ချာဝင်စ်ဝီလျံ၊ စတိန်တန်မော့ဆက်၊ အက်ဒ်ဒီညီနောင်၊ ဒေဗင်ပို့စ်၊ ဝီလျံအက်ဂလင်တန်နှင့် အခြားသူအချို့တို့၏ ဆန်းဆန်းပြားပြား လုပ်ဆောင်ပြချက်များမှာ စိတ်ဝိညာဉ်ဆိုင်ရာ သုတေသနပြုမှုကို ရှုပ်ရှုပ်ထွေးထွေး ဖြစ်စေခဲ့သည်။

ဝိညာဉ်ပူးသူ၊ ဝိညာဉ်များနှင့် ဆက်သွယ်ပေးနိုင်သူများ၏ လုပ်ဆောင်ပြချက် အမြောက်အမြားမှာ လှည့်စားမှုများဖြစ်ကြသော်လည်း အချို့သော အစွမ်းထက်မှုများမှာ တမလွန် လောက၊ ဝိညာဉ်လောက အမှန်တကယ်ရှိနေကြောင်း ပေါ်လွင်စေခဲ့သည်။





**ကိတ်ဖောက်စ်နှင့် မာဂရက်ဖောက်စ်**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှ ကိတ်ဖောက်စ်နှင့် မာဂရက်ဖောက်စ်ညီအစ်မ ကလေးငယ်နှစ်ဦးတို့သည် ၁၈၄၈ ခုနှစ်ခန့်မှစ၍ လူအများစိတ်ဝင်စားခြင်းခံကြရသူလေးများဖြစ်ကြသည်။

ကိတ်နှင့် မာဂရက် ညီအစ်မနှစ်ဦးတို့က ဒိုးဒိုးဒေါက်ဒေါက် မြည်သံများထွက်ပေါ်လာအောင် လုပ်ပြနိုင်ကြသည်။ သေဆုံးပြီးသူများ၏ ဝိညာဉ်များ အသံဖြစ်သည်ဟုဆိုကြသည်။

ယင်းမှာ ဖောက်စ်ညီအစ်မနှစ်ဦးတို့၏ ထူးခြားသည့် 'စွမ်းရည်ပြပွဲ'၏ အစလည်းဖြစ်သည်။ နောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားသည့် 'အလေ့အထ'တစ်မျိုးလည်း ဖြစ်လာလေသည်။

ဖောက်စ်ညီအစ်မတို့၏ စွမ်းရည်ပြသမှုမှာ အနည်းငယ်လောက်သာ ခိုင်ခိုင်မာမာရှိသည်ဟုဆိုနိုင်သည်။ ၁၈၈၈ ခုနှစ်တွင် မာဂရက်က မိမိလိမ်လည်မိပါသည်ဟုပင် ဝန်ခံခဲ့သည်။

သို့ရာတွင် အစ်မဖြစ်သူ ကိတ်ကအရေးပါသည့် လေ့လာသူများ၏ ရှေ့မှောက်မှာပင် ဝိညာဉ်လောက၏ အံ့ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့်ပြသနိုင်ခဲ့သည်။ ညီမဖြစ်သူ မာဂရက်၏ ပြောဆိုချက်များကိုလည်း အံ့သြမိကြောင်း ကိတ်ကပြောသည်။ မိမိကိုယ်တိုင်မှာမူ လိမ်လည်မှု၊ လှည့်စားမှုမရှိဟုလည်း အတိအလင်း ပြောပြသည်။

ဖောက်စ် ညီအစ်မတို့ထံမှ ဒိုးဒိုးဒေါက်ဒေါက် မြည်သံ

များသည် သူတို့၏အရိုးအဆစ်များ ထိခိုက်မိသံ၊ ကြိတ်မိသံများ ဖြစ်နိုင်သည်ဟုလည်း အချို့က ဝေဖန်ကြသေးသည်။

၁၈၆၁ ခုနှစ်တွင် နယူးယောက်မြို့မှ မစ္စတာ စီ၊အီး လီဗာမိုး ဆိုသူသည် ကွယ်လွန်သူ သူ့ဇနီး၏ဝိညာဉ်ကို ရုပ်သွင် ထင်ရှားတွေ့မြင်ခဲ့ရပုံကို မှတ်တမ်းပြုထားခဲ့သည်။

သေဆုံးသူဇနီး၏ ဝိညာဉ်ကို ရုပ်သွင်ထင်ရှားမြင်တွေ့ နိုင်ရန် လုပ်ဆောင်ပြသူမှာ ကိတ်ဖောက်စ်ဖြစ်သည်။

ထိုသို့လုပ်ဆောင်ပြရာတွင် အခန်းတစ်ခန်းအတွင်းတွင် 'လိုက်ကာ' နှစ်ခုဖြင့်ကာပြီး သီးသန့်အခန်းငယ်တစ်ခုဖြစ်အောင် လုပ်ထားသည်။ ယင်းကို 'ကက်ဘိနက်' (သီးသန့်ခန်း)ဟု ခေါ်ဆိုသည်။ ယင်းသီးသန့်အခန်းထဲတွင် ဝိညာဉ်များနှင့် ဆက်သွယ်ပေးသူက ဝင်နေလေ့ရှိသည်။ သီးသန့်ခန်းထဲတွင် ဝိညာဉ်များနှင့် ဆက်သွယ်ပေးသူထိုင်နေသည်ကို အထင်းသား မြင်နေကြရသည်။ အစဦးတွင် လွတ်လွတ်လပ်လပ်နေထိုင်ခဲ့ကြရသော်လည်း နောက်ပိုင်းတွင် ဝိညာဉ်များနှင့် ဆက်သွယ်ပေးသူကို ကြိုးနှင့်တုတ်ပြီး မလှုပ်ရှားနိုင်အောင်လုပ်ထားကြသည်။ ထိုသို့ဖြင့် ဝိညာဉ်၏ရုပ်သွင်နှင့် ဝိညာဉ်နှင့်ဆက်သွယ်ပေးသူတို့ကို ထင်ယောင်မမှားနိုင်စေရန်ဖြစ်သည်။

ထိုနည်းဖြင့်ပင် မစ္စက်လီဗာမိုး၏ ဝိညာဉ်ကို ရုပ်သွင် ထင်ရှားတွေ့မြင်ခဲ့ရပုံကို ခင်ပွန်းဖြစ်သူ မစ္စတာလီဗာမိုးက အသေးစိတ် အတိအကျ မှတ်တမ်းပြုထားခဲ့သည်။

"မစ္စက်လီဗာမိုး၏ ပင်ကိုယ်သဘာဝ ပုံသဏ္ဌာန်အတိုင်း ပေါ်လာသည်။ အရပ်မှာ ရှည်ရှည်ဖြစ်သည်။ ဆံပင်များက ဖားလျားကျနေသည်။ သူ့ပင်ကိုယ်အရောင်အတိုင်းပင်ဖြစ်သည်။ ရှည်လျားသည့်ဆံပင်များ၊မှာ အလိပ်လိုက် အခွေလိုက် ကျနေသည်"ဟု မစ္စတာလီဗာမိုးက မှတ်တမ်းပြုထားသည်။

ထိုစဉ် မစ္စတာလီဗာမိုးက ဖြစ်နိုင်လျှင် သူ့ကိုနမ်းပြရန် ဇနီးဖြစ်သူအား ပြောလိုက်သည်။ ထိုအခါ လက်တစ်ဖက်ဖြင့် မစ္စတာလီဗာမိုး၏လည်ပင်းကို သိုင်းဖက်ရင်း နမ်းပြသွားသည် ဟု ဆိုလေသည်။

အလားတူပင် ဘင်ဂျာမင်ဖလင်ကလင်၏ ဝိညာဉ်ကိုလည်း သူ့ပင်ကိုယ်ရုပ်သွင်အတိုင်း ထင်ရှားမြင်တွေ့ခဲ့ကြရသည်။

ကိတ်ဖောက်ကို နာမည်ကျော်သိပ္ပံပညာရှင် ဝီလျံခရူး ကက်စ်က အသေအချာလေ့လာစစ်ဆေးခဲ့ဖူးသည်။ စမ်းသပ်ကြည့်ခဲ့ဖူးသည်။

ဝိညာဉ်အား မှောင်ထဲတွင် စာရေးခိုင်းခဲ့သည်။ ဝီလျံခရူး ကက်စ်က အစစအရာရာကို အသေအချာစိစစ်ကြပ်မတ်ထားသည်။ အသေအချာကြည့်ရှုသည်။ သူကိုယ်တိုင် လျှို့ဝှက်အမှတ်အသား ပြုထားသည့်စာရွက်ပေါ်တွင် ဝိညာဉ်ကို စာရေးပြခိုင်းခြင်းဖြစ်သည်။

"စာရွက်ပေါ်တွင် စာရေးနေသည်ကို ဝိုးတဝါးတွေ့နေရသည်။ စာရွက်ပေါ်တွင် ခဲတံလှုပ်ရှားရေးခြစ်နေသံကိုပင် ကြားနေရသည်"ဟု ဝီလျံခရူးကက်စ်က ရေးမှတ်ထားခဲ့သည်။

ထိုအချိန်တွင် ဝီလျံခရူးကက်စ်နှင့်အတူရှိနေကြသည့်

ဝီလျံခရူးကက်စ်၏ဇနီး၊ အခြားလာရောက်ကြည့်ရှုလေ့လာသူများက ကူညီဆန်းစစ်လေ့လာပေးကြသည်။ ဝီလျံခရူးကက်စ်က ကိတ်ဖောက်စ်၏ လက်တစ်ဖက်ကို မလှုပ်နိုင်အောင် ကိုင်ထားသည်။ ကိတ်ဖောက်စ်၏ ခြေနှစ်ဖက်က ဝီလျံခရူးက်စ်၏ ခြေထောက်ပေါ်တွင် ဖိနင်းထားသည်။

စာရေးရန်စာရွက်ကို သူတို့အားလုံးရှေ့မှောက်ရှိ စားပွဲပေါ်တွင်တင်ထားခြင်းဖြစ်သည်။

"အလင်းရောင်များ တောက်ပနေသည့် လက်တစ်ချောင်း အခန်းပေါ်မှ အောက်သို့ကျလာသည့်။ စက္ကန့်အနည်းငယ်အတွင်းမှာပင် ကျွန်ုပ်အနီးရောက်လာသည်။ ကျွန်ုပ်၏လက်ထဲမှ ခဲတံကို ဆွဲယူလိုက်သည်။ စာရွက်ပေါ်တွင် လျှင်မြန်စွာ စာရေးချလိုက်သည်။ ထို့နောက် လက်သည် ကျွန်ုပ်ဦးခေါင်းပေါ်ပြန်တက်သွားပြီး မှောင်ထဲတွင် တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်" ဟု ဝီလျံခရူးကက်စ်က ရေးမှတ်ထားခဲ့သည်။

**မစ္စတာဟုမ်း**

ထို့နောက် မစ္စတာ ခရူးကက်စ်သည် ဝိညာဉ်များနှင့် ဆက်သွယ်ပေးနိုင်သူ ဒင်နီယယ်ဒေါက်ကလပ်ဟုမ်းအား သူ့နေအိမ်တွင် လက်တွေ့စမ်းသပ်စစ်ဆေးခဲ့ရာ သေသူ၏ ဝိညာဉ်ကို ပြန်လည်ခေါ်ပုံများကို မှတ်တမ်းတင်ခဲ့လေသည်။

"တစ်ညနေခင်း မှောင်ရီပျိုးစအချိန်တွင်ဖြစ်၏။ ကျွန်ုပ်အိမ်ရှိ သီးသန့်အခန်းထဲတွင် ကျွန်ုပ်နှင့်အတူ မစ္စတာဟုမ်းလည်း





ရှိနေသည်။ ပြတင်းပေါက်သည် မစ္စတာဟုမ်းနှင့် ရှစ်ပေခန့်အကွာတွင်ရှိသည်။ ထိုအချိန်တွင် ပြတင်းပေါက်လိုက်ကာများ လှုပ်ရှားနေသည်ကို တွေ့မြင်နေရသည်။ လူပုံသဏ္ဌာန် အနက်ရောင် အရိပ်တစ်ခု ပြတင်းပေါက်အနီးတွင် မတ်တပ်ရပ်နေသည်။ အရိပ်သဏ္ဌာန်မှာ တစ်စိတ်တစ်ပိုင်း ဒိုးယိုပေါက်ထွင်းဖောက်မြင်နိုင်သည်။ လာရောက်လေ့လာကြည့်ရှုနေကြသူအားလုံး ပြတင်းပေါက်အနီးတွင် မတ်တပ်ရပ်နေသည့် လူပုံသဏ္ဌာန်အရိပ်ကို မြင်လိုက်ကြရသည်။ ကြည့်ရှုနေကြရင်းမှာပင် လူပုံသဏ္ဌာန်အရိပ်သည် တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး လိုက်ကာမှာလည်း မလှုပ်ရှားတော့ချေ။

မစ္စတာဟုမ်း၏ ဆက်သွယ်ပေးမှုကြောင့် နောက်ထပ်တစ်ကြိမ် လူရုပ်သဏ္ဌာန်တစ်မျိုးကို ထပ်မံတွေ့မြင်ခဲ့ရသည်။ လူရုပ်သဏ္ဌာန်မှာ သီးသန့်အခန်းထောင့်မှထွက်လာသည်။ သူ့လက်ထဲတွင် ဘာဂျာ (အကော်ဒီယံ)တစ်ခုပါလာသည်။ ဘာဂျာကို တီးရင်း အခန်းထဲတွင် လေဟုန်စီးသည့်ပမာ ဝဲနေသည်။ ထိုလူရုပ်သဏ္ဌာန်၏ လှုပ်ရှားမှုများကို မိနစ်အတော်ကြာမျှ မြင်တွေ့လိုက်ကြရသည်။ မစ္စတာဟုမ်းကိုယ်တိုင်ပင် ထိုသဏ္ဌာန်ကို မြင်တွေ့နေရသည်။ ထိုသဏ္ဌာန်သည် လူအုပ်စုနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသည့် အမျိုးသမီးတစ်ဦး၏ အနီးသို့ ရောက်သွားသည်။ အမျိုးသမီးကလန့်ပြီး အော်လိုက်သည်။ ထိုအမျိုးသမီး၏အပေါ်မှာပင် လူရုပ်သဏ္ဌာန်မှာ ပျောက်ကွယ်သွားလေသည်"

ထိုအဖြစ်မျိုးများအပြင် မစ္စတာ ခရူးကက်စ်သည် မစ္စတာ ဟုမ်း၏ ထူးခြားဆန်းပြား အံ့ဖွယ်အစွမ်းများကိုလည်း တွေ့မြင်ခဲ့ရသေးသည်။

"မစ္စတာဟုမ်းသည် မီးပုံအတွင်းမှ နီရဲပူပြင်းလှသော မီးခဲများကို ကောက်ယူကိုင်တွယ်ပြသည်။ သူ့လက်ကို လုံးဝ မီး မလောင်။ ပူလောင်သည့်ဒဏ်ကိုလည်း မခံစားရ။ မီးလျှံများက သူ့လက်ချောင်းများကို ဝန်းပတ်ပြီးဟပ်နေသည်"

"အခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂများ အလိုအလျောက် မြောက်တက်သွားကြသည်။ နေရာရွှေ့သွားကြသည်။ အမှောင် ထဲတွင် မဟုတ်ဘဲ အလင်းရောင်အောက်မှာပင် မစ္စတာဟုမ်း၏ ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် မျောနေသည်ကိုတွေ့မြင်နေရသည်။ ထိုသို့လွင့်မျောနေသည့် မစ္စတာဟုမ်း၏လက်ကို မစ္စတာ ခရူးကက်စ်က ဆွဲလျက်လိုက်နေသည်။ ထိုအချိန်အတွင်းတွင် မစ္စတာဟုမ်း၏ ခန္ဓာကိုယ်မှ အလင်းရောင်များဖြာနေသည်။ အခန်းထဲတွင်လည်း အလင်းရောင် အစက်အပြောက်များထွက်ပေါ်နေသည်။ အလင်းရောင်အစက်အပြောက်များမှာ အခြားမည်သည့် အရာဝတ္ထုနှင့်မျှ ဆက်စပ်မှုမရှိ။ လူရုပ်အသွင်သဏ္ဌာန်ကို မမြင်ရဘဲ လက်ဆွဲဘာဂျာသံကို ကြားနေရသည်"

**မစ်ဖလော်ရင့်ကွတ်**

သိပ္ပံပညာရှင် ဝီလျံခရူးက်စ်သည် ဖလောရင့်ကွတ်၏ ဆက်သွယ်မှုဖြင့် ၁၉ ရာစုခေတ်က နေရာအနှံ့အပြားတွင်





မြင်တွေ့ခဲ့ကြရသည့် 'ကက်တိုင်းကင်း' တစ္ဆေ၏ ရုပ်သွင်သဏ္ဌာန်ကိုလည်း မြင်တွေ့ခဲ့ရဖူးသည်။

"၁၈၇၄ ခုနှစ် ဧပြီလ ၂ ရက်နေ့ကဖြစ်သည်။ သီးသန့်အခန်းထဲတွင် ကျွန်ုပ်နှင့်အတူ လူအများအပြားရှိနေကြသည်။ 'မစ်ကက်တိုင်း' ၏ ရုပ်သဏ္ဌာန် ကောင်းကောင်းမွန်မွန် ပီပြင်မှု မရှိ။ အခန်းထဲတွင် နှစ်နာရီကြာမျှ လမ်းလျှောက်ရင်း အခန်းတွင်းရှိလူများနှင့်စကားပြောနေသည်။ သူစကားပြောပုံမှာ ရင်းရင်းနှီးနှီးရှိဟန်မျိုးဖြစ်၏။ လမ်းလျှောက်နေရင်း မစ်ကက်တိုင်းက ကျွန်ုပ်၏လက်ကိုပင် တွဲထားလိုက်သေးသည်။ ကျွန်ုပ်၏စိတ်တွင် သက်ရှိအမျိုးသမီးတစ်ဦး ကျွန်ုပ်အနီးတွင်ရှိနေသည်။ အခြား ဝိညာဉ်လောကမှ အမျိုးသမီးမဟုတ်ဟုပင်ထင်ထားလိုက်မိသည်။ ထို့ကြောင့် သူ့ကိုဖက်ထားခွင့် တောင်းလိုက်သည်။ မစ်ကက်တိုင်းကလည်း ခွင့်ပြုသည်။ ထို့ကြောင့် ကျွန်ုပ်၏ လက်များဖြင့် တအားသိုင်းလျက် ပွေ့ဖက်ထားလိုက်သည်။ အထိအတွေ့မှာ ဝိညာဉ်အမျိုးသမီးကို ဖက်ထားရခြင်းမျိုးမဟုတ်။ မစ္စက်ကွတ်ကဲ့သို့သော သက်ရှိလူသားအမျိုးသမီးတစ်ဦးကို ဖက်ထားရသည့်ပမာ ဖြစ်နေသည်"

ထို့နောက် ဝိညာဉ်လောကအကြောင်းလေ့လာမှုတွင် အထူးခြားဆုံးဟုဆိုရလောက်သည့် လေ့လာစမ်းသပ်မှုမျိုးကို မစ္စတာခရူးကက်စ်က ထပ်မံလုပ်ဆောင်မှတ်တမ်းတင်ထားခဲ့သည်။

"တစ်နေ့တွင် ကျွန်ုပ်သည် မီးအိမ်ငယ်တစ်လုံးဖြင့်

မစ်ကက်တိုင်း၏ အခန်းထဲသို့ဝင်လိုက်သွားသည်။ အခန်းထဲတွင် မှောင်နေသဖြင့် မစ်ကွတ်ကိုလိုက်စမ်းပြီး ရှာကြည့်ရသည်။ မစ်ကွတ်သည် ကြမ်းပြင်ပေါ်တွင် ဒူးထောက်လျက် ဦးခေါင်းကို ငုံ့ပြီး ကိုယ်ကိုညွှတ်ထားသည်။ သူ့ဘေးတွင် ကျွန်ုပ် ဒူးထောက်ထိုင်လိုက်သည်။ မီးအိမ်၏မီးကိုမြှင့်လိုက်သည်။ အနက်ရောင်ကတ္တီပါဝတ်စုံကို ဝတ်ဆင်ထားသည့်အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ ညနေစောစောပိုင်းကတွေ့လိုက်ရသည့် မစ်ကွတ်ပင်ဖြစ်သည်။ မလှုပ်မယှက်ငြိမ်သက်ပြီး သတိမေ့နေဟန်ဖြစ်နေသည်။ အသက်ကိုဖြည်းဖြည်း ငွေ့ငွေ့လေးရှူနေသည်။ သူ့လက်ကိုဆွဲကိုင်လိုက်ပြီး မီးအိမ်ကို သူ့မျက်နှာအနီး ကပ်ကြည့်လိုက်သည်။ သို့ရာတွင် မစ်ကွတ်မှာ မတုန်မလှုပ်။ ငြိမ်နေသည်။ အသက်ကိုငွေ့ငွေ့လေး ညင်သာစွာဆက်ရှူနေသည်။ ကျွန်ုပ်သည် မီးအိမ်ကိုမြှောက်လျက် ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်မိသည်။ မစ်ကွတ်၏နောက်တွင် ကပ်လျက် မစ်ကက်တိုင်း မတ်တပ်ရပ်နေသည်ကိုတွေ့လိုက်ရသည်။ ကျွန်ုပ်မြင်တွေ့ခဲ့ဖူးသည့်အတိုင်းပင် မစ်ကက်တိုင်းသည် အဝတ်ဖြူစကို လွှမ်းခြုံထားသည်။ ကျွန်ုပ်သည် မစ်ကွတ်၏လက်ကို ကိုင်ထားရင်း ဒူးထောက်လျက်သား ဆက်ကြည့်နေမိသည်။ မီးအိမ်ကို နိမ့်လိုက်၊ မြင့်လိုက်လုပ်ပြီး မစ်ကက်တိုင်းကို ပိုမိုအထင်အရှားတွေ့မြင်နိုင်ရန် ကြိုးစားလိုက်သည်။ ကျွန်ုပ်ကိုယ်တိုင် လက်ဖြင့်ပွေ့ဖက်ထားခဲ့ဖူးသည့် မစ်ကက်တိုင်းကို အသေအချာမြင်နေရသည်။ စကားမပြောသော်လည်း မစ်ကက်တိုင်းက သူ့ဦးခေါင်းကို





ညိမ့်ပြသည်။ ပြုံးပြသည်။ ကျွန်ုပ်သည် လက်ဖြင့်ဆွဲကိုင်ထားသည့် မစ်ကွတ်ကို သုံးကြိမ်တိတိ အသေအချာပြန်ကြည့်စစ်ဆေးလိုက်သည်။ ထို့နောက် မစ်ကက်တိုင်းကိုလည်း အသေအချာ သုံးကြိမ်တိတိပြန်ကြည့်သည်။ မစ်ကွတ်နှင့် မစ်ကက်တိုင်းတို့မှာ တစ်ယောက်စီ သီးခြားစီဖြစ်ကြောင်း သေချာစေရန်ဖြစ်သည်။ မစ်ကက်တိုင်း၏ရုပ်သွင်ကို အထင်အရှားတွေ့မြင်နေရခြင်းမှာ သံသယရှိစရာမလိုတော့ချေ။ ထိုစဉ်မှာပင် မစ်ကွတ်သည် ဖြည်းဖြည်းချင်းလှုပ်ရှားလာသည်။ မစ်ကက်တိုင်းက ကျွန်ုပ်ကို ပြန်ထွက်သွားရန် အမူအယာပြသည်။ အခန်းတွင်းမှ အခြားတစ်နေရာသို့ ကျွန်ုပ်ထွက်လာပြီး သူတို့နှစ်ဦး၏အခြေအနေကို ဆက်ကြည့်နေသည်။ မစ်ကွတ်ပြန်ပြီး သတိရလာချိန်ထိ မစ်ကက်တိုင်း၏ရုပ်သွင်မှာ ပျောက်မသွားသေး။ လာကြည့်သူနှစ်ဦး မီးအိမ်တစ်လုံးဖြင့်ဝင်လာကြသည်။

## ယူဆာပီယာပေါ်လာဒီနို

ဒီဒီဟုမ်းနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် နာမည်ကြီးလှသူတစ်ဦးကား ယူဆာမီယာပေါ်လာဒီနို (၁၈၅၄–၁၉၁၈) ဆိုသူ အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။

ယူဆာပီယာပေါ်လာဒီနို့သည် နှစ်ပေါင်း လေးဆယ်နီးပါးမျှ ဝိညာဉ်များနှင့်ဆက်သွယ်မှုကိုပြခဲ့သည်။ လက်တွေ့အစမ်းသပ်ခံခဲ့သည်။

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ပြသခြင်းဖြစ်သော်

လည်း ပေါ်လာဒီနိုသည် လေ့လာကြည့်ရှုတွေ့မြင်ရသူများ အံ့သြလောက်အောင် အစွမ်းပြနိုင်ခဲ့သည်။

သီးသန့်အခန်းထဲတွင် ပေါ်လာဒီနို၏ ကိုယ်လက်အင်္ဂါများကို မလှုပ်ရှားနိုင်စေရန် ကြိုးဖြင့်တုပ်ထားသည်။ ထိုစဉ်မှာပင် လေညင်းတစ်ချက်လှုပ်ရှားတိုက်ခတ်သွားသည်။ မည်သည့်နေရာမှ တိုက်ခတ်လာသည်မသိ။ ထို့နောက် ခပ်ပြင်းပြင်းလေညင်းတစ်ချက် တိုက်လာပြန်သည်။ ပေါ်လာဒီနို၏ နဖူးပေါ်ရှိအမာရွတ်မှ ထွက်လာဟန်ရှိသည်ဟုထင်လိုက်ရသည်။ လေညင်းပြင်းပြင်းသည် လာရောက်လေ့လာကြည့်ရှုသူများ၏ ဦးခေါင်းပေါ်မှကျော်ဖြတ်တိုက်ခတ်သွားသည်။

ပေါ်လာဒီနိုက ဆိုဖာကြီးကို စူးစိုက်ကြည့်လိုက်ရာ အခန်းတစ်နေရာရှိ ဆိုဖာကြီးမှာ ပေါ်လာဒီနိုအနီးရောက်လာသည်။ ထို့နောက်ဆိုဖာကြီးသည် သူ့မူ ရင်းနေရာသို့ တဖြည်းဖြည်းချင်းပြန်ရွေ့သွားသည်။

ပေါ်လာဒီနိုကို မလှုပ်မရှားနိုင်ရန် ကြိုးဖြင့်တုပ်ထားစဉ်မှာပင် သီးသန့်အခန်းတွင်း၌ တစ်စုံတစ်ယောက်၏ အရိပ်သဏ္ဌာန်တစ်ခုပေါ်လာသည်။ ယင်းတစ်စိတ်တစ်ပိုင်းပေါ်လာသည့်သဏ္ဌာန်က သုတေသနပညာရှင်များ၏ လက်ရာများကိုပင်လိုက်လံဆုပ်ကိုင်ပြလိုက်သေးသည်။

သိပ္ပံပညာရှင်များ၊ သုတေသနပညာရှင်များနှင့် မျက်လှည့်ဆရာများပင်လျှင် ပေါ်လာဒီနို၏အစွမ်းနှင့် ထူးခြားမှုများကို မစဉ်းစားတတ်နိုင်ကြ။ ရှင်းမပြနိုင်ခဲ့ကြချေ။





**အယ်လ်ဂျီးယားစ်မြို့သူ မားသ်ဘီရောက်ဒ်**

၁၉၀၅ ခုနှစ်ဝန်းကျင်တွင် အယ်လ်ဂျီးယားစ်မြို့သူ မားသ်ဘီရောက်ဒ်သည်လည်း ဝိညာဉ်လောကနှင့် ဆက်သွယ်မှုတွင် နာမည်ကျော်ကြားလှသူ မိန်းကလေးငယ်တစ်ဦးဖြစ်သည်။ သူ့ကို 'အီဗားကာရီးယား'ဟုလည်း ခေါ်ကြသည်။

သူ့အကြောင်းကု စိတ်ဝိညာဉ်သုတေသနအသင်း၏ ဥက္ကဋ္ဌ ဒေါက်တာ ချားလ်စ်ရစ်ချက်က ကြားသိသွားသည်။

မားသ်သည် 'ဘီယင်ဘိုးအား'ဟုခေါ်သည့် ဝိညာဉ်တစ်ခု၏ ရုပ်သွင်သဏ္ဌာန်ကို ပေါ်လွင်ထင်ရှားအောင် ဖော်ပြပေးနိုင်ခြင်းဖြစ်သည်။

ဒေါက်တာရစ်ချက်သည် မားသ်၏သီးသန့်အခန်းထဲသို့ ရောက်ရှိနေသည်။ အခန်းထဲတွင် အခြားသူများအပြင် အိမ်ဖော်မိန်းကလေးတစ်ဦးဖြစ်သူ 'အိုင်ချား'လည်း ရှိနေသည်။

မကြာမီမှာပင် အခန်း၏ ခန်းဆီးလိုက်ကာ လှုပ်ရှားသွားသည်။ ခန်းဆီးလှုပ်ရှားသံကိုကြားနေရသည်၊ ရစ်ချက်သည် အမှောင်ထဲသို့ အသေအချာစူးစိုက်ကြည့်နေသည်။ ထိုအခိုက် အရပ်မြင့်မြင့် အဖြူရောင်ဝတ်ရုံကိုခြုံထားသည့် သဏ္ဌာန်တစ်ခု ပေါ်လာသည်။ ထိုသဏ္ဌာန်၏နောက်တွင် မားသ်သည် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ကိုလည်း တွေ့မြင်နေရသည်။ သူ့ကိုယ်သူ 'ဘီယင်ဘိုးအား'ဖြစ်သည်ဟုဆိုသည့် ရုပ်သဏ္ဌာန်သည် အခန်းထဲတွင် လမ်းလျှောက်နေသည်။ သူ့နှုတ်ခမ်းများကို လှုပ်ရှားလျက် စကားပြောနေသည်။ မျက်စိများမှာလည်း လှုပ်ရှား

နေသည်။ သူ့ခေါင်းတွင် သံခမောက်ကိုဆောင်းထားသည်။ သူ့မုတ်ဆိတ်မွေးများမှာမူ အတုဟုထင်ရသည်။

လာရောက်ကြည့်ရှုသူတစ်ဦးက ဘီယင်ဘိုးအား၏ပုံကို ဓာတ်ပုံရိုက်ယူထားလိုက်သည်။

နောက်ပိုင်းတွင် မားသ်သည် 'အီဗားကာရီးယား' ဟူသော နာမည်ဖြင့် ဆက်လက်ကျော်ကြားခဲ့သည်။ ဒေါက်တာရစ်ချက်၏ မိတ်ဆွေတစ်ဦးဖြစ်သူ ဂျာမနီနိုင်ငံသား ဒေါက်တာ အဲလ်ဘတ် ဗွန်ရှရင်းနော့ဇင်းက ဆက်လက်လေ့လာမှုများ လုပ်ဆောင်ခဲ့သည်။

သူ့ကို 'အီဗားစီ'ဟုခေါ်ကြသည်။ ဒေါက်တာ အဲလ်ဘတ်က အီဗားစီအကြောင်း မှတ်တမ်းပြုစုထားခဲ့သည်။

ဒေါက်တာရစ်ချက်သည် အက်တိုပလမ်းဟုခေါ်သည့် ဝေါဟာရသစ်တစ်ခုကိုတီထွင်ခဲ့သည်။ မူရင်းအဓိပ္ပာယ်မှာ 'အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ပြီ' ဟူ၍ ဖြစ်သည်။

အမှန်မှာ ဝိညာဉ်လောကနှင့် ပတ်သက်၍ စိတ်တန်ခိုးရှင်တစ်ဦးက မိမိခန္ဓာကိုယ်တစ်နေရာမှ ထူးခြားသော ရုပ်သွင်များ ပေါ်ထွက်လာအောင် လုပ်ဆောင်ပြနိုင်ခြင်းပင်ဖြစ်သည်။

အီဗား၏အစွမ်းမှာမူ ပါးစပ်တွင်းမှ မှုတ်ထုတ်လိုက်သကဲ့သို့ ပြုလုပ်လိုက်လျှင် လူ့မျက်နှာပုံသဏ္ဌာန်၊ လူ့လက်ချောင်း၊ လူပုံသဏ္ဌာန် စသည်များ ထွက်ပေါ်လာသည်။

ဒေါက်တာရစ်ချက်နှင့် ဒေါက်တာ အဲလ်ဘတ်တို့ အဆို





အရ ထွက်ပေါ်လာသည့် ပုံသဏ္ဌာန်သည် အီဗား၏စိတ်အလို အတိုင်းဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။

အီဗားသည် လူတစ်ယောက်၏ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို မဖော်ဆောင်နိုင်။ လူ့ဦးခေါင်း၊ လူ့မျက်လုံး၊ ဆံပင် စသည်တို့ကိုသာ ဖော်ဆောင်ပြနိုင်ခဲ့သည်။

❋



# နပိုလီယံ၏ ရတနာသိုက်ရှာပုံတော်

နီရဲရဲသစ်ရွက်တစ်ရွက်က သူ့ဖိနပ်ထိပ်ဖျားတွင် တွယ်ကပ်
နေသည်။ သစ်တောကြီးတစ်တောလုံး တိတ်ဆိတ်နေသည်။
လေကလည်း ငြိမ်နေသည်။ ကြွေကျနေသည့် ဝက်သစ်ချရွက်
များပေါ်တွင် ဆီးနှင်းခဲဖြူဖြူများက အုပ်ဆိုင်းထားသည်။ သစ်ရွက်
များမှာ ခွေလိပ်နေပြီး မြေပေါ်သို့သက်ဆင်းလာရသည်ကို လိုလာ
ဟန်မတူ။ အေးမြနေသောမြေပြင်ကိုလည်း မနှစ်သက်။ လေ
တစ်ချက်ဝှေ့လိုက်လျှင် ဝက်သစ်ချပင်ပေါ် ပြန်ရောက်လိမ့်နိ
ဖြင့် မျှော်ကိုးနေကြဟန်တူလေသည်။

သူကိုယ်တိုင်လည်း ထိုနည်းအတူ ထူးထူးကဲကဲဖြစ်လာမည့်
ဖြစ်ရပ်တစ်ခုကို မျှော်လင့်စောင့်စားနေဟန်ပင်ဖြစ်သည်။ ယင်
ဖြစ်ရပ်ကား ကြိုတင်မမျှော်မှန်းနိုင်သည့် ဖြစ်ရပ်မျိုးဖြစ်သည်
ယင်းဖြစ်ရပ်မျိုးဖြစ်ပေါ်လာလျှင် အားလုံး အပြောင်းအလဲ ဖြ
ကုန်နိုင်သည်ဟု သူယူဆထားသည်။





"အလက်ဇန္ဒားကို အပစ်အခတ်ရပ်စဲဖို့ သံတမန်များ စေလွှတ်ခိုင်းမည်။ ပလက်ကော့ဗ်၏ ကော့ဆက်တွေကို ချေမှုန်းပစ်မည်။ ဆောင်းရာသီကို ရပ်ဆိုင်းပစ်လိုက်မည်။ ကြောက်မက်ဖွယ်ကောင်းလှသည့် လမ်းမကြီးတစ်လျှောက် ရွှံ့နွံများထဲတွင် နစ်နေသည့် သူ့တပ်များကို မ,ထုတ်ယူလိုက်မည်။ ဒါလောက်ဆို ပြီးပြီဟု ဆိုနိုင်လေပြီလား"

"အားလုံးပြီးပါပြီ" သူ့နောက်မှ ထွက်ပေါ်လာသည့် အသံက သူ့အတွေးများကို ရပ်တန့်သွားစေသည်။

နပိုလီယံက လှည့်ပတ်ကြည့်လိုက်သည်။

"ဘာပြီးတာလဲ၊ ညာနေတာကွ၊ ညာနေတာ၊ ဘာမှမပြီးသေးဘူး၊ ခုမှအစရှိသေးတာ၊ ပိုလန်မှာ ငါ့တပ်ဖွဲ့တွေကို ပြန်စုရုံးရဦးမယ်"

နပိုလီယံ၏ရှေ့မှောက်ရောက်နေသူ အရာရှိက ထပ်ပြီး ရှင်းပြရန်လိုသည်ဟု တွက်ဆလိုက်သည်။

ထို့ကြောင့် ထပ်ပြောလိုက်သည်။

"အားလုံး ပြီးပါပြီ၊ ကုန်ပစ္စည်းတွေ သယ်လာတဲ့ရထား ရေကန်နားရောက်နေပါပြီ"

"ကောင်းပြီလေ၊ မင်းလုပ်ငန်း စနိုင်ပြီ"

ပြောရင်းပင် နပိုလီယံသည် နှင်းများကြောင့် ညွှတ်ကျိုးကျနေသည့် သစ်ခက်များကို သူ့အစိမ်းရောင် ကက်ဦးထုပ်ဖြင့် ဘေးသို့ ရမ်းဖယ်ထုတ်ရင်း ရှေ့သို့ လျှောက်လာသည်။

ရေကန်ငယ်သည် လမ်းမကြီးမှ 'ခဲတစ်ပစ်'ခန့်အကွာတွင်

ရှိသည်။ နက်မှောင်နေသည့် ရေပြင်၏ကမ်းစပ်တွင် မြက်များ ပေါက်နေသည်။ မြက်များမှာ မိုးဒဏ်ကိုခံထားရသည်။ နပိုလီယံ သည် ရေကန်ထဲသို့ ဆင်းသွားသည်။ အေးမြလှသော ရွှံ့စေး များထဲတွင် ခြေကျင်းဝတ်ခန့်အထိ နစ်နေသည်။ သို့ရာတွင် သူဘာကိုမျှ ဂရုမစိုက်။ ဆက်၍လျှောက်နေသည်။

မာရှယ်ဘာသိုင်းယားက နပိုလီယံ၏နောက်မှ လိုက်လာ သည်။ မာရှယ်ဘာသိုင်းယားက သက်ပြင်းတစ်ချက်ချလိုက် သည်။ ထို့နောက် မြေမာတစ်နေရာတွင် ရပ်လိုက်ရင်း သူ့ကိုယ်သူ အရှိန်သတ်ပြီး ထိန်းထားလိုက်သည်။ မကြာမီမှာပင် နပိုလီယံ၏ နောက်သို့ ဒရောသောပါး လိုက်သွားတော့သည်။

လှည်းများဘေးတွင် ဝိုင်းရပ်နေကြသည့် တပ်သားများ သည် နပိုလီယံနှင့်အရာရှိများလာသည်ကိုမြင်လျှင် လှည်းများ ပေါ်မှ အိတ်များကိုထမ်းယူကြသည်။ အိတ်ထဲတွင်ပါရှိသည့် ပစ္စည်းများကား အလွန်လေးဟန်တူသည်။ အိတ်များကို ထမ်း လာသူများမှ အိတ်၏အလေးအောက်တွင် ပိလျက် ပင်ပင်ပန်းပန်း ထမ်းကြရသည်။ ထမ်းလာသူများအနက်မှ တစ်ယောက်မှာ အိတ်ကိုဆက်မထမ်းနိုင်တော့ဘဲ လဲကျသွားသည်။

အိတ်ထဲမှရွှေခွက်ကြီးတစ်ခွက်ထွက်ကျလာပြီး နပိုလီယံ၏ ခြေထောက်နားအထိ လိမ့်ကျသွားသည်။ နပိုလီယံက ရွှေခွက် ကြီးကို ရွှံ့နွံထဲသို့ ခြေထောက်ဖြင့် ကန်ချလိုက်သည်။ ရွှေခွက် ကြီးမှာ ရွှံ့ရေအောက်တွင် နစ်မြုပ်ကွယ်ပျောက်သွားလေသည်။

"ဒါတွေကို ဘယ်သူ့မှ မတွေ့စေရဘူး"





နပိုလီယံက ပြောလိုက်သည်။

ဘာသိုင်းယားက ဘာမျှပြန်မပြော။ ငြိမ်နေသည်။

တစ်နာရီခန့်အတွင်းမှာပင် လုပ်ကိုင်စရာအားလုံးပြီးစီး သွားသည်။ သူတို့အားလုံး လမ်းမကြီးပေါ်သို့ပြန်လာကြသည်။ အညိုရောင်သိုးရေကုတ်အင်္ကျီကို ဝတ်ဆင်ထားသည့် ကလေး ငယ်တစ်ဦး သစ်ပင်များအကြားတွင် ပြေးနေသည်ကို တွေ့လိုက် ကြရသည်။

"အဲဒီကလေးကိုပစ်သတ်လိုက်" နပိုလီယံ၏ လက်ထောက် အရာရှိတစ်ဦး၏အသံဖြစ်သည်။

ကလေးငယ်သည် ချုံပုတ်များကြားတွင် ဝင်ရောက်ပျောက် ကွယ်သွားသည်။ သေနတ်သံထွက်ပေါ်လာသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။ သစ်ရွက်များကိုသာ ကျည်ဆန်ထိမှန်သွား သည်။

မှောင်ရီပျိုးစပြုလေပြီ။ ဆောင်းရာသီဖြစ်၍ အေးစပြုနေ ပေပြီ။

သုတေသနပညာရှင် ယူရီဘိုရိုမိုလော့ဗ်သည် ပေါလတာ စကော့၏ **"ပြင်သစ်ဘုရင် နပိုလီယံ၏ဘဝ"** စာအုပ်ကို စာမျက်နှာတစ်ရွက်ချင်းလှန်ဖတ်နေသည်။

"လူထောင်ပေါင်းများစွာ လိုက်ပါလာသည်။ တပ်ဖွဲ့ဝင် များ၊ အကျဉ်းသားများမှာ ပစ္စည်းအိတ်များကို ထမ်းလာကြရ သည်။ အချို့က လက်တွန်းလှည်းများပေါ်တွင် တင်တွန်းလာ ကြသည်။ ထိုပစ္စည်းများမှာ မော်စကိုမြို့မှ သိမ်းယူလာသည့်

ပစ္စည်းအမျိုးမျိုးတို့ဖြစ်သည်။ ယင်းပစ္စည်းများထဲတွင် ရွှေချောင်း၊ ငွေချောင်းများ၊ ကျောက်မျက်ရတနာများနှင့် ရှေးခေတ်သံချပ်အင်္ကျီများ ပါဝင်သည်”

“မော်စကိုဆိုတာ သိပ်ချမ်းသာကြွယ်ဝတဲ့မြို့ကြီး၊ နပိုလီယံသယ်လာတဲ့ပစ္စည်းတွေထဲမှာ ကျောက်မျက်ရတနာတွေ မရေမတွက်နိုင်အောင် ပါလာမယ်၊ အဲဒါတွေ ဘယ်များ ရောက်ကုန်ပါလိမ့်”

ဘိုရိုမိုလော့ဗ်က စာအုပ်ကိုဖတ်နေရင်းမှ တစ်ယောက်တည်း အတွေးဝင် စဉ်းစားနေမိသည်။

“...နိုဝင်ဘာလတစ်ရက်နေ့တွင် နပိုလီယံသည် သူ့တပ်များကို ပြန်လည်စုရုံးပြီး ဆုတ်ခွာလာသည်။ နိုရိုဂိုဘတ်မြို့သွားရာ လမ်းမကြီးပေါ်တွင် စုရုံးထားခြင်းဖြစ်သည်။ ထိုမြို့မှနေ၍ ရုရှားတပ်များသည် သူ့ကိုဖြတ်တိုက်နိုင်သည်ဟု နပိုလီယံကတွက်ဆထားသည်။ ရုရှားတပ်များကို ကာကွယ်တိုက်ခိုက်ရန်မှာ အရေးအကြီးဆုံးဖြစ်သည်”

ထို့ကြောင့် နပိုလီယံသည် မော်စကိုမြို့မှ သိမ်းဆည်းသယ်ဆောင်လာသည့်ပစ္စည်း အမြောက်အမြားကို ဆမ်လ်ယိုဗိုရေကန်ထဲသို့ ပစ်ချခိုင်းလိုက်ခြင်းဖြစ်လေသည်။ မလိုချင်တော့သော ပစ္စည်း၊ မသယ်ဆောင်နိုင်တော့သော ပစ္စည်းမျိုးစုံကို ယင်းသို့ ရေကန်ထဲ ပစ်ချခိုင်းခြင်းဖြစ်သည်။

ရုရှားစစ်ပွဲတွင် နပိုလီယံနှင့်အတူပါဝင်ဆင်နွှဲခဲ့သူ အာမန်ဒီကော်လိန်းကုတ်၏ ကိုယ်တွေ့မှတ်တမ်းတွင်...





“နပိုလီယံသည် ဗယက်ဇမာမှ နိုဝင်ဘာလ တစ်ရက်နေ့တွင်ဆုတ်ခွာသည်။ နိုဝင်ဘာလ နှစ်ရက်နေ့တွင် ဆမ်လ်ယိုဗိုသို့ရောက်ရှိကြသည်။ နိုဝင်ဘာလ သုံးရက်နေ့တွင် ဆလက်ဗ်ကိုဗိုသို့ ရောက်ရှိကြသည်။ ဆီးနှင်းများနှင့် ပထမဆုံး ရင်ဆိုင်ကြရသည်”ဟု ဖော်ပြထားသည်။

ကော်လိန်းကုတ်က နပိုလီယံ ဆမ်လ်ယိုဗိုသို့ ရောက်သည်ဟု ရေးသားခဲ့ပြီး ဝေါလ်တာစကော့က မော်စကိုမှ သယ်လာသော ရတနာပစ္စည်းများကို ဆမ်လ်ယိုဗိုရေကန်ထဲပစ်ချခဲ့သည်ဟု ရေးသားဖော်ပြသည်။ သို့ဖြင့် သူတို့နှစ်ဦး၏ ရေးသားချက်မှာ တိုက်ဆိုင်မှုရှိနေသည်။

ထိုသို့ဆိုလျှင် ထိုရတနာပစ္စည်းများ ဆမ်လ်ယိုဗို ရေကန်ထဲတွင် မပျက်မစီးရှိနေနိုင်ဦးမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ဆမ်လ်ယိုဗိုရေကန်သည် အဘယ်မှာရှိလေသနည်း။

ယူရီဘိုရိုမိုလော့ဗ်သည် ဝေါလ်တာစကော့၏ စာအုပ်ကိုဖတ်ရင်း ရှေးဟောင်းမြေပုံတစ်ပုံကိုကြည့်နေသည်။ ၁၇၇၃ ခုနှစ်က ဝိုင်၊ အက်ဖ်ရှမစ်ရေးဆွဲခဲ့သည့် မြေပုံဖြစ်သည်။

သို့ရာတွင် ဗယက်စာမာနှင့် ဆမ်လ်ယိုဗိုဒေသတို့၌ ရေကန်တစ်ကန်မျှ ဖော်ပြထားခြင်းဖြစ်သည်။

ဘိုရိုမိုလော့ဗ်သည် ဆက်လက်စူးစမ်းလေ့လာမှုများ လုပ်ဆောင်ကြည့်ရာ ဗယက်ဇမာမြို့မှ မလှမ်းမကမ်းတွင် ဆမ်လ်ယိုဗကာဟူသော မြစ်တစ်မြစ်ရှိကြောင်းသိခဲ့ရသည်။ ယင်း

မြစ်ဝန်းကျင်တွင် ရွှံ့နွံအိုင်ကြီးများရှိသည်။ ယင်းရွှံ့နွံအိုင်ကြီးများ၏အမည်များကိုလည်း ဆမ်လ်ယိုဗကာမြစ်၏အမည်ကို အစွဲပြု မှည့်ခေါ်လေ့ရှိကြောင်း သိခဲ့ရသည်။

ထိုသို့ဆိုလျှင် ဆမ်လ်ယိုဗိုရေကန်ကို ရှာရန်ကားခက်လှသေးသည်။ ရှာဖွေရေးအဖွဲ့ဖြင့်အရှာထွက်ပြီး တွေ့ခဲ့သော နပိုလီယံ ပစ်ချထားခဲ့သည့် ရတနာများကား မပျက်မစီးရှိနေကြဦးမည်ဖြစ်သည်။

မော်စကိုမြို့မှ နပိုလီယံပြန်လည်ထွက်ခွာသွားစဉ်က အဖိုးတန်ရတနာများ အမြောက်အမြားပါရှိသွားခဲ့သည်ကား အမှန်ဖြစ်သည်။ သို့ရာတွင် ကရင်းမလင်နန်းတွင်းမှ ရတနာများ မည်သည့်နေရာတွင်ထားခဲ့သည်ကို အတိအကျသိရန်ကား ခက်ခဲလွန်းနေသည်။

ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ် အထောက်အထားများအရ ၁၈၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် နပိုလီယံသည် မော်စကိုမှ သယ်ယူလာသောပစ္စည်းများကို ဆမ်လ်ယိုဗိုရေကန်ထဲသို့ ပစ်ချခဲ့သည်ဟူသော အချက်မှာလည်း ခိုင်မာလှသည်။

ဆမ်လ်ယိုဗိုရေကန် တည်ရှိရာကို ရှာရန်သာလိုလေတော့သည်။

* * *

ဆိုဗီယက်တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး အလက်ဇန္ဒားဂိုးလ်ဒိုးဗစ်ချ်နှင့် တပ်မတော်အရာရှိများသည် သတင်းစာဆရာများနှင့် တွေ့ဆုံနေသည်။





သတင်းစာဆရာများက နပိုလီယံ၏ ရတနာများအကြောင်း ပြောပြကြသည်။ တပ်မတော်အရာရှိများမှာ အံ့သြစရာသတင်းထူးကို ကြားရသဖြင့် သူတို့မျက်နှာပေါ်တွင် ပြုံးရောင်သန်းနေသည်။

ဗိုလ်ချုပ်ကြီးက မြေပုံများကို ကြည့်နေသည်။

"ကျွန်တော်က ဘိုင်လိုရုရှား၊ ဘီရီဇီးနားမှာ မွေးဖွားခဲ့တာပါ၊ ကျွန်တော်တို့ကျေးရွာအနီးကနေပြီး နပိုလီယံဟာ မြစ်ကိုဖြတ်ကူးသွားခဲ့တာပါ၊ ကျေးရွာက ကျွန်တော် အပါအဝင် ကလေးငယ်တော်တော်များများဟာ ရှေးဟောင်းလက်နက်တွေ၊ ဓားတွေ၊ မြင်းခွာမောင်းတွေ မြစ်ကမ်းတစ်လျှောက်မှာ တွေ့ခဲ့ဖူးပါတယ်၊ ဒီတော့ ခင်ဗျားတို့ ပြောကြားချက်တွေဟာလဲ ဖြစ်နိုင်ပါတယ်"

## ရှာပုံတော်ခရီးအစ

သုတေသနပညာရှင်များနှင့် ဆိုဗီယက်တပ်မတော်မှ အရာရှိများလိုက်ပါလျက် ခရီးထွက်ခဲ့ကြရာ ဆမ်လ်ယိုဗိုသို့ ရောက်ရှိခဲ့ကြတော့သည်။ စမိုလင့်အဝေးပြေးလမ်းမကြီး တစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် သစ်တောထဲသို့ ဝင်လိုက်ကြသည်။

လော်ရီကားပေါ်မှ အားလုံးဆင်းကြပြီးချုံနွယ်ပိတ်ပေါင်းများကို ဖယ်ရှားလျက် တိုးဝင်သွားကြသည်။ မကြာမီမှာပင် ရေကန်တစ်ကန်ကို 'ဘွားခနဲ'တွေ့လိုက်ကြရလေသည်။ ရေကန်

ဝန်းကျင်တွင် သစ်ပင်များကျဲနေသဖြင့် ရေကန်၏ရေပြင်ကို ကောင်းစွာမြင်နေရသည်။ ရေကန်၏အကျယ်မှာ ပေ ၁၅၀၀ ခန့်ရှိသည်။ ရေကန်ရေပြင်တွင် မြက်ပင်၊ ကျူပင်များ လွှမ်းနေသည်။ ရေကန်စပ်သို့ တိုးလျှောက်ကြည့်ကြရာ ရွှံ့ကျွံမည်စိုးသဖြင့် သတိထားလျှောက်ကြည့်ရသည်။ ရေကန်ဟုဆိုရသော်လည်း အမှန်တွင် ရွှံ့နွံအိုင်ကြီးသာဖြစ်သည်။ မြေပျော့ပျော့ကမ်းစပ်မှာပင် သတိထားနင်းနေရသည်။

ရေငုပ်ဝတ်စုံဖြင့်ငုပ်ပြီး ရေကန်ရေပြင်အောက် လှည့်ကြည့်သူက ကြည့်သည်။ ရေမှာ အလွန်အေးလှသည်။ ရေကန်ကို ပတ်ကြည့်ကြစဉ် ရွှံ့နွံစပ်တစ်နေရာတွင် ရေပြင်ထက်သို့ ပေါ်နေသည့် သစ်သားနံရံတစ်ခုကို တွေ့ကြရသည်။ ရေညှိ၊ ရေမှော်များဖုံးနေပြီး ရေကန်အလယ်တွင် တည်ဆောက်ထားသည့် အိမ်ဟောင်းတစ်လုံးဟုပင်ထင်လိုက်ရသည်။

အမှန်တွင် သစ်သားများဖြင့် ရေကာတာတစ်ခုသဖွယ် တည်ဆောက်ပြီး အတွင်းမှ ရေကိုခန်းသည်အထိ စုပ်ယူထားရာနေရာဖြစ်သည်။

သုတေသနပညာရှင်များသည် ရေကန်စပ်မှာပင် ဝိုင်းဖွဲ့ပြီး ဆွေးနွေးကြသည်။

အဝေးပြေးလမ်းမကြီးအနီးတွင်ရှိသည့် ရေကန်တွင်းသို့ ရတနာပစ္စည်းများပစ်ချရန်အတွက် နပိုလီယံအဖို့အချိန်အနည်းငယ်သာရမည်ဖြစ်သည်။ ပစ္စည်းများကို ရေကန်အလယ်သို့





ယူသွားရန်လှေရှိရမည်။ ဖောင်များဖွဲ့ရမည်။ ထိုသို့လုပ်ဆောင်ရန် အချိန်မရရှိရာ နပိုလီယံသည် ပစ္စည်းများကို ရေကန်စပ်မှာပင် ပစ်ချရမည်ဖြစ်သည်။

သို့ရာတွင် မျက်မှောက်ရေကန်စပ်နေရာနှင့် ၁၈၁၂ ခုနှစ်က ရေကန်စပ်နေရာတို့မှာ မတူကြတော့။ ထို့ကြောင့် ရေကန်စပ်အဟောင်းရှိရာနေရာကို ရှာဖွေကြရမည်။ ရေကန်စပ်အဟောင်းတွေ့လျှင် မြေအောက်သတ္တုပစ္စည်းရှာဖွေရေးကိရိယာဖြင့် ရှာဖွေလိုက်လျှင် သေချာပေါက်တွေ့နိုင်မည် ဖြစ်သည်။

ရေများဝင်လာနိုင်လျှင် ဘေးမှ ရေကာတာတည်ဆောက်ပြီး ရေများကို စုပ်ထုတ်ပစ်လိုက်မည်။

အကယ်၍ရတနာများကို ကမ်းစပ်မှာပင် ပစ်ချခဲ့သည်ဆိုလျှင်မည်သည့်အကြောင်းကြောင့် ရေကန်အလယ်တွင် ရေကာတာပေါင် တည်ဆောက်ရှာဖွေခဲ့ကြသနည်း။ ထိုနည်းဖြင့် ရတနာများကို ရှာဖွေခဲ့သူကို သိရှိရန်လိုအပ်လာပေပြီ။

## အဘိုးကပ်ဇမာ၏ ဆိုစကား

သုတေသနပညာရှင်များသည် ကျေးရွာတွင်းသို့ ပြန်ခဲ့ကြသည်။ ရတနာများအကြောင်းသိနိုင်မည့်သူကို စုံစမ်းကြည့်ကြသည်။ ကျေးရွာသားများက အဘိုးကပ်ဇမာကို ညွှန်ပြကြသည်။

အဘိုးကပ်ဇမာ၏အမည်မှာ ကပ်ဇမာလာဗော့ဗ် ဖြစ်သည်။

နပိုလီယံ၏ရတနာများနှင့်ပတ်သက်၍ သိ–မသိ အဘိုးကပ်ဇမားအား မေးမြန်းကြည့်ကြသည်။ အဘိုးကပ်ဇမားသည်

ရေကန်အကြောင်း ကောင်းကောင်းသိသူဖြစ်သည်။ သိလိုသမျှ ပြောပြနိုင်မည်ဟု ဆိုကြသည်။

အဘိုးကပ်ဇမာက ရေကန်၏ ကမ်းစပ်ဟောင်းကို ပြပေးရန် သဘောတူသည်။ သုတေသနပညာရှင်များသည် အဘိုးကပ်ဇမာနှင့်အတူ ရေကန်စပ်ကိုပတ်ကြည့်ကြသည်။ မောလျှင် ထိုင်ပြီး နားလိုက်ကြသည်။

အဘိုးကပ်ဇမာ၏အဆိုအရ ရတနာများကို ရှာဖွေကြသူများမှာ များလှပြီဖြစ်သည်။

ရေကန်အလယ်မှ သစ်သား ရေကာတာပေါင်ကြီး အကြောင်းကိုလည်း အဘိုးကပ်ဇမာကပြောပြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ခန့်က မြေပိုင်ရှင်ကြီးတစ်ဦးဖြစ်သူ ရှာဂါရော့ဗ်သည် ယင်းရေကာတာပေါင်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေများကိုစုပ်ထုတ်ပြီး မြေသားပေါ်လာသည့်အခါ ရှာဖွေလိုသမျှ ရှာခဲ့ကြသည်။ တစ်နေရာမတွေ့လျှင် အခြားတစ်နေရာသို့ ပြောင်းရှာကြသည်။ သို့ရာတွင် ဘာမျှမတွေ့ခဲ့ဟု အဘိုးကပ်ဇမာက ဆိုလေသည်။

ရေကန်ထဲတွင် ရတနာများ အမှန်တကယ်ပင်ရှိသည်။ အဘိုးကပ်ဇမာငယ်စဉ် ကလေးဘဝက ထိုရတနာများအကြောင်းကို သူ့ဘိုးဘေးကြီးတစ်ဦးက ပြောပြခဲ့ဖူးသည်။ သူ့ဘိုးဘေးကြီးမှာ အသက် ၁၁၃ နှစ်အရွယ်တွင်မှ ကွယ်လွန်သွားခဲ့သည်ဟုဆိုလေသည်။

ထို့ပြင် အဘိုးကပ်ဇမာ၏အဆိုအရ ပြင်သစ်များသည်





ရတနာများပါရှိသည့် အိတ်များကို ရေခဲပြင်တွင် တွင်းများတူးပြီး ပစ်ချခဲ့ကြသည်ဟုဆိုလေသည်။

အဘိုးကပ်ဇမာ၏စကားကြောင့် သုတေသနပညာရှင်များမှာ အခက်ကြုံကြရပြန်သည်။

## ရေခဲပြင် သို့မဟုတ် ရေပြင်

မြေပိုင်ရှင်ကြီး ရှာဂါရော့ဗ်သည် ရေကန်အလယ်တွင် ရတနာများရှာဖွေခြင်းမှာ သူ့တွင် ခိုင်လုံသည့်အကြောင်းရင်း ရှိရမည်။

ထို့ပြင် ၁၈၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့က ယင်းရေကန်၏ရေပြင် ရေခဲခြင်းရှိ–မရှိ လေ့လာရန်လိုအပ်လာသည်။

သုတေသနပညာရှင်များသည် မော်စကိုမြို့သို့ ပြန်ရောက်ကြသည့်အခါ အထောက်အထားအကိုးအကားများ ရှာဖွေလေ့လာကြရတော့သည်။ စာရေးဆရာကြီး လက်ဗ်လီယိုတော်စတွိုင်း၏ "စစ်နှင့်ငြိမ်းချမ်းရေး"စာအုပ်ကို လေ့လာကြသည်။

ထိုအချိန်က စက်တင်ဘာလတွင် ထူးခြားနွေးထွေးနေသည်။ နေသာသည်။ အောက်တိုဘာလမှာ ကောင်းကင်ကြည်လင်ပြီး ခြောက်သွေ့နေကြောင်းသိကြရသည်။ နိုဝင်ဘာလတွင် မိုးစရွာပြီး အအေးပိုလာသည်။

သို့ရာတွင် ထိုအချိန် နိုဝင်ဘာလ ၂ ရက်နေ့က ဆမ်လ်ယိုဗို၏အပူချိန်ကိုသိရှိရန်ကားမလွယ်။

ရုရှားသမိုင်းပညာရှင်များက ထိုအချိန်တွင် "အနည်းငယ်

အေးလာပြီ”ဟု ရေးသားကြသည်။ ပြင်သစ်တို့အဆိုအရမူ “ဆိုးဆိုးရွားရွား အပြင်းအထန်အေးနေပြီ”ဟု ဆိုလေသည်။

ဗိုလ်ချုပ် ဘောဂ်ဒါနိုဗစ်ချ်၏ ရေးသားဖော်ပြထားသည့် မှတ်တမ်းတွင်မူ “ပြင်သစ်တပ်များ ဗာလက်ဇမာသို့ ဆုတ်ခွာကြချိန်တွင် ညအပူချိန်မှာ ရေခဲအမှတ်အောက် လေးဒီဂရီမှ ငါးဒီဂရီသို့ ကျဆင်းနေသည်ဟုဆိုသည်။ အောက်တိုဘာလ ၂၇ ရက်၊ ၂၈ ရက်နေ့များတွင် အပူချိန်မှာ ရေခဲအမှတ် လေးဒီဂရီထိ ရောက်ရှိနေသည်ဟု ဖော်ပြထားသည်။

ပြင်သစ်ဗိုလ်ချုပ်ကြီးတစ်ဦး၏ နေ့စဉ်မှတ်တမ်းတွင်မူ အောက်တိုဘာ ၃၁ ရက်နေ့တွင် နပိုလီယံသည် သားမွေးဦးထုပ်ကိုဆောင်းထားသည်။ အစိမ်းရောင်သားမွေးအင်္ကျီကို ဝတ်ဆင်ထားသည်။ ရာသီဥတုအေးပြီး ခြောက်သွေ့နေသည်ဟု ဖော်ပြထားသည်။

နိုဝင်ဘာလ ၂ ရက်နေ့ည ဆမ်လ်ယိုဗိုဏ် အပူချိန်ကို အတိအကျတွေ့ရှိခြင်းကားမရှိ။ သို့ရာတွင် အောက်တိုဘာလ ၂၈ ရက်နေ့တွင် အပူချိန်မှာ ရေခဲအမှတ်အောက် လေးဒီဂရီအထိရှိနေခဲ့လျှင် နိုဝင်ဘာလ ၁၀ ရက်ခန့်တွင် အပူချိန်မှာ ရေခဲအမှတ်အောက် ၁၆ ဒီဂရီထက်ပင် ပိုနိုင်လေသည်။

ထို့ကြောင့် အဘိုးကပ်ဇမာ၏ ဆိုစကားမှာ မှန်သည်ဟု ယူဆနိုင်သည်။ ရေကန်ထဲသို့ပစ္စည်းများပစ်ချနိုင်ရန် ပြင်သစ်များသည် ရေခဲများကို တူးဖောက်ပြီးမှ ပစ်ချရမည်ဖြစ်လေသည်။





**ရေကန်ကို အသေအချာရှာဖွေမည်**

သုတေသနပညာရှင်များအဖွဲ့တွင် ဗိုလ်မှူးကြီး ဆဗစ်စတူနော့ဗ်ဦးဆောင်သည့် အင်ဂျင်နီယာတပ်ဖွဲ့များ ပါရှိလာသည်။

ဆမ်လ်ယိုဗိုသို့ ရောက်လျှင်ရောက်ချင်း လုပ်ငန်းစကြတော့သည်။ ဗိုလ်ကြီး နီကိုလိုင်မီဆီယက်ဗ်နှင့် ဗိုလ်ကြီး ဗလာဒီမာကော့စတင်ကိုတို့က ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစေပြီး လမ်းဖောက်ကြသည်။ ရှာဖွေနေရာများကို စတုရန်းပုံသတ်မှတ်ပြီး တစ်နေရာပြီးတစ်နေရာ ခေတ်မီရှာဖွေရေးကိရိယာများဖြင့် ရှာဖွေကြသည်။ သို့ရာတွင် ရှာဖွေရေးကိရိယာကမည်သို့မျှ အချက်မပြ။

ရေကန်၏ ကမ်းစပ်ဟောင်းတစ်လျှောက်တွင် ဝိုင်ယာကြိုးဖြင့် ရေအနက်ကို တိုင်းတာကြည့်ကြသည်။

ကမ်းစပ်မှာပင် ရေမှာနက်လှသည်။ ရေကန်အောက်ခြေကြမ်းပြင်ရောက်ရှိသည်အထိ ရှာဖွေရေးကိရိယာများဖြင့် စမ်းသပ်ရှာဖွေရန်ကား ခက်လှသည်။

သို့ရာတွင် ရှာဖွေရေးအဖွဲ့သည် ဖွဲ့မလျှော့၊ ယခုတစ်ကြိမ်မအောင်မြင်လျှင် နောက်တစ်ကြိမ်ထပ်မံကြိုးစားကြည့်ကြဦးမည်ဖြစ်သည်။

ရေကန်အတွင်း နပိုလီယံ၏ရတနာများရှိနေသည်ကား အမှန်ပင်ဟုဆိုကြသည်။ သုတေသနပညာရှင်များပါဝင်သော

ရှာဖွေရေးအဖွဲ့ဝင်များသည် အခြားရတနာသိုက် တူးဖော်ရှာဖွေသူများကဲ့သို့မဟုတ်။

အကယ်၍ ရေကန်အတွင်းမှ နပိုလီယံ၏ ရတနာများကို ရှာဖွေတွေ့ရှိခဲ့လျှင် မော်စကိုမြို့သို့ ပြန်လည်သယ်ဆောင်လာကြမည်။ မော်စကိုမြို့တော်ရှိပြတိုက်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ရတနာများအဖြစ် ပြထားလိုကြသည်ဟု ဆိုလေသည်။

❋



# အာဂါသာခရစ္စတီး ပျောက်ဆုံးမှုကြီး

ကမ္ဘာကျော် မှုခင်းစာရေးဆရာမကြီး အာဂါသာခရစ္စတီး (Agatha Christie)သည် စာရေးသက် နှစ်(၅၀)အတွင်း စာအုပ်သန်းပေါင်းများစွာ ထုတ်ဝေခဲ့သူဖြစ်သည်။ သို့သော် (၁၉၇၆) ခုနှစ်တွင် ဆရာမကြီးကွယ်လွန်သည်အထိ သူမ၏ဘဝမှ ပြဿနာဖြစ်ခဲ့သော (၁၁)ရက်ကာလကို အဖြေပေးမသွားနိုင်ခဲ့ချေ။

နာမည်ကျော် မှုခင်းစာရေးဆရာမကြီး အာဂါသာခရစ္စတီးသည် စုံထောက်ဝတ္ထုများကိုရေးသား၍ ထင်ပေါ်ကျော်ကြားစပြုချိန် (၁၉၆၂)ခုနှစ်တွင် သူသည် နေအိမ်မှ (၁၁)ရက်ကြာတိတိ ပျောက်ဆုံးသွားခဲ့ဖူးသည်။ သူပျောက်ဆုံးနေစဉ်အတွင်း သူ့ဖြစ်ရပ်မှာလည်း ထူးဆန်းအံ့သြဖွယ်ကောင်းလှသည်။ သတင်းစာကြီးများတွင် 'ဆရာမကြီး ခရစ္စတီး အသတ်ခံရပြီလား၊ ပြန်ပေးဆွဲထားခံရသလား' စသည်ဖြင့် ထင်ရာမြင်ရာ

ရေးသားခဲ့ကြသည်။ ရဲအဖွဲ့ကြီးကလည်း သူ့ကိုပြန်လည်ရှာဖွေ တွေ့ရှိနိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့ကြသည်။ သို့ရာတွင် မတွေ့ခဲ့ကြချေ။

**အာဂါသာခရစ္စတီး၏ဘဝ**

လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်ကာလအတွင်း ဗြိတိသျှ မှုခင်းရေးဆရာများအနက် 'အာဂါသာခရစ္စတီး'သည် နာမည် အကျော်ကြားဆုံး၊ အောင်မြင်မှုအရဆုံး စာရေးဆရာမကြီး ဖြစ်သည်။

(၁၈၉၀)ပြည့်နှစ်တွင် အာဂါသာခရစ္စတီးကို မွေးဖွားခဲ့သည်။ သူ၏ဖခင်မှာ အမေရိကန်လူမျိုးဖြစ်ပြီး သူ့အသက်(၁၁)နှစ် အရွယ်တွင် ဖခင်ကွယ်လွန်သွားခဲ့သည်။

အာဂါသာခရစ္စတီးသည် ချမ်းသာသောမျိုးရိုးမှ ဆင်းသက် ခဲ့သော်လည်း ပညာကို ကောင်းစွာသင်ကြားခွင့်မရခဲ့။ သို့ရာတွင် ခရစ္စတီးသည် စာအုပ်များအကြားတွင် ကြီးပြင်းခဲ့ရသည်။ သူ နေထိုင်ခဲ့ရသော အိမ်တစ်ခုလုံးမှာ စာအုပ်များနှင့် ပြည့်လျှံ နေသောကြောင့်ဖြစ်၏။

(၁၉၁၄) ခုနှစ်တွင် ဗြိတိသျှဘုရင့်လေတပ်မှ ဗိုလ်မှူးကြီး တစ်ဦးနှင့် အိမ်ထောင်ကျသည်။ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးကို ခရစ္စတီးက အလွန်ချစ်မြတ်နိုးသည်။ (၁၉၁၉)ခုနှစ်တွင် သမီး လေး ရိုစ်လင်းကိုမွေးခဲ့သည်။ ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီး





စစ်ထွက်နေစဉ် ခရစ္စတီးသည် သူနာပြု၊ ဆေးစပ်ဆရာသင်တန်း ကို တက်ရောက်ခဲ့သည်။ ယင်းပညာကိုအခြေခံပြီး နောင်အခါ တွင် ထူးခြားဆန်းကြယ်သည့် ဆေးဝါးဗေဒကို အခြေခံသော ဝတ္ထုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။

**အာဂါသာခရစ္စတီး၏ ကျော်ကြားသောဝတ္ထုများ**

အာဂါသာခရစ္စတီးသည် အသက်(၁၈)နှစ်အရွယ်တွင် စာကိုစတင်ရေးသားခဲ့သည်။ သို့ရာတွင် သူ၏ ပထမဆုံးဝတ္ထု တို့ကို စတင်ရေးသားခဲ့ပြီး (၁၆)နှစ်အကြာတွင်မှ ပုံနှိပ်ထုတ်ဝေ ခဲ့ရသည်။ (၁၉၂၀)ပြည့်နှစ်တွင် သူ၏ပထမဆုံးလုံးချင်းဝတ္ထု (The Mysterious Affair at Styles) ထွက်ပေါ်လာခဲ့သည်။

စာရေးဆရာမကြီး အာဂါသာခရစ္စတီး၏ဘဝတွင် မှုခင်း နှင့်ပတ်သက်၍ လုံးချင်းဝတ္ထု၊ ဆောင်းပါး၊ ဝတ္ထုတိုနှင့် ပြဇာတ် စသည်တို့ကို မြောက်မြားစွာ ရေးသားထုတ်ဝေခဲ့ရာ သူ့စာအုပ် များမှာ အလွန်လူကြိုက်များပြီး အရောင်းသွက်လှသည်။ ဆရာမကြီးသည် မှုခင်းဝတ္ထု(၇၈)ပုဒ်၊ ပြဇာတ်ပုဒ်ရေ (၂၀)၊ ရိုးရိုးဝတ္ထုစာအုပ်(၄)အုပ်၊ ဝတ္ထုတို(၁၅၀)ပုဒ်တို့ကို ရေးသားခဲ့သည်။

ယခုအခါ ဆရာမကြီး အာဂါသာခရစ္စတီး၏ ဝတ္ထုများမှာ ဗြိတိန်နိုင်ငံတွင် အုပ်ရေသန်းတစ်ထောင်ကျော် ရောင်းချခဲ့ပြီး ဖြစ်သည်။ အလားတူပင် ကမ္ဘာတစ်ဝန်းတွင်လည်း အုပ်ရေသန်း တစ်ထောင်ကျော်ကို ဘာသာစကား (၆၃)မျိုးဖြင့် ထုတ်ဝေခဲ့ရပြီး

ဖြစ်သည်။ ဆရာမကြီး၏ ဝတ္ထုများအနက် 'Murder On the Orient Express' (အိုရီးယင့် အမြန်ရထားပေါ်မှ လူသတ်မှု) နှင့် 'Death On the Nile' (နိုင်းမြစ်ပေါ် သေဆုံးမှု)တို့မှာ နာမည်ကျော်ကြားသည်။

## အိမ်တွင်းရေးအဆင်မပြေမှုများ

(၁၉၂၄) ခုနှစ်တွင် အာဂါသာခရစ္စတီးသည် လန်ဒန်မြို့အနီးတွင် အိမ်တစ်လုံးဝယ်ယူနေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် အိမ်ထိန်းသိမ်းပြုပြင်စရိတ် များပြားလွန်းသဖြင့် မတတ်စွမ်းနိုင်အောင်ဖြစ်ခဲ့ရသည်။ အိမ်တွင်းရေးအဆင်မပြေမှုများနှင့် ကြုံခဲ့ရသည်။ ခင်ပွန်းဖြစ်သူသည် လေတပ်မတော်မှ အနားယူခဲ့ပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ မအောင်မြင်ဘဲ ဆုံးရှုံးခဲ့သည်။

ထိုအချိန်မှစ၍ အာဂါသာခရစ္စတီးအဖို့ ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးဝင်ခဲ့သည်ဟုဆိုနိုင်သည်။ ထိုစဉ်မှာပင် သူ့မိခင်ကြီးကွယ်လွန်အနိစ္စရောက်ခဲ့သည်။ အာဂါသာရခစ္စတီးအဖို့ အကြွေးတင်၊ မိခင်ဆုံး၊ ခင်ပွန်းဖြစ်သူ၏ စီးပွားရေးလုပ်ငန်း မကောင်းမွန်၍ အထောက်အကူမရသည့်အဖြစ်မျိုးဖြင့် ကြုံတော့သည်။ ထိုသို့ ခရစ္စတီးတစ်ယောက် အရှုံးမိုးဖြစ်နေစဉ်မှာပင် ခင်ပွန်းဖြစ်သူသည် မိန်းကလေးတစ်ဦးနှင့် ချစ်ကျွမ်းဝင်နေကြောင်း ကြားသိလိုက်ရပြန်သည်။ ထိုအခါ ခရစ္စတီးသည် ဒုက္ခဝန်ထုပ်ကြီးကို ရွက်မထားနိုင်တော့ဟု ဆိုရမည်ဖြစ်သည်။





## ထူးဆန်းစွာပျောက်သွားသော အာဂါသာခရစ္စတီး

အာဂါသာခရစ္စတီးသည် စိတ်ဝေဒနာ အပြင်းအထန် ခံစားနေရသည်။ ရာသီဥတုအလွန်အေးမြသောကာလ (၁၉၂၄) ခုနှစ်၊ ဒီဇင်ဘာ (၃)ရက်၊ သောကြာနေ့ ညဦးပိုင်းတွင် နေအိမ်မှ ပျောက်ချင်းမလှ ပျောက်သွားခဲ့သည်။ မိသားစုများနှင့် မိတ်ဆွေသင်္ဂဟအားလုံး ဗျာများကြရတော့သည်။ ဘယ်အရပ်၊ ဘယ်ဒေသဆီသို့ ထွက်သွားသည်မသိ။ ဘာဖြစ်မှန်းမသိ။ မိသားစုတို့မှာ နေမထိထိုင်မသာ ဖြစ်ကြရတော့သည်။

သတင်းစာ၊ ဂျာနယ်လောကမှ သတင်းထောက်များလည်း အာဂါသာခရစ္စတီး ပျောက်ဆုံးမှုအတွက် အလုပ်များကုန်ကြသည်။ ခရစ္စတီး၏သမီးခမျာ ကျောင်းသွားလျှင် ရဲအစောင့်အရှောက်ဖြင့်သွားနေရသည်။ ခရစ္စတီး ပျောက်ဆုံးမှုမှာ ထူးဆန်းလှသည်။

နောက်တစ်နေ့နံနက်တွင် နေအိမ်မှ အတန်ငယ်ဝေးသောတစ်နေရာတွင် အာဂါသာခရစ္စတီး၏ မော်တော်ကားကို အလွန်နက်သော ချောက်ထဲကျနေသည်ကို တွေ့ကြရသည်။ သူ့ကိုမူ ရှာမတွေ့။ သူဝတ်ဆင်ခဲ့သော အနွေးအင်္ကျီကြီးမှာ ကားထဲတွင် ကျန်ခဲ့သည်။ ကားမှာ ရေကန်စပ်အနီးတွင်ရှိသည်။ ထို့ကြောင့် ရေကန်ထဲမှ ရေများကို ခပ်ထုတ်ပစ်ကြသည်။ ရေများ ကုန်ခန်းသွားသော်လည်း ဘာမျှမတွေ့ရ။ ရဲအဖွဲ့ဝင် လူတစ်ရာကျော်၊ အရပ်သား လုပ်အားပေးတစ်ရာကျော်နှင့် ဝိုင်းရှာကြသည်။ အနီးအနားရှိ သစ်ပင်ချုံပုတ်များကို ခုတ်ထွင်ရှာဖွေကြည့်ကြ

သည်။ မည်သို့မျှ အကြောင်းမထူး။ စာရေးဆရာမကြီး ဤသို့ ထူးဆန်းစွာ ပျောက်ကွယ်သွားသည့်သတင်းမှာ သတင်းစာများ တွင် ပါလာပြီး နာမည်ကျော်သွားသည်။

နောက်ဆုံးတွင် စာရေးဆရာမကြီးမှာ သူ့ကိုယ်သူ သတ် သေသွားပြီဟု သတင်းထွက်လာသည်။ သို့ရာတွင် အလောင်းကိုမူ ရှာမတွေ့ကြ။ အာဂါသာခရစ္စတီး၏ ခင်ပွန်းဖြစ်သူကမူ သူ့ဇနီး အသတ်ခံရပြီး အလောင်းကို ဖျောက်ဖျက်ခြင်းခံရပြီဟု ယူဆထား သည်။ ဘယ်ကိုလိုက်၍ ဘယ်မှာရှာရမည်ကို မသိကြ။

အာဂါသာခရစ္စတီး နိုင်ငံခြားထွက်သွားပြီဟုလည်း ပြော သူကပြောကြသည်။ နာမည်ကျော် စာရေးဆရာမကြီးမို့ လူအများ လှုပ်လှုပ်ရှားရှားဖြစ်ပြီး စိတ်ဝင်စားအောင် 'စတန့်' လုပ်ပြသည် ဟုလည်း အချို့ကဝေဖန်ကြသည်။ ဤသို့ဖြင့် အာဂါသာခရစ္စတီး ပျောက်ဆုံးနေသည်မှာ (၁၁)ရက်တိုင် ကြာသွားခဲ့ရသည်။

## ပြန်တွေ့ပြီ

နိုင်ငံနှင့်အဝန်း စိတ်ဝင်စားသော အာဂါသာခရစ္စတီး ပျောက်ဆုံးနေသော သတင်းဖြစ်ပေါ်နေစဉ် နေအိမ်မှ မိုင်ပေါင်း (၂၅၀)ကျော်ဝေးကွာသော မြောက်ယောကရှိုင်းယားနယ်၊ ဟာဂိုဂိတ် မြို့ရှိဟိုတယ်တစ်ခုတွင် အာဂါသာခရစ္စတီးကို ပြန်တွေ့ခဲ့ကြ သည်။ သို့ရာတွင် 'အာဂါသာခရစ္စတီး'ဟူသော အမည်ဖြင့် မဟုတ်ပေ။ 'မစ္စက်ထရီဆာနယ်လီ'ဟူသော မိန်းမပျိုအမည်ဖြင့် ဟိုတယ်တွင် တည်းခိုနေခြင်းဖြစ်သည်။ ထိုအမည်မှာ ခရစ္စတီး





၏ ခင်ပွန်းဖြစ်သူဗိုလ်မှူးကြီး(အငြိမ်းစား)၏ ဇနီးလောင်းအမည် ဖြစ်သည်။ သူသည် တောင်အာဖရိကတိုက်မှ လာခဲ့သည်ဟု ဆိုသည်။

ပထမတွင် ဟိုတယ်ဝန်ထမ်းများနှင့် အခြားသူများက အာဂါသာခရစ္စတီးမှန်းမသိကြ။ အာဂါသာခရစ္စတီး ပျောက်ဆုံး သည့်သတင်းကို ဖော်ပြထားသည့် သတင်းစာများကို အာဂါသာ ခရစ္စတီးကိုယ်တိုင် ဖတ်ကြည့်နေတတ်သည်။ သတင်းစာထဲတွင် သူ့ဓာတ်ပုံပါသော်လည်း မည်သို့မျှထူးခြားဟန်မပြ။ ဟိုတယ် စာရေးမတစ်ဦးက သူ့ရုပ်ကိုမြင်လိုက်ရာ ပျောက်ကွယ်နေသော စာရေးဆရာမကြီး အာဂါသာခရစ္စတီးဖြစ်သည်ကို သတိပြုမိ သည်။ ထို့ကြောင့် သက်ဆိုင်ရာရဲအဖွဲ့မှတစ်ဆင့် သူ၏ခင်ပွန်း ဗိုလ်မှူးကြီးကို ခေါ်စေသည်။ ဗိုလ်မှူးကြီးက အဆိုပါ မိန်းမပျို မှာ သူ၏ဇနီးအစစ် အာဂါသာခရစ္စတီးဖြစ်ပါသည်ဟု ဝန်ခံ သည်။

ဗိုလ်မှူးကြီး ဟိုတယ်သို့လိုက်လာရာ အာဂါသာခရစ္စတီး က ဗိုလ်မှူးကြီးကို စကားမပြော၊ အရေးမစိုက်။ စိတ်ဆိုး၊ စိတ် ကောက်၍ ဟုတ်ဟန်မတူ။ အာဂါသာခရစ္စတီးက ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးကို လုံးဝမမှတ်မိတော့ဟုဆိုသည်။

ဤတွင် ပြဿနာက ပို၍ကြီးထွားလာသည်။ စာရေး ဆရာမကြီးကို ရဲအားအလုပ်ရှုပ်စေမှုနှင့် လျော်ကြေးငွေ ပေါင် (၃၀၀၀)တောင်းခံသည်။ လူထုကလည်း သူ့ကို ထင်ပေါ်ကျော် ကြားသည်ထက်ကျော်ကြားအောင် စတန့်ထွင်သည်ဟု ဆိုကြသည်။

အမှန်တော့ အာဂါသာခရစ္စတီးသည် အတိတ်ကိုမေ့သွားသည့် ဝေဒနာတစ်မျိုး ခံစားရဟန်ရှိသည်ဟု သမားတော်ကြီးများက ဖွင့်ဆိုကြသည်။ ဤသို့ဖြင့် ခင်ပွန်းဖြစ်သူ ဗိုလ်မှူးကြီးက အာဂါသာခရစ္စတီးကို အေးဆေးငြိမ်သက်စွာဖြင့် ပြုစုထားခဲ့ရသည်။ အာဂါသာခရစ္စတီး၏ ညီမဖြစ်သူ မက်ဂီ၏အိမ်တွင်ထားရှိပြီး ဆေးဝါးကုသပေးခဲ့ရသည်။

နောက်နှစ်နှစ်အကြာတွင် သူနှင့် ဗိုလ်မှူးကြီးတို့ ကွဲသွားကြသည်။ ကွဲပြီးလေးနှစ်အကြာတွင် အာဂါသာခရစ္စတီးသည် မက်မော်လိုဝန်း (Max Mallowan)ဆိုသူနှင့် လက်ထပ်ခဲ့သည်။ မက်မော်လိုဝန်းသည် သူ့ထက် (၁၅)နှစ်ငယ်သည်။

အာဂါသာခရစ္စတီး၏ ပင်ကိုသဘာဝမှာ အေးအေးဆေးဆေးနေတတ်သည်။ လူအများရှေ့မှောက်ထွက်ခဲသည်။ လူတွေ့မေးမြန်းမှုများကိုလည်း မလုပ်ဆောင်ခဲ့။

နောက်ပိုင်းကာလတွင် အာဂါသာခရစ္စတီး ပျောက်ကွယ်သွားခဲ့သော (၁၁)ရက်အကြောင်းကို သတင်းထောက်များက သူ့ကိုဝိုင်းမေးကြသောအခါ သူ့ခမျာ တိကျသောအဖြေကို မပေးနိုင်ခဲ့ချေ။ သူသည် ထိုအချိန်က စိတ်ရှုးပေါက်သလိုဖြစ်သွားပြီး သွားမိသွားရာ သွားခဲ့ဟန်ဖြစ်သည်ဟုသာ အဖြေရသည်။

* ဤသို့ဆိုလျှင် သူဟိုတယ်သို့ ဝတ်ဆင်လာသော အဖိုးတန်အဝတ်အစားများကို မည်သည့်ငွေဖြင့် ဝယ်ခဲ့သနည်း။
* သူ၏ခင်ပွန်း သူ့အပေါ် စိတ်ပြန်လည်လာစေရန် စတန့်ထွင်ခြင်းလော။





* သူ့ယောကျ်ားကို ဖောက်ပြားနေသူအဖြစ် လူများသိစေရန် ပြုလုပ်ခြင်းလော...

ပ သော မေးခွန်းများ ထွက်ပေါ်လာသည်။

သူကိုယ်တိုင် အဆိုပါ (၁၁)ရက်အတွင်း 'ဘယ်ကိုသွားခဲ့ င ဘာတွေလုပ်ခဲ့မိသည်ကို မသိရပါ'ဟုသာဆိုနေသည်။ ဂမ္ဘီရ ဆ ဆန် အတွေးနယ်ချဲ့ခဲ့ကြသူများ အဖြေရှာမတွေ့ခဲ့ကြချေ။ ယခုအခါ အဆိုပါပုဂ္ဂိုလ်တွေအားလုံး ကွယ်လွန်ခဲ့ကြပြီ။ အဖြေမှန်ကို ပေးနိုင်မည့်သူ မရှိတော့ပါ။

အာဂါသာခရစ္စတီး ရေးသားခဲ့သော စုံထောက်စာအုပ်များမှာ နိုင်ငံတကာဘာသာမျိုးစုံဖြင့် ပြန်ဆိုရသည်အထိ ကျော်ကြားမှုရခဲ့သည်။ သူ၏စာအုပ်များသည် ရှိတ်စပီးယား၏ စာအုပ်များထက်ပင် ကမ္ဘာမှာကျော်ကြားနေသေးသည်။ ယခုအခါ သူ၏စာအုပ် အုပ်ရေ သန်းတစ်ထောင်ကျော်ရိုက်နှိပ်ပြီးပြီဟုဆိုသည်။ သို့သော် သူ၏ဘဝထဲမှ (၁၁)ရက်ကိုမူ အဖြေရှာမရဘဲဖြစ်နေဆဲပင်။

### အာဂါသာမော်လိုဝန်း

(၁၉၇၆) ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် အာဂါသာခရစ္စတီးကွယ်လွန်ခဲ့သည်။ သူ မကွယ်လွန်မီက ကြိုတင်မှာကြားချက်အရ သူ၏အုတ်ဂူတွင် အမည်ကမ္ပည်းထိုးထားရာ၌ 'အာဂါသာမော်လိုဝန်း' (Ageatha Mallowan)ဟု ရေးထိုးခဲ့ရသည်။

တစ်နည်းအားဖြင့် စာဖတ်ပရိသတ်များက ချစ်မြတ်နိုးကြသော 'အာဂါသာခရစ္စတီး' ဟူသော အမည်ကို သုံငြင်းပယ်ခဲ့လေသည်။

Ref:

(1) The World Greatest Mysteries.
(2) Agatha's lost eleven days, Bangkok Post, 6-4-97

❄



ကမ္ဘာကျော်
မှုခင်းစာရေးဆရာမကြီး
အာဂါသာခရစ္စတီး

# ဆာအာသာကိုနင်ဒွိုင်းနှင့် နာမ်လောက

ဆာအာသာကိုနင်ဒွိုင်းကို ကမ္ဘာကျော် စာရေးဆရာကြီး၊ ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကိုဖန်တီးသူ ပုဂ္ဂိုလ်ကြီး အဖြစ် လူသိသူသိများကြပါ၏။ သို့ရာတွင် သူ့ကို နာမ်လောက လေ့လာသူ၊ မှော်အတတ်ပညာ လေ့လာလိုက်စားသောသူ ဖြစ်ကြောင်းကိုမူ သိသူနည်းပေလိမ့်မည်။

ကိုနင်းဒွိုင်း (Arthur Conan Doyel) သည် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်ပြီး သူ့ကို ၁၈၅၉ ခုနှစ် မေလ (၂၂) ရက်နေ့တွင် စကော့တလန်ပြည်နယ်၊ အီဗင်ဘာရာမြို့၌ ဖွားမြင်ခဲ့၏။ သူ၏ဖခင် ချားလစ်ဒွိုင်းသည် အနုပညာရှင်တစ်ဦးဖြစ်၏။ သူ၏ဦးလေး ရစ်ချဒ်ဒွိုင်းမှာ ပန်းချီကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ ကမ္ဘာကျော် Punchပန့်(ချ်)ဂျာနယ် မျက်နှာဖုံးရေးဆွဲသူဖြစ်သည်။

ကိုနင်ဒွိုင်းသည် ဖခင်၊ ဦးလေးတို့၏ အသက်မွေးမှုလိုင်းမှ ခွဲထွက်ပြီး ဆေးပညာကိုသင်ယူခဲ့လေသည်။ သူသည် ၁၈၈၃

ခုနှစ်တွင် ဆီဒင်ဘာရာတက္ကသိုလ်မှ ဆေးပညာဘွဲ့ အမ်၊ဘီ ဘွဲ့ ရရှိခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် အမ်ဒီဘွဲ့ကိုရရှိခဲ့ပြန်သည်။ ၁၈၈၂ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ ဆောက်ဆီးမြို့တွင် ဆရာဝန်လုပ်ခဲ့၏။ သူသည် ဆရာဝန်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုလုပ်ခဲ့သော်လည်း စာရေးခြင်း၊ စာဖတ်ခြင်းကို ဝါသနာထူးကဲစွာပါလှ၏။ ဤသို့ဖြင့် သူသည် ၁၈၈၈ ခုနှစ်၌ နောင်တွင်ထင်ရှားလာမည့် စုံထောက် ရှားလော့ဟုမ်းနှင့် အဖော် ဒေါက်တာ ဝပ်ဆင်တို့ကို ဇာတ်ကောင်အရာထားပြီး စုံထောက်ဝတ္ထုကို စတင်ပြီး ရေးသားလေသည်။

ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်းဝတ္ထုများမှာ ထူးထူးခြားခြားအောင်မြင်လှ၏။ စုံထောက်ဝတ္ထုသက်သက်မဟုတ်ဘဲ သဘာဝနှင့် နီးစပ်ခြင်း၊ အတွေးအခေါ်ပါခြင်း၊ ကျိုးကြောင်းဆက်စပ်မှုခိုင်မာအားကောင်းခြင်း၊ တင်ပြပုံကောင်းခြင်းစသော အားသာချက်များကြောင့်လည်း အောင်မြင်ကျော်ကြားခြင်းဖြစ်နိုင်လေသည်။ သူသည် ဝတ္ထုများကို ရသမြောက်အောင် ဆက်လက်ရေးဖွဲ့ရင်း နာမည်ကျော်ကြားထင်ရှားသော စာရေးဆရာတစ်ယောက်ဖြစ်လာ၏။ နောင်တွင် သူသည် ဆရာဝန်အလုပ်ကိုစွန့်ပြီး စာရေးဆရာဘဝသို့ လုံးဝကူးပြောင်းခံယူလိုက်လေသည်။

အမှန်စင်စစ် ဒွိုင်းသည် စာရေးဆရာသက်သက်၊ ဆရာဝန်သက်သက်မှသာမဟုတ်ချေ။ သူသည် စစ်မြေပြင်ဆရာဝန်အဖြစ်လည်း အမှုထမ်းခဲ့ပြီး ခါးသီးသောစစ်၏ အနိဋ္ဌာရုံများကို





တွေ့ကြုံခဲ့ရလေသည်။ သူသည် ၁၈၉၉ ခုနှစ်၊ ၁၉၀၂ ခုနှစ်အထိဖြစ်ပွားသော တောင်အာဖရိက ဗိုးဝါးစစ်ပွဲ (Boer War) ၌ ပါဝင်ခဲ့ရ၏။ သူသည် သူ၏ စစ်အတွေ့အကြုံများကို အခြေခံပြီး ဗိုးဝါးစစ်ပွဲအကြောင်း စစ်သမိုင်းစာအုပ်ကိုလည်း ရေးသားပြုစုခဲ့လေသည်။

ဒွိုင်းသည် စာပေဗဟုသုတ၊ ကိုယ်တွေ့ဗဟုသုတများကုံလုံကြွယ်ဝသူဖြစ်၏။ သို့ရာတွင် သူသည် ဘဝ၏ ကန့်သတ်မှုဘောင်ကို လေးစားသူဖြစ်၏။ သူဖန်တီးထုတ်လုပ်လိုက်သော ဇာတ်ကောင် ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့ကိုလည်း သူအလွန်လေးစား၏။ အဘယ်ကြောင့်ဆိုသော် သူသည် ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့ကို လူသားဆန်စွာ တွေးသင့်သမျှတွေးစေပြီး လုပ်သင့်သမျှကိုသာ ဝတ္ထုများထဲတွင် လုပ်စေခဲ့သောကြောင့်ဖြစ်၏။ ရှားလော့ဟုမ်း၏ ပါးစပ်ကိုငှားပြီး ဒွိုင်း၏ အတွေးအခေါ် ဒွိုင်း၏နိုင်ငံရေးအမြင်များ၊ ဒွိုင်း၏ခံစားချက်များကို မအော်ခိုင်းခဲ့ပေ။ သူ့အကန့်နှင့်သူ သန့်သန့်သာရေးဖွဲ့ခဲ့သောကြောင့် အလွန်အောင်မြင်ကျော်ကြားခဲ့လေသည်။ သူ၏ ဇာတ်ကောင် ဟုမ်းတစ်ယောက် အဘယ်လောက်များ လူသားဆန်ခဲ့သနည်းဟူမူကမ္ဘာကျော်စာဖတ်ပရိသတ်ကသာမက ဇာတိအင်္ဂလန်နိုင်ငံမှစာဖတ်ပရိသတ်များကပါ ဟုမ်းတစ်ယောက် ပြင်ပလောကတွင်တကယ်ထင်ရှားရှိနေသည်ဟု ထင်မြင်ယုံကြည်ခဲ့ကြလေသည်။

ဒွိုင်းသည် စစ်တို့၏သဘောကို စိတ်ဝင်စားပုံရ၏။ ထို့ကြောင့် နပိုလီယန်၏စစ်ပွဲများကို ဝတ္ထုတိုများအဖြစ် ရေးသား

ကာ ဆက်စပ်ပြီး 'ဗရီဂေဒီယာဂျရတ်၏ စွန့်စားခန်းများ' ဝတ္ထု အဖြစ် ထုတ်ဝေခဲ့လေသည်။ ထိုသို့သော စွန့်စားခန်းဝတ္ထုများကိုရေးရာ၌လည်း ဒွိုင်းသည် ကျိုးကြောင်း ဆင်ခြင်သဘောကို လက်ကိုင်ပြု၍ ယုတ္တိတန်အောင် ရေးသားတတ်သည့်အတွက် လူကြီးလူငယ်အားလုံးက စွဲလမ်းနှစ်ခြိုက်ကြ၏။ ဒွိုင်း၏ 'ပျောက်ဆုံးနေသောကမ္ဘာ' ဆိုသည့် ဝတ္ထုမှာလည်း ကမ္ဘာဦး သတ္တဝါကြီးများ၏ အလေ့အထကို သိပ္ပံနှင့်ယှဉ်ပြီး ကျိုးကြောင်း ဆင်ခြင်မှုသဘောများဖြင့် ရေးဖွဲ့ထားသည်ကို တွေ့နိုင်လေသည်။ ဒွိုင်းသည် ဝတ္ထုများအဖြစ် ပြဇာတ်များ၊ စစ်ပွဲများအကြောင်း ဆောင်းပါးအမြောက်အမြားရေးသားခဲ့၏။ ဒွိုင်းသည် ၁၉၀၂ ခုနှစ်တွင် 'ဆာ' ဘွဲ့ချီးမြှင့်ခြင်းခံရ၏။ ဒွိုင်းသည် နိုင်ငံရေးသိပ္ပံကိုလည်း အထူးလေ့လာပြီး ပေါက်မြောက်သူဖြစ်၏။ ထို့ထက် ထူးခြားပြီး လူသိနည်းလှသောအချက်မှာ ဒွိုင်းသည် နာမ်လောက၊ ပရလောကကို အထူးစိတ်ဝင်စားသူဖြစ်ပြီး နက်နက်ရှိုင်းရှိုင်း အသေးစိတ်လေ့လာခဲ့သူဖြစ်ခြင်းပင်ဖြစ်၏။ ဒွိုင်းသည် လျှို့ဝှက်ဆန်းကြယ် နာမ်လောကတွင် စန်းပွင့်ပြီး ဩဇာညောင်းနေပြီဖြစ်သော ဇာတ်ကောင် ရှားလော့ဟုမ်းကို သူအသုံးမချခဲ့ပါချေ။ ထို့ကြောင့် သူ့ကိုအနုပညာမာန်အပြည့်ရှိသော အနုပညာသမား ဟု ဆိုနိုင်ပေ၏။

ဒွိုင်းသည် နှစ်ပေါင်း ၃၀ လုံးလုံး ဝိညာဉ်လောကကို လေ့လာခဲ့လေ၏။ ဒွိုင်းက ထိုလေ့လာခဲ့သော နာမ်လောက၊ ပရလောကနှင့်ပတ်သက်၍ သူ၏အတွေးအမြင်နှင့် အတွေ့အကြုံ





များကို အခြေခံကာ 'ဝိညာဏဗေဒ၏ သမိုင်း' (History of Spiritualism) ဆိုသော စာအုပ်ထူကြီး ၂ အုပ်တွဲကို ရေးသား ပြုစုခဲ့လေသည်။ ထိုစာအုပ်နှစ်အုပ်မှာ လွန်စွာရှားပါးပြီး အဖိုးတန်လှ၏။ အထူးသဖြင့် နာမ်လောကကို ယုံကြည်သော သိပ္ပံပညာရှင်များ၊ ဂမ္ဘီရပညာကို ပြက်ရယ်ပြုချင်သည့် ခေတ်ပညာတတ်များ ဖတ်ရှုလေ့လာသင့်လေသည်။

ထိုကျမ်းကြီး ၂ ကျမ်းအဖြစ် 'ဖွင့်ဟမှုအသစ်' (The New Revelation) ကျမ်းကြီးမှာလည်း သူစုဆောင်းခဲ့သမျှ ဗဟုသုတများကို ဖွင့်လှစ်ဖော်ထုတ်ထားပေသည်။ 'ဝိညာဏဗေဒ သမိုင်း'ကျမ်းသည် ဆွီဒင်ဘောဂ် (Sweden boarg)၊ အက်ဒွပ် အားရမ်း (Edwond Irving)၊ ဒေးဗစ်ပေါ့ညီနောင်များ (Earenport Brothers)၊ ဟင်နရီစလိဒ်နှင့် ဒေါက်တာ မော့ငန်သစ် (Henry Slade and Dr. Monck) စသော ထူးဆန်း အံ့သြဖွယ်ပုဂ္ဂိုလ်ကြီးများအကြောင်း၊ ဝိညာဏလောကနှင့်ပတ်သက်၍ လေ့လာစစ်ဆေးတွေ့ရှိရချက်များပေါင်းချုပ်၊ နတ်ဝင်သည်များအကြောင်း၊ စိတ်ပညာသုတေသနလုပ်ငန်းများ၊ ဝိညာဉ်ကို ဓာတ်ပုံရိုက်သူအကြောင်း၊ ပြင်သစ်၊ ဂျာမန်နှင့် အီတာလျံမှ နာမ်လောကအကြောင်း၊ ဝိညာဏဗေဒနှင့် စစ်ပွဲအကြောင်း၊ သေပြီး နောင်ဘဝအကြောင်း စသည်တို့ကို တခမ်းတနား ရေးသားထားလေသည်။ မည်သည့်ခေတ်ကာလကမျှ ထိုကျမ်းမျိုးမပေါ်ခဲ့ဖူးသဖြင့် စာနယ်ဇင်းအချို့က ချီးကျူးဝေဖန်ခြင်းခံခဲ့ရလေသည်။

နိဂုံးချုပ်ဆိုရသော် ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးသူ စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းသည် နာမ်လောကကို အသေအချာ လေ့လာသွားခဲ့သူ၊ အမှန်တရားတွေ့ရှိသွားခဲ့သူ၊ ဂမ္ဘီရပညာရပ်များကို လေ့လာခဲ့သူ၊ သိပ္ပံပညာရှင်၊ ဆရာဝန်၊ အနုပညာရှင်ကြီးတစ်ဦးသာ ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

❉